
www.burmeseclassic.com



# ညနိုးရဖိုး

# ပန်းမှန်းတဲ့ ဥယျာဉ်

www.burmeseclassic.com

www.burmeseclassic.com

**ရွှန်းရမိမိုး**
**ပန်းမုန်းတဲ့ဥယျာဉ်**
၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ၊ ပထမအကြိမ်
**တန်ဖိုး**
၁၀၀ ကျပ်
**အုပ်ရေ**
၅၀၀
**မျက်နှာဖုံးဒီဇိုင်း**
ငြိမ်းသစ်အိမ်
၀၉၄၂၀၀၄၈၂၅၆
**ထုတ်ဝေသူ**
ဒေါ်ဝင်းမင်းအိ (၀၀၈၅၇) မှူးပြည့်သျှန်စာပေ
အမှတ်-၉/၁၁၊ ၈လွှာ(ဂ)၊ ဖေယျဝတီလမ်း(ဗဟိုလမ်းမ)
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
**ပုံနှိပ်သူ**
ဒေါ်လှလှစိန်. (၀၀၀၀၄) သီဂီရွှေစင်ပုံနှိပ်တိုက်
အမှတ်(၁၅၈)၊ (၃၁)လမ်း
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ရွှန်းရမိမိုး ၈၉၅.၈၃
ပန်းမုန်းတဲ့ဥယျာဉ် ရွှန်းရမိမိုး(ရန်ကုန်)
မှူးပြည့်သျှန်စာပေ၊ ၂၀၁၅
၂၄၀-စာ၊ ၅ x ၇ လက်မ။
ပန်းမုန်းတဲ့ဥယျာဉ်



"ဘာ"

သူ့အသံကြီး ကျယ်သွားလို့ ဆရာဝန်မတောင် လန့်ပြီး တုန်သွားသည်။

ဖေဖေချစ်လည်း မျက်နှာပျက်သွားသည်။

"ရှင်ကလည်း မိန်းမ ကိုယ်ဝန်ရှိတယ် ပြောတာများ အဲလောက်တောင် လန့်ရလားရှင်၊ တစ်ခါမှတောင် မကြုံဖူး ဘူး"

"ဒေါက်တာ မသိပါဘူးဗျာ"

ဖေဖေချစ်ကတော့ ခပ်တည်တည်ပဲ။ သူ ဒေါက်တာ့ ကို အားနာလို့ အပြင်လာခဲ့သည်။

"တောက်"

အခန်းအပြင်ဘက် ဝရန်တာမှာ သူ ဒေါသတွေ တော်တော်ထွက်နေသည်။ သူနဲ့ ဖေဖေချစ် လက်ထပ်ထားတာမှ တစ်လပဲ ရှိသေးသည်။


www.burmeseclassic.com

www.burmeseclassic.com



ဖေဖေချစ်မှာ ကိုယ်ဝန်ရှိနေသတဲ့။ ရှိတာတောင်မှ နှစ်လလောက်တောင် ရှိပြီဆိုပဲ။ ဖေဖေချစ်တို့ရဲ့ ယုတ်မာမှုကို ဖြုန်းခနဲ သိလိုက်ရလို့ သူ တော်တော် ဒေါသထွက်သွားသည်။

ဆရာဝန်မကို အားနာလို့ ဘာမှမပြောသာပဲ အပြင်ထွက်လာခဲ့တာပါ။ သူနဲ့ ဖေဖေချစ်က မိဘတွေ ပေးစားလို့ ယူခဲ့ရတာပါ။ မိဘပေးစားတာထက် ဖေဖေချစ်တို့ မိဘတွေက သူ့မိဘတွေအပေါ် ကျေးဇူးရှိသူတွေဆို ပိုမှန်ပါမည်။

သူတို့နှစ်ယောက်ကိစ္စကိုလည်း ဖေဖေချစ် မိဘတွေပဲ စ,ကမ်းလှမ်းတာပါ။ လူရင်းတွေမို့ ပွင့်ပွင့်လင်းလင်း ပြောတယ်ပဲ ထင်ခဲ့တာ။

ခုတော့ သူ့ကိုနွားလုပ်ခဲ့ကြတာ၊ တွေးလေ ဒေါသတွေ ထွက်လေပဲ။

ဆရာဝန်မ အခန်းထဲက ပြန်ထွက်ပြီး အောက်ထပ်ဆင်းသွားတာ သိသည်။ ခဏ ထပ်စောင့်နေလိုက်သည်။ ဆရာဝန်မကား ပြန်ထွက်သွားမှ သူ အခန်းထဲ ဝင်လာခဲ့သည်။

ဖေဖေချစ်က ရှူဆေးဘူး နှာခေါင်းပေါက်ဝတေ့ပြီး မှိန်းနေသည်။ ခုနကတော့ သူ သူမအတွက် စိုးရိမ်တကြီး အသိဆရာဝန်ကို ဖုန်းဆက်ပင့်ကာ ပျာယာခတ်နေခဲ့တာပါ။ ခုတော့ သူ့စိတ်တွေ အေးစက်မာခဲနေပြီ။

"ဖေဖေချစ်"





ချစ်လေးလို့ ချစ်စနိုးခေါ်ခဲ့တဲ့ ညားကာစမိန်းမကို ခါးခါးသီးသီး ခေါ်မိသည်။

"ဘာလဲ ကိုကို"

"မင်းမှာ ဘာမှ ပြောစရာမရှိဘူးလား... ဟမ်"

"ဘာပြောရမှာလဲ"

"ဟာ... မင်း တော်တော်ယုတ်မာတဲ့ မိန်းမပါလား။ မင်းနဲ့ငါ ညားတာ တစ်လပဲ ရှိသေးတယ်၊ အခု မင်းမှာ ကိုယ်ဝန်နှစ်လ၊ ရှင်း ... မင်း ရှင်းလေ"

"ဘာရှင်းစရာ ရှိလို့လဲ ကိုကို၊ ဖေဖေချစ်မှာ ကိုယ်ဝန်ရှိတယ်၊ ဒါ ဖေဖေချစ်ယောကျ်ားနဲ့ ရတဲ့ကိုယ်ဝန်ပေါ့၊ ခေါင်းမူးနေတယ်၊ ကိုကို ပြဿနာလာမရှာနဲ့ အေးဆေးနေ"

"ဖေဖေချစ်... မင်း အကြောင်းရိုက်မနေနဲ့၊ ဒီမှာ... မင်းကိုယ်ဝန် ဘယ်ကောင်နဲ့ ရတာလဲ၊ ဘာဖြစ်လို့ ငါ့ကိုထိုးချတာလဲ"

"ကိုကိုနဲ့ ရတာ၊ ဒီထက်ပိုပြီး ဘာမှထပ်မပြောနိုင်တော့ဘူး"

"ဖေဖေချစ်... မင်း အဲလို ရောကြိတ်လို့ မရဘူး။ လင်ကောင်မပေါ်တဲ့ ကလေးကို ငါ့ကို အမည်ခံခိုင်းတာ၊ ဒီကလေး ဘယ်သူနဲ့ရတာလဲ ပြော၊ မင်း မပြောရင် မင်းအဖေကို သွားမေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း… ဟင်း… ဟင်း… ကိုကို… ကိုကို… ရှင် ကြိုက်တဲ့သူကို သွားမေး၊ ရှင့်ကို အရူးလို့ပဲ ထင်မှာပေါ့၊ ဘယ်လိုမေးမှာလဲ၊ ကျွန်တော့်မိန်းမကိုယ်ဝန် ဘယ်သူနဲ့ ရတာလဲလို့ မေးမလို့လား၊ ဖေဖေလည်း ဘယ်သိပါ့မလဲ၊ ကိုကို့မိဘတွေအပေါ် ကောင်းခဲ့တဲ့ ဖေဖေ့ကို စိတ်ဒုက္ခမ ပေးပါနဲ့"

"ဘာ… ငါ့ကို နွားလုပ်တာကျတော့ရော၊ ငါ့ဘဝကို စိတ်ဒုက္ခပေးရုံ မကဘူး၊ ငါ့ဘဝကို သတ်ပစ်သလိုပဲ၊ မင်း အဖေလည်း အလိုတူအလိုပါပဲ"

"ကိုကို့ကို ဖေချစ် တစ်ခုပြောမယ်။ ကိုကို့မိဘတွေ ကုမ္ပဏီ ဒေဝါလီခံရကာနီးနေတာရယ်၊ ကိုကို့တို့အိမ် အပေါင်ဆုံးကာနီးနေတာတွေကို ဖြေရှင်းပေးခဲ့တာ ဘာ ကြောင့်လဲ ကိုကို သိလား။ မေချစ်အတွက် လုပ်ပေးခဲ့တာ ပဲ။ အဲတော့ ကိုကို ဘာမှ ဆက်မမေးနဲ့။ ကိုကိုတို့မိသားစု ပြဿနာကို လူမသိ သူမသိ ကျိတ်ရှင်းပေးခဲ့တာကို ထောက်ထားရင် ကိုကို့ပါးစပ် ပိတ်ထားပေးပါ။ လောက မှာ ဘာမှ အလကားမရဘူး ကိုကို၊ အားလုံးက အပေး အယူ ရှိတယ်။ ဆန်ယူပြီးရင်တော့ ဆီပြန်ပေးရမှာပဲ ကိုကို"





"တောက်… ဒီအပေးအယူက တစ်ဖက်သတ် သတ်မှတ် ခံရတာလေ ဖေဖေချစ်၊ ပွင့်လင်းမြင်သာတဲ့ သဘောတူ ညီမှု မဟုတ်ဘူး"

"ကိုကို ဘာတွေ အတွေးများ ခံစားနေတာလဲ။ ကိုယ့် မိန်းမ လွယ်ထားတဲ့ ကိုယ်ဝန်က ကိုယ့်ကလေးပဲပေါ့။ ဒါပဲနော်… ကိုကို၊ ဖေဖေ့ကို စိတ်ဒုက္ခ ပေးမယ်ဆိုရင်တော့ ဖေချစ်ကလည်း ကိုကို့ဘက်ကို ကောင်းပေးနိုင်မှာ မဟုတ် ဘူး။ လောလောဆယ် ကိုကို့မိဘတွေ လည်ပတ်နေတဲ့ လုပ်ငန်းအားလုံး ဖေချစ်နာမည်နဲ့ဆိုတာ မမေ့ပါနဲ့ ကိုကို"

"တောက်… မင်းတို့က ငါ့ကို အကွက်ချပြီး အပိဖမ်းခဲ့ တာကိုး"

"ကဲ… ခံစားနေပြန်ပြီ။ ဒီကလေး ကိုကို့ကလေးပါဆို… ဟင်း… ဟင်း… ဟင်း…"

❖ ✧ ❖



www.burmeseclassic.com

www.burmeseclassic.com



ဦးရွှေမောင်း သမီးလေး ဖေဖေချစ်ကို ချစ်လွန်းလို့ နာမည်တောင် ဖေဖေချစ်... လို့ ပေးထားခဲ့တာပါ။ မွေးကတည်းက ဇနီးဖြစ်သူက ဆုံးပါးသွားခဲ့သဖြင့် မွေးမွေးချင်း အမိမဲ့ခဲ့ရတဲ့ မိတဆိုးလေး သမီးလေး ချစ်ခြင်းမေတ္တာအပြင် သနားကရုဏာပါ ပိုခဲ့ရသည်။ ဖခင်မေတ္တာရော မိခင်မေတ္တာပါ နှစ်ဆပိုးကာ အချစ်ပိုခဲ့ရတာပါ။

အမိမဲ့သား ရေနည်းငါး ဖြစ်နေရှာတဲ့ သမီးလေးကို မျက်နှာတစ်ချက် မညိုရအောင် ထားခဲ့သည်။ သမီးကို အစစအရာရာ အလိုလိုက်ခဲ့သည်။ အစစအရာရာ လိုလေးသေးမရှိအောင် ထားခဲ့သည်။

အမိမဲ့နေတော့ နှစ်ဖက်စုံပြို့င် မိဘမေတ္တာ မပေးနိုင်တော့ တစ်ဖက်စောင်းနင်း ဖြစ်ခဲ့ရသည်။ ပိုဆိုးတာက သားမဟုတ်ဘဲ သမီးဖြစ်နေခြင်းပါ။

သမီးလေးကို မိခင်တစ်ယောက်လို ပြုစုစောင့်ရှောက်နိုင်စွမ်း မရှိခဲ့တော့ သမီးလေး မိန်းမ မပီသခဲ့တာ မဆန်း။ ပိုက်ဆံရှိ သားသမီးပီပီ ဆိုးရှယ်ကျခွင့် ရခဲ့တာမဆန်း။





သမီးလေးသုံးလေ ပိုက်ဆံဝင်လေမို့ သူကိုယ်တိုင်က သုံးခိုင်းခဲ့တာမို့ ဖေဖေချစ် တစ်ယောက် ဆိုးချင်တိုင်း ဆိုးခဲ့တာ မဆန်း။ သမီးကလည်း ကမ်းကုန်အောင် ဆိုးခဲ့သည်။ သုံးသည်။ ဖြုန်းသည်။ ဆိုးရှယ်ကျသည်။ ဒါပေမဲ့ တစ်ခုတော့ မွေးရာပါဗီဇ သဒ္ဓါကောင်းသည်ဟုပဲ ဆိုရမလား။

ဖေဖေချစ်က စကားပြောတာတော့ မရိုင်းပါ။ ချိုသာချွဲနွဲ့ကာ လိုချင်တာကို ရအောင်ပြောတတ်သူပါ။ အလုပ်သမားတွေကို ခိုင်းရင်တောင် လုပ်ပေးချင်အောင် ချိုချိုသာသာ ခိုင်းတတ်သည်။ ထို့ကြောင့်လည်း ဖေဖေချစ်ကို အားလုံးက ဝိုင်းပြီး ချစ်ခင်ကြသည်။

ဘာမဆို လိုတာရခဲ့တဲ့ သမီးဖြစ်သူက အိမ်ထောင်ရေးမှာလည်း အိမ်ထောင်ဖက်ကို လက်ညှိုးညွှန်ပြီး ယူခဲ့တာပါ။ ဦးရွှေမောင်းရဲ့ စီးပွားဖက် ဦးစိုးထည်တို့၏သား မောင်ထင်စိုးထည်ကို သဘောကျသတဲ့။

ဦးအောင်မောင်းကတော့ အနေအေးတဲ့ မောင်ထင်စိုးထည်ကို သဘောမကျ။ ယောကျ်ားဆိုရင် လည်ဝယ်ဖျတ်လတ်ပြီး သူများထက် အမြဲတစ်ကွက်ကျော်ထားနိုင်သော သမက်မျိုးသာ လိုချင်ခဲ့သော်လည်း သမီးက မောင်ထင်စိုးထည်မှ မောင်ထင်စိုးထည် ဆိုတော့ ကိုစိုးထည်တို့ စီးပွားပျက်နေတာကို ဆယ်ပေးပြီး အကုန် သမီးနာမည်နဲ့ လွှဲယူကာ မောင်ထင်စိုးထည်နဲ့ သမီးကို ပေးစားခဲ့ရတာ။



www.burmeseclassic.com

www.burmeseclassic.com



မောင်ထင်စိုးထည်တို့ဘက်က ဝမ်းသာအားရ လက်ခံသဘောတူသလို မောင်ထင်စိုးထည်ကလည်း သမီးကို ချစ်ခင်ကြင်နာတော့ ဦးအောင်မောင်း ဖြေသာခဲ့သည်။

ယခုတော့…

သမီး မူးလို့ ဆရာဝန်ပင့်ရတယ်ဆိုလို့ အလုပ်လုပ်ရင်းက အပြေးပြန်လာတဲ့ ဦးအောင်မောင်း၊ သမီးတို့လင်မယား ပြောသမျှစကားတွေ ကြားလိုက်ရသောအခါ…။

မထင်… ဘယ်လိုမှ မထင်။ သမီး ဒီလိုလုပ်လိမ့်မယ်လို့ မထင်။

ကိုစိုးထည်တို့သာသိရင် သူ အရှက်ကွဲပြီ။

ဦးအောင်မောင်း ဘာလုပ်ရမလဲတောင် မသိတော့။ သူ့အလုပ်ခန်းထဲဝင်၊ တံခါးလော့ခ်ချကာ စဉ်းစားခန်း ဝင်နေမိသည်။

သူ့မြေး ဖြစ်လာမယ့် ရင်သွေးကလေးရဲ့ အဖေက ဘယ်သူလဲ။ ဖခင်တစ်ယောက်အနေနဲ့ သမီးကို ဘယ်လိုပြောရမလဲ။ ဘယ်လိုမေးရမလဲ။

မောင်ထင်စိုးထည်ကိုရော ဘယ်လိုနှုတ်ပိတ်ရမလဲ။ ဒီကိစ္စက ဂုဏ်သိက္ခာနဲ့ ဆိုင်သွားပြီ။ အရှက်ကွဲ မခံနိုင်ပါ။ သမီးမေမေသာရှိရင် ဘယ်လောက်ကောင်းလိုက်မလဲ။

သူ မောင်ထင်စိုးထည်ကို ဘယ်လိုကိုင်တွယ်ရမလဲ။





ကလေးအဖေက ဘယ်သူလဲ။ ဘာလို့သမီးက မောင်ထင်စိုးထည်ကို အမည်ခံစေတာလဲ။ ကလေးအဖေက တာဝန်မယူလို့လား။ အတွေးတွေက လူကို ဖျဉ်းခနဲ ကျင်တက်သွားစေသည်။

"တောက်"

❖ ✧ ❖



www.burmeseclassic.com

www.burmeseclassic.com



"မင်း… မရယ်နဲ့၊ မင်း အဲလို လှောင်မရယ်နဲ့။ မင်း ငါ့ကို မလှောင်နဲ့၊ မင်း… မရယ်နဲ့။ မရယ်နဲ့။ သွား… မင်းထွက်သွား… သွား… သွား"

"ကိုကို… ကိုကို… ဘာတွေယောင်နေတာလဲ၊ ကိုကို… ထ… ထ"

"အင်… ဟင်"

"ကိုကို… ကိုကို နိုးပြီလား"

"ဟင်"

"ဘာတွေ ယောင်နေတာလဲ ကိုကိုရယ်၊ နေ့ခင်းကြီးရှုံးခန်းထဲ အိပ်ပျော်ပြီး ထယောင်နေတယ်၊ ဖေချစ်လာလို့ပေါ့။ မဟုတ်ရင် ဘယ်လောက်တောင် ယောင်နေမလဲ မသိဘူး။ ကိုကို့ရဲ့ အိပ်မက်,မက်တိုင်း ထယောင်တတ်တဲ့အကျင့်ကို တော်တော်စိတ်ပျက်တယ်၊ သိလား"

"အိပ်မက်,မက်တယ်"

"အေးလေ"





"ဒါဆို မင်းမှာ ကိုယ်ဝန်မရှိဘူးပေါ့"

"ဘာတွေ အိပ်မက်,မက်ပြန်ပြီလဲ ကိုကိုရယ်၊ ဖေချစ်တို့ကလေးမရလို့ ဆရာဝန်ပြတာတောင် ကြာလှပြီလေ။ ဖေချစ်လည်း ဗန်ကောက်ဖြစ်ဖြစ် စင်ကာပူဖြစ်ဖြစ် သွားပြီး ဖန်ပြွန်သန္ဓေသားသာ ယူလိုက်ချင်တော့တယ်"

"အေး… မင်းနဲ့ကိုယ် လက်ထပ်ထားတာ ကြာပြီပဲ။ သုံးနှစ်တောင် ရှိပြီ"

ဖေဖေချစ်က စိတ်ကုန်တဲ့ပုံနဲ့ လှမ်းကြည့်နေသည်။

ဒီလိုပဲ။ ဒီယောက်ျား အိပ်မက်,မက်ရင် တိတ်တိတ်ဆိတ်ဆိတ် မမက်။ အိပ်မက်တဲက ပြောစကားတွေကို တကယ်တတွတ်တွတ် အသံထွက် ရွတ်ပြီးတော့ကို မက်တတ်တာ။

သင်းရဲ့ ဒီအကျင့်ဆိုးကြောင့် အိပ်ရေးပျက်ရတဲ့ဒဏ်ကို မခံနိုင်လွန်းလို့ အိပ်ခန်းခွဲအိပ်တာ ယူပြီး နှစ်လလောက်အတည်းက။ သင်းက ညတိုင်းတော့ အိပ်မက်မမက်တတ်။ လေးငါးရက်နေမှ တစ်ခါလောက် မက်တာ။ ဒါပေမဲ့ မက်လိုက်ရင်အထိတ်တလန့် အော်ရင်အော်၊ မအော်ရင် ရှူးရှူးဝါးဝါး။

တစ်ခါတလေကျတော့လည်း တတွတ်တွတ် ရေရွတ်ညည်းညူနေတာ။

ကိုယ့်မှာ အိပ်မောကျနေတဲ့အချိန် သူထယောင်လိုက်ရင် ကတုန်ကယင်နဲ့ လန့်နိုးရတာ။



www.burmeseclassic.com

www.burmeseclassic.com



ကြာလာတော့ ခေါင်းချပြီး အိပ်ပျော်အောင် အိပ်ဖို့

တောင် လန့်လာသည်။ နောက်ဆုံး မခံနိုင်တဲ့အဆုံး အခန်းခွဲအိပ်

လိုက်ရသည်။ နှစ်လလောက်ကို မနည်း သည်းခံလိုက်ရသည်။

ခုလည်း နေ့ခင်းကြီးရုံးမှာ အိပ်ပျော်ပြီး ထယောင်

နေသည်။ တော်သေးတာပေါ့။ သူမ ရောက်လာလို့။

"ချစ်လေး"

"ဟင်"

"လာ... Toilet ထဲ သွားရအောင်"

"အာ... ဘာလုပ်မလို့လဲ၊ ကိုကိုနော်... ရုံးမှာ"

"ဩော်... ဒီမိန်းမ၊ ပေါက်ကရတွေ တွေးပြန်ပြီ၊ ဆီးသွား

စစ်နိုင်းမလို့။ အိပ်မက်က ထူးဆန်းနေလို့၊ မင်းမှာ ကိုယ်ဝ

ရှိနေပြီလားလို့၊ ရော့..."

ဆီးစစ်တံလေးပေးပြီး အတင်း ဆီးသွားစစ်နိုင်းနေ

သည်။ အဲဒါလည်း တစ်ဒုက္ခ။ သူမိုလို ဆီးစစ်တံကို သွားလေ

ဆောင်ကာ မထင်ရင် မထင်သလို ကြုံတဲ့နေရာမှာ toilet ရှာ ပြီ

ဆီးစစ်နိုင်းတတ်သေး။

တကယ်တော့ သူက ကလေးသိပ်လိုချင်နေတာပါ

ဘယ်သူက ချွတ်ယွင်းချက် ရှိနေတာလဲ ဆိုတာကိုလည်း မေ

ဆေးရဲ ဖြစ်နေသည်။

"အိမ်ရောက်မှ စစ်တော့မယ် ကိုကိုရာ"





"အိပ်မက်က ထူးဆန်းလို့ပါ။ အခု သွားစစ်ကြည့်စမ်းပါ"

ဖေဖေချစ် ရှုံ့မဲ့မဲ့နဲ့အထ ဖုန်းမြည်လာလို့ကိုင်လိုက်

တော့ ဖေဖေ့ဆီကဖုန်း။

"သမီးလေး... တစ်ခုခု မထူးခြားဘူးလား"

"ဘာကိုလဲ ဖေဖေ"

"ဩော်... ဖေဖေ အိပ်မက်ထူးထူးဆန်းဆန်း မက်လို့ပါ

မြေးများ ချီရတော့မလားလို့"

"ဟင်... ဖေဖေကပါ မက်တာလား၊ ခဏလေး ဖေဖေ၊

သမီးပြီးမှ ဖုန်းပြန်ဆက်မယ်နော်"

ဖေဖေချစ် တစ်ယောက် ရင်တွေခုန်လာကာ ဆီးစစ်

တံလေးယူပြီး toilet ထဲသို့။

❖ ✧ ❖



www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်မောင်းနဲ့ ထင်စိုးထည်တို့ရဲ့ ကမောက်ကမ အိပ်မက်က တကယ်ပဲ နမိတ်ပြအိပ်မက် ဖြစ်နေခဲ့သည်။ ဆီးစစ်တံမှာ ပေါ်လာသော အချောင်းလေးနှစ်ချောင်းကို ကြည့်ကာ ဖေဖေချစ် ဆိုးဆိုးဆတ်ဆတ် တုန်နေသည်။ ရင်တွေခုန်တာလည်း ပွင့်ထွက် ပေါက်ကွဲမတတ်။

လူက တစ်ကိုယ်လုံး ပျော့ညွတ်ခွေကျသွားကာ ကမုတ်ပေါ်ကနေ မထနိုင်တော့။

"ချစ်လေး... ဖေဖေချစ် အဆင်ပြေလား"

ကိုကို့ကို ပြန်ပြောဖို့တောင် အားယူလို့မရ။ အားမရှိ။ စကားပြောဖို့ ကြိုးစားပေမယ့် အသံက ထွက်မလာ။

"မထူးဘူးမို့လား။ ဟင်း... အလကားအိပ်မက်။ ထပ်ကြိုးစားကြတာပေါ့ကွာ။ ကဲ... ကဲ... ကိုကို အစည်းအဝေးရှိလို့ အစည်းအဝေးခန်းဘက်သွားပြီ။ တံခါးကို လော့ခ်ချခဲ့မယ်၊ ဟုတ်ပြီလား"

အထဲက ဘာမှပြန်မပြောသဖြင့်...





"ချစ်လေး... ဖေဖေချစ်၊ ဖေချစ်..."

"ဒုန်း... ဒုန်း... ချစ်လေး ဘာဖြစ်နေတာလဲ"

အထဲက ဘာသံမှ မကြားရသဖြင့် သူ အိမ်သာတံခါးသော့ရှာပြီး ဖွင့်ကြည့်လိုက်တော့ ကမုတ်ပေါ်မှာ ထိုင်လျက်နဲ့ ဆီးစစ်တံလေးကိုင်ပြီး တဆတ်ဆတ်တုန်ကာ မျက်ရည်တွေပါကျနေသော ဖေဖေချစ်ကို တွေ့လိုက်ရသည်။

"ချစ်လေး... ဘာဖြစ်တာလဲ"

သူ ဆီးစစ်တံ ယူကြည့်လိုက်သည်။

"ဟာ... ဟာ... ဟာ... ဒါ... ဒါ... ဒါ... ဒါဘာလဲ။ ဒါ... ဒါ... တကယ်လား၊ ချစ်လေး... ဟင်"

သူ အံ့ဩနေတုန်း ဖေဖေချစ် မေ့သွားသည်။

"ချစ်လေး... ချစ်လေး... ဟာ... ဒုက္ခပဲ"

သူ ဖေဖေချစ်ကို ပွေ့ထုတ်ကာ ရုံးခန်းထဲက ဆိုဖာပေါ် လှဲထားလိုက်သည်။ ပြီးတော့ ရုံးနားက ဆေးခန်းက ဆရာဝန်ကို သွားပင့်ခိုင်းရသည်။ ဆရာဝန်ကလည်း အသိတွေဆိုတော့ လိုက်လာပေးပါသည်။

ဆရာဝန်စမ်းသပ်နေတုန်း သူက ဘေးကနေ ဆီးစစ်တံလေး တကိုင်ကိုင်နဲ့။

"သူ့ဗွေးကတော်မှာ ကိုယ်ဝန်ရှိနေပြီဗျ၊ အားနည်းပြီးမေ့သွားတာပါ။ သွေးအားသိပ်နည်းနေတယ်။ OG စပါယ်ရှယ်လစ် တစ်ယောက်ယောက်နဲ့ ပြလိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်... ဟုတ်ကဲ့ပါ ဆရာ၊ ပြမှာပါ"

ဆရာဝန် ဆေးထိုးပေးတော့ ဖေဖေချစ် သတိပြန်ရလာသည်။

"ကိုကို"

"ချစ်လေး... တို့မှာ ကိုယ်ဝန်ရှိနေပြီတဲ့"

"ခင်ဗျားမှာ ရှိတာ မဟုတ်ပါဘူး၊ ခင်ဗျားမိန်းမမှာ ရှိတာပါ... ဟား ဟား"

"ဟာဗျာ... ဆရာကလည်း နောက်တယ်၊ ကျေးဇူးပဲ ဆရာ။ ကျွန်တော်တို့ ကလေး လိုချင်နေတာ ကြာပြီဗျ"

လင်မယားနှစ်ယောက် ကြည်နူးပြုံးတွေနဲ့ မျက်ရည်တွေလည်း ဝဲလို့။

"ကိုကို... ဖေဖေ့ကို ဖုန်းဆက်လိုက်ပါဦး"

"အေး... အေး"

"သူ့ဖြေး အစည်းအဝေးခန်းမှာ ရှယ်ယာရှင်တွေ စောင့်နေတယ်"

"အစည်းအဝေး ဖျက်တယ်လို့ ပြောလိုက်၊ အိုကွာ... ရှုပ်တယ်၊ ရုံးပါ ပိတ်လိုက်တော့။ ဒီနေ့ မအားတော့ဘူး။ မိန်းမကို အိုက်ျီအပ်ပေးရမယ်။ ကလေးပစ္စည်းတွေ ဝယ်ရဦးမယ်။ ဪ... နော်အေးရေ၊ US က ကလေးပစ္စည်းတွေ မှာဖို့လုပ်"





"ကိုကိုရယ်... ခုမလိုသေးပါဘူး"

"ဟာ... လိုတာပေါ့၊ မှာချင်နေတာကြာပြီ။ ခုမှာလို့ရပြီလေ"

"ဆရာ ဒီနေ့ အစည်းအဝေးက ဖျက်လို့မရဘူး၊ မနက်ဖြန်ချုပ်ရမယ့် စာချုပ်အတွက် အရေးပေါ် အစည်းအဝေး"

"ဟာကွာ... ကဲ... ဒါဆိုလည်း မိန်းမ၊ မင်းပါ အစည်းအဝေးခန်းထဲ လိုက်ခဲ့လာ။ တော်ကြာ အပြင်မှာ လဲပြုနေမှာစိုးလို့"

"ကဲ... ကိုကိုရယ်၊ ဒီမှာပဲ သက်သောင့်သက်သာ လှဲနေပါရစေ။ ကိုယ့်အလုပ်ကို သေချာသွားလုပ်ပါ။ သိန်းပေါင်းသောင်းချီနေတဲ့ ပန္နွောဂျက်ကြိုးကို ခေါင်းထဲထည့်ဦး"

❖ ✧ ❖



www.burmeseclassic.com

www.burmeseclassic.com



ကိုရို့ကားယား နိမိတ်ပေးအိပ်မက်နဲ့ မွေးဖွားလာသော သားဦးရတနာလေးကို ကမ္ဘာစိုးထည် ဟု အမည်ပေးလိုက်သည်။

ဒါပေမဲ့ ကလေးက ချူချာလွန်းသည်။ တစ်လမှာ ငါးခါလောက် ဆေးခန်းပုံမှန်သွားနေရသည်။ အဓိကအဖြစ်များတာတော့ ချွဲကျပ်တာပါ။ ကလေးသည်း ဆေးနဲ့ပြတ်တယ်ဟူ၍ မရှိ။ အထူးကုသမားတော်တွေနဲ့လည်း ပြတာပဲ။ ဖေဖေချစ်လည်း အစားရှောင်ရလွန်းလို့ ပိန်ကပ်နေပြီ။ ကလေးချွဲထတိုင်း ဖေဖေချစ် အစားမှားလို့ပဲ ပြောခံနေရတော့ ဘာမှမကို မစားရဲ။ ဘာမှမစားတဲ့ကလေးက မိခင်နို့ရည်စို့ပြီး ချွဲထနေတာ ဆိုတော့လည်း အပြောခံရတာပေါ့။ ထင်စိုးထည်က နို့ဘူးပြောင်းတိုက်ဖို့တောင် ပြောနေသည်။ သူမနို့စို့လို့ ကလေးချွဲထတယ်ပဲ ထင်နေ၏။

အသိတစ်ယောက်က အကြံပေးသည်။

"ဗေဒင်လေး ဘာလေး တွက်ကြည့်ပါလားဗျာ၊ တချို့ ကလေးတွေကျတော့လည်း ခမည်းလိုတယ်ဗျ"





အယုံအကြည် မရှိပေမယ့် သားတွေအတွက်ဆိုတော့ ဟုတ်နိုးနိုးနဲ့ ဗေဒင်တွေ လျှောက်တွက်ချက်ကာ မေးမိမြန်းမိပါသည်။ ဗေဒင်ဆရာ သုံးလေးဦး လိုက်တွက်သည်။ ဗေဒင်ဆရာတိုင်းက နာမည်စီးနေတာဟု ပြောကြသည်။ အာကာစိုးထည် ဆိုတဲ့ နာမည်ကို ပြောင်းလိုက်မှပဲ ကလေးက ကျန်းမာရေးကောင်းသွားသည်။ ကမ္ဘာစိုးထည် ဆိုတဲ့ နာမည်က ခိုက်တာတဲ့။

နာမည်ဆိုလည်း အဲလို နှစ်ခါပြန်ပေးရသည်။ အာကာလေးကို နှစ်ဖက်ဆွေမျိုးအားလုံး ငုံထားမတတ် နှစ်ကြသည်။ နှစ်ဖက်စလုံးမှာ မျိုးဆက်ဆိုလို့ ရှားရှားပါးပါး အာကာစိုးထည် တစ်ယောက်ပဲ ရှိတာလေ။

ဒီတော့ အာကာစိုးထည် သည်သာ အားလုံးရဲ့ အသည်းကျော်။ ဒါပေမဲ့ ကလေးလေးက မဆိုးပါ။ အာကာစိုးထည်က လိမ္မာသည်။ အေးသည့် ကလေးထဲမှာပါသည်။

ယောက်ျားလေးပေမယ့် မျောက်မူးလဲအောင် မဆော့၍ တော်သေးသည်။

ဦးအောင်မောင်နဲ့က အတူနေဆိုတော့ ပိုပြီးအနီးကပ်ရှိကာ သံယောဇဉ်လည်း ပိုသည်။ ဖြူဖြူဖွေးဖွေး ဝဝကစ်ကစ်ကြီး နှုတ်ခမ်းလေးကလည်း နီရဲစိုအိနေကာ ချစ်စရာ တတုံးတကဲကြီးမို့ ဦးအောင်မောင်းမှာလည်း မြေးအနှစ်ကို ချစ်မဝပါ။



www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်မောင်းနဲ့ ထင်စိုးထည် ပျာယာခတ်နေသလောက် ဖေဖေချစ်ကတော့ အေးဆေးသည်။ ကလေးထိန်းနာနီရော သူနာပြုဆရာမပါ ရှိသဖြင့် ဖေဖေချစ်တို့က သာသာယာယာပဲလေ။

အဘိုးဖြစ်သူနဲ့ အဖေဖြစ်သူကမှ မိခင်ဖြစ်သူထက်စာရင် ပိုပြီးပွေ့ပွေ့ပိုက်ပိုက် ရှိသေးသည်။

ဖေဖေချစ်က သားဝေယျာဝစ္စသာ မလုပ်တာပါ။ နာနီနဲ့ Nurse လုပ်တာ ကိုင်တာကိုတော့ တစ်ချိန်လုံး အကဲတခတ်ခတ်။ သူမ တာဝန်ယူတာဆိုလို့ မိခင်နို့ တိုက်ပေးတာပဲရှိသည်။

ညအိပ်ရင်လည်း သားလေး အဲ့ဆိုတာနဲ့ ထင်စိုးထည်ပဲ ထရတာ။ ညဘက်ကို နာနီရော သူနာပြု ဆရာမပါ တာဝန်ယူစရာမလို။ ထင်စိုးထည်က အကုန်လုပ်ပေးသည်။ ဖေဖေချစ်ကတော့ အေးဆေးအိပ်ရုံပဲ။ သိပ်ချမ်းသာတဲ့ တစ်ဦးတည်းသောသမီး ဖေဖေချစ်ဟာ ကိုယ်တိုင်လည်း မိခင်မေတ္တာငတ်ခဲ့လို့လားမသိ။ သားလေးကို ချစ်တာတော့ တုန်နေအောင် ချစ်သော်လည်း ပြုစုယုယရကောင်းမှန်း မသိပါ။

မွေးကာစ သွေးနုသားနုနဲ့ အအိပ်မပျက် အစားမပျက် အလုလည်း မပျက်ဘဲ အေးရာအေးကြောင်း လန်းလန်းဆန်းဆန်းပါပဲ။ မိခင်နဲ့ဖခင် နေရာချင်းမှားသလိုတောင် ဖြစ်နေသည်။





အာကာဆိုးထည် ကလေးရဲ့ ဘဝက အဲလို တလွဲတွေနဲ့ပါ။

အကောင်းစား အသုံးအဆောင် ပစ္စည်းတွေထက် မိခင်ရင်းရဲ့ ရင်ငွေ့ကသာ ပိုနွေးစေတယ်ဆိုတာ ဖေဖေချစ် တစ်ယောက် မခံစားခဲ့ရဖူးလို့ ပြန်ပေးရကောင်းမှန်း မသိ။

ဘာပဲဖြစ်ဖြစ် ရွှေပြည့်ငွေလျှံဘဝတွေ ဆိုတော့လည်း ခြွေရံသင်းပင်းတွေကြားမှာ လိုအပ်ချက်တွေ ပျောက်ဆုံးပြီး လစ်ဟာမှုတွေလည်း မသိသာတော့ဘူးပေါ့လေ။

❖ ✧ ❖



www.burmeseclassic.com

www.burmeseclassic.com



ထင်စိုးထည်က သဘောထားပြည့်ဝသော သူ
တစ်ယောက်လည်း ဖြစ်ပါသည်။ သဘောကောင်းလို့လည်း သူ
မိဘတွေကုမ္ပဏီ ဒေဝါလီခံရကာနီးအထိ ဖြစ်ခဲ့ရတာပါ။

ထို့ကြောင့် ဦးအောင်မောင်းက ထင်စိုးထည်
လွှတ်မထားရဲ၍ လိုက်ကြီးကြပ်နေရသည်။

ထင်စိုးထည်က သဘောမနောကောင်း၊ ဖေဖေ
က သုံးဖို့ ဖြုန်းဖို့လောက်ပဲသိ။ ဒီနှစ်ယောက်အတွက် ဦးအော
မောင်း ရင်လေးလွန်းလှသည်။ သေရင်တောင် အသေဖြောင့်
မဟုတ်ပါ။

ထင်စိုးထည်က အလုပ်သမားတွေ၊ ဝန်ထမ်း
အပေါ် ညှာလွန်းသည်။ တချို့ကျတော့ သိတတ်ပြီး သစ္စာရှိ
ပေမယ့် တချို့ကတော့ သဘောကောင်းတာကို အခွင့်ကောင်း
ကာ အခွင့်အရေး ယူချင်ကြသည်။

ဒီနေ့လည်း ဒရိုင်ဘာ မျက်နှာမကောင်း၍…





"ကိုကျော် ခင်ဗျား နေမကောင်းဘူးလား၊ အမြဲရွှင်လန်း
နေတဲ့ခင်ဗျား ဒီနေ့ မျက်နှာပျက်လို့ပါလား"

"ဆရာရယ်… ကျွန်တော် ဒီနေ့ ကျွန်တော့်သားကို ရိုက်
မိပြီး စိတ်မကောင်းလို့ပါ"

"ဟာ… ခင်ဗျားက ကလေးကို ဘာလို့ ရိုက်ရတာလဲဗျ၊
ကလေးဆိုတာ သဘောပေါက်အောင် ရှင်းပြရင် ရပါတယ်
ဗျာ၊ ကလေးဆိုတာ မိဘက ရိုက်ရင် ခံရတာပဲဗျ။ မလုပ်
ပါနဲ့ဗျ၊ ခင်ဗျားကလည်း"

"ကျွန်တော့်ရင်ထဲ မကောင်းလွန်းလို့ ရိုက်မိတာပါ ဆရာ
ရယ်၊ ကျွန်တော့်သားကို ကျွန်တော် တစ်ခါဆို တစ်ခါမှ
မရိုက်ဖူးပါဘူးဗျာ။ အခု ရိုက်လာမိလို့ တော်တော်စိတ်
မကောင်း ဖြစ်နေတာ ဆရာ"

"နေပါဦး… ခင်ဗျားက ဘာဖြစ်လို့ ကလေးကို ရိုက်ရ
တာလဲ"

"ကျွန်တော် ရင်နာတာ အဲဒါပဲ ဆရာ။ ကျွန်တော်က
သားလေးကြီးလာရင် ဘာလုပ်မလဲလို့ မေးတော့ ဖေကြီး
လို ဒရိုင်ဘာကြီး လုပ်မယ်တဲ့ဗျာ၊ ကျွန်တော် စိတ်မကောင်း
ပါဘူး ဆရာ၊ ကျွန်တော့်သားကိုတော့ ကျွန်တော့်လို
ဒရိုင်ဘာမဖြစ်စေချင်ဘူး ဆရာ၊ အနည်းဆုံးတော့ ဘွဲ့ရ
ပညာတတ်ကလေး ဖြစ်စေချင်တယ်။ ကားဒရိုင်ဘာထက်



www.burmeseclassic.com

www.burmeseclassic.com



စာရင် ရုံးဝန်ထမ်းလေးလောက်တော့ ဖြစ်စေချင်တာ ဆရာ။ ကျွန်တော် စိတ်မကောင်းတာနဲ့ ရိုက်မိတာပါ ဆရာ"

"ခင်ဗျားလည်းဗျာ ကလေးဆိုတာ ဘာသိမှာလဲ၊ ကလေး စကား အတည်ယူလို့မှ မရတာဟာ"

"ဟုတ်ပါတယ် ဆရာ။ ဒါပေမဲ့ ကျွန်တော့် အနေအထား ကျွန်တော့်အခြေအနေ၊ ကျွန်တော့်ပတ်ဝန်းကျင်ကြောင့် သားလေးရဲ့အမြင်က အဲလောက်ပဲ ရှိပါလားလို့ စိတ်မကောင်း ဖြစ်မိတာ ဆရာ"

"ဒါကတော့ ကံအကျိုးပေးကလည်း ရှိသေးတာကိုးဗျ။ ကိုကျော် ခင်ဗျားလည်း လုပ်နေတာပဲ၊ နားနေတာမှ မဟုတ်တာ၊ စီးပွားရေးအခြေခံ မရှိဘဲ လုပ်အားကိုရင်းနေရတော့ ဒီလောက်ပဲ ရှိမှာပေါ့ဗျာ။ စိတ်ဓာတ်မကျနဲ့ ကလေးကိုလည်း မရိုက်ပါနဲ့"

"ဆရာ့လို နားလည်ပေးတဲ့ သူဌေးနဲ့ တွေ့ရတာတော့ ကံကောင်းတာပဲ ဆရာရေ"

"ကဲပါ... ခင်ဗျား ကျွန်တော့်ကို ရုံးပို့ပြီးရင် ဖေဖေချစ် ဆီကိုသွားပြီး သူသွားချင်ရာ ပို့ပေးလိုက်ပါဗျာ၊ ဒီနေ့ သူ့ ဒရိုင်ဘာ နေမကောင်းလို့ မလာနိုင်ဘူး၊ သွေးနုသားနုနဲ့ ဆိုတော့ ကားပေးမမောင်းချင်လို့ပါ"

"ဟုတ်ကဲ့ပါ ဆရာ"





"ဪ... ရော့ ညနေ ခင်ဗျားသားအတွက် မုန့်လေး ဘာလေး ဝယ်သွား"

တစ်သောင်းတန် တစ်ရွက်။

"ကျေးဇူးပါ ဆရာ"

ဒီလို ဒီလို လက်လွှယ်တာပါ။ သနားအောင် ပြောလိုက်တာနဲ့ ကျပြီးသား ဖြစ်နေသည်။

ရုံးရောက်တော့ ဖေဖေချစ်ဆီ ကားပြန်လွှတ်လိုက်သည်။

"ဖေချစ်လေး... ကိုကို ကားလွှတ်လိုက်ပြီ"

"အိုခေ... ကိုကို၊ ကျေးဇူးပါ၊ အာဘွား တစ်သိန်း"

"အေးပါ... အေးပါ"

❖ ✧ ❖



www.burmeseclassic.com

www.burmeseclassic.com



သားလေး ရှစ်နှစ်သားခန့်မှာ...

"သားသား ကြီးလာရင် ဘာလုပ်မလဲ"

ဟူသော မေးခွန်းကို သားကို မေးမိလိုက်၏။ သူမျှော်လင့်တာက ဖေဖေ့လို သူဌေးကြီး လုပ်မှာပေါ့ပဲ။ ဒရိုင်ဘာ သားက ဒရိုင်ဘာလုပ်မယ်ဟု ဖြေလျှင် သူ့သားကလည်း သူဌေး ကြီး လုပ်မယ်ဟု ဖြေရမှာပေါ့။

"သားသား လူရွှင်တော်လုပ်မယ် ဖေဖေ"

"ဘာ"

သူ့အသံကြီး ဟိန်းထွက်သွားသဖြင့် သားတောင် လန့်ပြီး တုန်သွားသည်။ သားလေးက ငိုမဲ့မဲ့နဲ့ သူ့ကို ကြည့်နေသည်။ ကြားကြားချင်း တုန်လှုပ်သွားပေမယ့် ကလေးပဲလေဟု စိတ်လျှော့လိုက်သည်။ ဖေဖေချစ်ကတော့ သူတို့သားအဖကို ကြည့်ပြီး ရယ်နေသည်။

"သားက ဘာလို့ လူရွှင်တော် လုပ်ချင်တာလဲကွ"





"လူတွေကို ရယ်စေချင်လို့ပါ ဖေဖေရဲ့။ ငိုတာမကောင်းဘူးလေ၊ ရယ်တာက ကောင်းတယ်။ အဲဒါကြောင့် သားက ကောင်းတာပဲ လုပ်မှာ"

"သိပ်ခံစားမနေပါနဲ့ ကိုကိုရယ်။ ကလေးက ဘာနားလည် မှာလဲ"

ဖေဖေချစ်ကတောင် ပြန်ဖျောင်းဖျရသည်။ သူတို့ အသိုင်းအဝိုင်းမှာ လူရွှင်တော်နီးနီးစပ်စပ် မရှိပါဘဲနှင့် ပေါက်ကရ အဖြေတဲ့ကောင်။

ဒီကောင် ကိုယ်ဝန်ရှိတုန်းကလည်း ပေါက်ကရအိပ် မက်တွေပေး။ ဘယ်လိုနက္ခတ်နဲ့ မွေးလာတဲ့ကောင်မှန်းကို မသိ။

ဖေဖေချစ်ကတော့ သူ့ကိုကြည့်ကာ ပြုံးစိစိ။

"မင်း ဘယ်လိုမှ မခံစားရဘူးလား၊ ပြုံးစိစိနဲ့"

"အံမယ်... လူကို လာမမဲပါနဲ့နော်

"မေမေ့ကိုလည်း ပြောရဦးမယ်။ မေမေ တစ်နေ့ တစ်နေ့ ခြင်တွေ မသတ်ပါနဲ့ မေမေရယ်။ သားသား အိပ်မက်တွေ မကောင်းလို့ပါ"

"အလိုတော်... သားလေးက ဘာတွေများ အိပ်မက်,မက် လို့လဲ။ နေပါဦး... မေမေ ခြင်လည်း မသတ်ရပါဘူး"

"မေမေ့လက်နဲ့ မသတ်တာပဲ ရှိတာလေ။ မေမေ့အလုပ် သမားတွေကို ခြင်ဆေးတွေ ဖျန်းခိုင်းတာလေ။ အိမ်ထဲ



www.burmeseclassic.com

www.burmeseclassic.com



ခြင်တစ်ကောင်လောက် ဝင်လာရင်လည်း အတင်းလိုက်သတ်နိုင်းတာလေ"

"ဩော်... သားလေးရယ်၊ မေမေက သားကို ကိုက်မှာကြောက်လို့ပါ၊ ဒီလောက် ခြင်လုံဆန်ခါတွေ တပ်ထားလည်း ခြင်က အပေါက်ရှာပြီး ရအောင်ဝင်တာ။ ခြင်ကိုက်ရင် သွေးလွန်တုတ်ကွေး ဖြစ်တတ်တယ် သားရယ်။ သားလေးကိုပူလို့ မေမေက လုပ်နေရတာ"

"မလုပ်ပါနဲ့ မေမေရယ်၊ သား အိပ်မက်ထဲမှာ ခြင်ကြီးတစ်ကောင် ဒီတိုက်ကြီးလောက် ရှိတယ်၊ အကြီးကြီးပဲ။ အဲဒီခြင်ကြီးက သားနောက်ကိုလိုက်တာ မေမေရယ်။ သားထွေးပြေးလိုက်ရတာ မောနေတာပဲ။ အဲဒါကြောင့် ခြင်တွေမသတ်နိုင်းပါနဲ့ မေမေရယ်"

လင်မယားနှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ပြုံးရမလို မဲ့ရမလို။

လူတွေပျော်အောင် လူရွှင်တော် လုပ်ချင်ပြီး ခြင်သတ်ဖို့ မကြိုက်တဲ့ သားဖြစ်သူ။

"နောက်ထပ် ဘာအထူးအဆန်းတွေ လုပ်ဦး ပြောဦးမလဲ မသိဘူး"

"အဲဒါ မင်း,သားလေ"





"ရှင့်သား... ရှင့်သား။ ဟွန့်... ဖေဖေချစ်တို့က အပျော်အပါး မက်တာကလွဲရင် ရှင့်လို မဂေါက်ဘူး"

"ကိုကိုက ဘာဂေါက်နေလို့လဲ"

"မသိဘူးလေ၊ ရှင့်သား တွေးလိုက်ရင် အထူးအဆန်းတွေ ချည်းပဲမို့လို့"

"သူ့ဗီဇနဲ့ သူပေါ့ကွာ၊ မင်းနော်... ငါ့သားကို ဂေါက်တယ် ဘာတယ် မပြောနဲ့"

"ကိုယ့်သားတော့ ကိုယ်ပြောပါ့မလား။ ကိုကို့ကို ပြောတာ"

"ကောင်းကွာ"

"ဟင်း... ဟင်း... ကိုကိုး"

ကိုကိုကနေ ကိုကိုး ဖြစ်လာပြီဆိုရင် ဖေဖေချစ်တို့ တစ်ခုခု လိုချင်တာ ရှိလာပြီ။

"ကိုကိုး... ဖေချစ် ဂျပန်သွားချင်တယ်"

"ဘာသွားလုပ်မှာလဲ။ အလုပ်မရှိ အကိုင်မရှိနဲ့"

"ကိုကိုရယ်... အလုပ်ရှိမှ သွားရမှာ ကျနေတာပဲ။ ဒီတိုင်း အလည်သွားမှာပေါ့လို့"

"လိုက်ပို့ပေးရမှာလား။ အလုပ်တွေ မအားသေးဘူးကွာ"

"မပို့ပေးရပါဘူး။ ဖေချစ် သူငယ်ချင်းတွေနဲ့ သွားမှာ။ ကိုကိုနဲ့က သွားဖူးတာပဲကို။ ခုက သူငယ်ချင်းတွေနဲ့ သွားချင်တာ။ feel free ပေါ့ ကိုကိုရာ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းအဖေ ခွင့်ပြုရင် သွားကွာ"

"ဂယ်နော်... ဖေဖေက ဖေချစ်ပြောရင် ရတယ်နော်"

"သဘော... သဘော။ သားကို ဘယ်လိုလုပ်မှာလဲ။ ခေါ် သွားမှာလား"

"ဘာ... ဘာလို့ ခေါ်သွားရမှာလဲ။ သူငယ်ချင်းတွေ လွတ်လွတ်လပ်လပ် ကဲချင်လို့ပါဆို။ ပြီးတော့ သားက ကျောင်းတွေ ကျူရှင်တွေနဲ့ မအားဘူးလေ။ သား စာမေးပွဲ ပြီးမှ သူ ဘယ်သွားချင်လဲ မေးပြီး ပို့ပေးလိုက်ကွာ"

"သဘော... သဘော"

"အဲဒါကြောင့် ကိုကို့ကို ချစ်ရတာ အဘွား တစ်သိန်း"

ထင်စိုးထည် ပြုံးနေသည်။ စိတ်ထဲမှာတော့ မင်းလည်း သွားချင်သလိုသွား၊ ငါလည်း နေချင်သလို နေမှာပေါ့ကွာဟု။ ဦးအောင်မောင်းသမီး သူ့မိန်းမပေါ် သူမှ ဩဇာမညောင်းတာလေ။

ဒီတော့ နေသာသလို နေလိုက်ရုံပေါ့။

❖ ✧ ❖





**ဦးအောင်မောင်း** တစ်ယောက် သမက်ဖြစ်သူ ခြေလှမ်းပျက်နေတာကို သိသော်လည်း မပြောသာပါ။ သူ့သမီးဖြစ်သူက နေချင်သလို နေနေတာဆိုတော့ သမက်ကို ဘယ်လိုပြောရမလဲ။

ကြားထဲက မြေးလေးကတော့ ဘာမှမသိရှာ။ မြေးလေးကို သနားသည်။ အမိမဲ့သမီးလေးကို မပြောရက် မဆိုရက် အလိုလိုက်မိသလို မြေးလေးအပေါ်မှာလည်း အချစ်ပို အလိုလိုက်မိပြန်တာပဲ။ ဒါပေမဲ့ မြေးလေးကတော့ တစ်မျိုးလေးပဲ။ သမီးနဲ့ မတူပါ။

ငယ်ပေမယ့် အတွေးအခေါ်လေးတွေကလည်း ထူးခြားသည်။ ကလေးရဲ့အနေအထားကို မိဘဖြစ်သူတွေကတော့ သတိထားမိရဲ့လားမသိ။ ဦးအောင်မောင်းကတော့ မြေးဖြစ်သူရဲ့ အနေအထားကို အမြဲလေ့လာ အကဲခတ်နေသူပါ။

"ဘိုးဘိုးကြီး"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ငှက်ဆိုရင်လည်း အမျိုးမျိုးကွဲပြားတယ်၊ ခွေးဆိုရင်အမျိုးအစားအမျိုးမျိုး ရှိတယ်။ လူကြတော့ ဘာလို့ တစ်မျိုးတည်း ဖြစ်နေတာလဲ"

"လူလည်း အသားအရောင်တွေ ကွဲပြားပြီး လူမျိုးတစ်ရာတစ်ပါးရှိတယ် မြေးရဲ့။ မြန်မာခုနစ်မျိုး၊ မွန်လေးမျိုး၊ ကုလားခြောက်ဆယ်၊ ရှမ်းသုံးဆယ်တဲ့။ ကုလားဆိုတဲ့အထဲမှာ အနောက်တိုင်းသားတွေလည်း ပါတာပေါ့။ ရှမ်းဆိုတဲ့ထဲမှာ တရုတ်လူမျိုးတွေလည်း ပါတာပေါ့။ အဲလိုလူအမျိုးအစားတွေ ကွဲပြားတယ် မြေးရဲ့"

"ဟုတ်လား"

"ဟုတ်တာပေါ့ မြေးရဲ့"

"ဒါပေမဲ့ မျက်နှာတွေက အတူတူပဲလေ ဘိုးဘိုးရဲ့။ ခြေထောက်တွေ လက်တွေလည်း အတူတူပဲလေ"

"အသားရောင်ကွာတယ်လေ မြေးရဲ့"

သူ့အဖြေကို မြေးဖြစ်သူ ကျေနပ်ပုံ မရပါ။ သူလည်းဒီထက်ပို၍ ဆက်မဖြေတတ်တော့ပါ။ အသာလေးငြိမ်နေလိုက်ရသည်။ သူ့မြေးက အဲလိုကြုံကြုံဖန်ဖန်တွေ စဉ်းစားပြောဆိုတတ်သူပါ။

အိမ်က အလုပ်သမားတွေကတော့ ကလေးကကပ်သီးကပ်သတ်တွေ မေးတတ်လွန်းလို့ ကလေးကို ရှောင်ဖယ် လုပ်တတ်ကြသည်။ ကလေးမေးသမျှကို မဖြေနိုင်၍ စိတ်ညစ်ကြတာပါ။





အဲဒီလို ကလေးမျိုးပါ။ ဘာပဲဖြစ်ဖြစ် ဦးအောင်မောင်းကတော့ သဘောကျတယ်။ သူ့မြေးဟာ သာမန်ထက်ပို၍ထက်မြက်တာကို သူ့မျိုးဆက်အတွက် သဘောခွေ့နေသည်။ မိဘတွေထက်သာပြီး အဘိုးခြေရာနင်းမယ့် ကလေးဟု မျှော်လင့်လျက်ပါ။

❖ ✧ ❖



www.burmeseclassic.com

www.burmeseclassic.com



အာကာစိုးထည် တစ်ယောက် အရွယ်ရောက်လာပါပြီ။ ရှူးစမ်းလေ့လာတတ်သလို တွေးတတ် ခေါ်တတ် ထက်ထက်မြက်မြက် ယောကျ်ားတစ်ယောက်အဖြစ် အရွယ်ရောက်လာပါပြီ။

ဦးအောင်မောင်းက အာကာစိုးထည်ကို အင်္ဂလန်ပို့ပြီး ပညာဆက်သင်စေသည်။ ဒါပေမဲ့ မြန်မာပြည်ကို ပြန်လာဖို့တော့ သေသေချာချာ မှာလိုက်သည်။

အာကာစိုးထည် အရွယ်ရောက်လာချိန်မှာ ဦးအောင်မောင်း ထင်စိုးထည်နှင့် တံခါးပိတ် ဆွေးနွေးပွဲကို နှစ်ကိုယ်တည်း ကျင်းပခဲ့ကြသည်။

"မောင်ထင်စိုးရှည်"

"ဟုတ်... ပြောပါ အဖေ"

"အေး... ယောကျ်ားတို့ သဘာဝဆိုတာကို အဖေမပြောဘူး။ အဖေလည်း မကောင်းဘူး။ မင်းတို့အမေ ဆုံးသွားတာ





သမီးလေး တစ်သက်ဆိုတော့ မကောင်းခဲ့ဘူးပေါ့ကွာ။ ဒါပေမဲ့ သမီးမျက်နှာလေး ငဲ့ကြည့်ပြီး လိုတာထက် မပိုခဲ့ဘူး။ အန္တရာယ်ဖြစ်လောက်အောင် မလုပ်ခဲ့ဘူး။ အခု မင်းလည်း ငါ ယောကျ်ားချင်း ကိုယ်ချင်းစာတယ်။ ငါ့သမီးက မိန်းမဝတ္တရား မကျေတော့ မင်းအပြင်မှာ အပျော်ရှာတာ ပျော်ပါ။ ဒါပေမဲ့ ဒီအတွက်တော့ ငါရော သမီးလေးရော မြေးလေးပါ ဝန်မဖြစ်စေနဲ့။ အဲဒါလည်း ငါသတိပေးရမယ့် အဆင့် ရောက်နေလို့ သတိပေးတယ်မှတ်ပါ"

ထင်စိုးထည် နည်းနည်းလန့်သွားသည်။ ယောက္ခမကြီးကိုတော့ ကြောက်ပါသည်။ ယောက္ခမကြီးက ကျားဆိုမှကျား။ ခြေလှမ်းလည်း ကျဲသည်။ အခုထိ ယောက္ခမကြီးရဲ့ ထိန်းချုပ်မှုအောက်မှာပဲ နေရတာဆိုတော့ ဒါဟာ သူ့ရဲ့ခြေရှုပ်မှုတွေကို သတိပေးနေတယ် ဆိုတာ သူ သိပါသည်။

ခုတလော သူ ကောင်မလေးတစ်ယောက်ကို တော်တော်လေး ပံ့ပိုးပေးထားသည်။ ထိုအကြောင်းကို ယောက္ခမကြီးက သိနေပါလား။

"မင်းကိစ္စကို ရှေ့မဆက်ဖို့ပြောရင် ငါ မတရားရာကျမယ်။ ဒီတော့ ဘေးမဖြစ်စေနဲ့လို့ပဲ ငါပြောချင်တယ်"

"စိတ်ချပါ အဖေ။ ကျွန်တော်ကလည်း မပိုင်ရင် ခြင်တောင် မရိုက်ပါဘူး... ဟီး"



www.burmeseclassic.com

www.burmeseclassic.com



"အေး... ငါက ခေတ်နဲ့ လိုက်လျောညီထွေ နေတတ်တဲ့ ယောက္ခမပါ။ ငါ တာဝန်ကျေသလို မင်းဘက်ကလည်း လိုတာထက် ပိုလာရင် မင်းအသက် ဖက်နဲ့သာ ထုပ်ထားပေတော့။ ယောက်ျားစကားပဲ"

"ဟုတ်ကဲ့ပါ အဖေ"

အာဂယောက္ခမပါ။ ထင်စိုးထည်လည်း တော်တော် တွန့်သွားပါသည်။ ယောက္ခမကြီးက ခြေလှမ်းကျဲပါသည်။ ဟိုင်းဘော့စ်ပီပီ သေဆိုသေ၊ ရှင်ဆိုရှင် လက်သပ်မွေးထားတဲ့ တပည့်တွေလည်း အများကြီးပါ။ ယောက္ခမကြီးအတွက်ဆို အသက်ပင် စွန့်ရ စွန့်ရ ဆိုတဲ့ တပည့်တွေလည်း ရှိသတဲ့။

သူ တွန့်သွားသည်။

ထိုစဉ်မှာပဲ ဖေချစ်ဆီက ဖုန်းဝင်လာသည်။

"ကိုကို ဘယ်မှာလဲ"

"ကိုကို အိမ်မှာ။ အဖေနဲ့ အလုပ်ကိစ္စ စကားပြောနေလို့"

"ဪ... အိုခေ... လုပ်လုပ်။ ဖေချစ် အိမ်ပြန်နောက်ကျမယ်နော် ကိုကို။ ဒေလီယာတို့အိမ်မှာ Birthday party ရှိလို့"

"အေး... အေး... လာကြိုရမလား"

"လာကြိုရင်တော့ ပိုကောင်းတာပေါ့။ ကိုကို အလုပ်ပြီးရင် လာခဲ့လေ"





"အေး... အေး... လာခဲ့မယ်၊ စောင့်နေနော်"

"အိုးခေ"

ဦးအောင်မောင်းက သမက်ဖြစ်သူကို ခပ်ပြုံးပြုံး ကြည့်နေသည်။

တကယ်တော့ မပိုင်ရင် ခြင်တောင် မရိုက်တာ ဦးအောင်မောင်းပါ။

ထင်စိုးထည် တစ်ယောက် ကောင်မလေးဆီ သွားတွေ့ဖို့ အစီအစဉ်ကိုဖျက်ကာ ဖေဖေချစ်ကို သွားကြိုရမည်။ ရင်ထဲမှာ ဆွေးရသော်လည်း ယောက္ခမကြီးကို ပိုကြောက်ရသည်လေ။ နီးရာဓားက ပိုထက်နေသည်ကိုး။

❖ ✧ ❖



www.burmeseclassic.com

www.burmeseclassic.com



အာကာစိုးထည် ပြန်လာပြီ။ လေဆိပ်မှာ မိသားစုတွေ ဖက်လဲတကင်း။ ထင်စိုးထည်နဲ့ ဖေဖေချစ်က ပျော်သလို နေတတ်ကြပေမယ့် သားကိုတော့ တော်တော်ချစ်ပါသည်။

ဦးအောင်မောင်းရဲ့ မေတ္တာရိပ်အောက်မှာ သူတို့မိသားစုလေး စည်းလုံးနွေးထွေးနေပြီပါ။

"ဟာ... သားကြီး ထွားလာလိုက်တာကွာ"

"ငါ့မြေး ဘော်ဒီလည်း တောင့်လာတယ်။ ဘယ်လောက်တောင် ကစားထားလဲ"

"အဘိုးနဲ့ ဖေဖေ့ကို မီအောင်လိုက်ရမယ်လေ... ဟဲဟဲ"

"အေးပါကွာ၊ ဦးအောင်မောင်း မျိုးဆက်ကို စောင့်ကြည့်ရသေးတာပေါ့။ ကဲ... လာ၊ ငါ့သား မြန်မာထမင်းဟင်းနဲ့ ဝေးနေတာ။ အိမ်မှာ ရှယ်ချက်ခိုင်းထားတယ်"

"မေမေ့လက်ရာလား"

"အမေ့လက်ရာ စားချင်ရင် အမေ့အိမ်ထမင်းဆိုင်သာ သွားစားတော့ သားရေ။ မင်းအမေတော့ အားမကိုးနဲ့"





"အမယ်လေး... သားပန်းကန်ထဲ မေမေကိုယ်တိုင် ဟင်းခတ်ထည့်ပေးမှာပါ သားရယ် မပူပါနဲ့"

သူတို့တစ်မိသားစုလုံး ရယ်ရယ်မောမောနဲ့ အိမ်ပြန်လာကြသည်။ အိမ်ဆည်းလည်းလေး ပြန်လာတဲ့နေ့ဆိုတော့ သုခရိပ်မြုံမှာ ရယ်သံတွေ ဝေဆာလို့ပေါ့။

ဦးအောင်မောင်းကတော့ မြေကြီးရွှေတုံး ချစ်မဆုံးဆဲ။ ပီတိတွေ တပြုံးပြုံးနဲ့ပေါ့။

ထမင်းစားခန်းမှာလည်း လက်တွေ ရှုပ်နေကြသည်။ အာကာ့ ပန်းကန်းထဲ ဟင်းတွေခပ်ထည့်ပေးနေကြတာပါ။

အာကာစိုးထည်က အိမ်ရှိအလုပ်သမားတိုင်းအတွက် လက်ဆောင်တွေ ပါလာသဖြင့် အလုပ်သမားတွေလည်း ပျော်နေကြသည်။

"My son မေမေမှာတဲ့ အိတ်နဲ့ရေမွှေး ပါလား"

"ပါတာပေါ့ မေမေရဲ့။ ဘိုးဘိုးဖို့က နာရီအသစ်ထွက်လို့ ဝယ်ခဲ့တယ်။ ဖေဖေက ခါးပတ်နဲ့ ဖိနပ်နော်"

"အေး... ဟုတ်တယ် သား"

ထမင်းစားပြီးတော့ ဧည့်ခန်းထဲမှာ သစ်သီးစုံအချို့ စားရင် ဦးအောင်မောင်းက ချောင်းဟန့်လိုက်သည်။ ဒီအနေအထားဆို ဦးအောင်မောင်းမှာ အလေးအနက် ပြောစရာ တစ်ခုခု ရှိတာ တစ်အိမ်လုံး သဘောပေါက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မြေးကြီး… မင်း ဟိုမှာ ချစ်သူရည်းစားတွေ ဘာတွေများ တွေ့ခဲ့သေးလားကွ"

"နည်းနည်းပါးပါး တွဲရုံကလွဲရင် Heart ထိလောက်စရာတော့ မတွေ့ပါဘူး ဘိုးဘိုးရယ်။ ကိုယ့်လူမျိုး မဟုတ်တာတွေကျတော့ မျက်စိမတွေ့၊ မြန်မာမတွေကျတော့လည်း ခေါင်းခွင်တဲ့လူနဲ့ အရုပ်ပုတဲ့လူနဲ့ မက်လောက်စရာ တစ်ယောက်မှ မတွေ့"

"ကောင်းပြီ၊ အခု မြေးမှာ သဘောကျစရာ မတွေ့ဘူးဆိုရင် ဘိုးက သင့်တော်ရာရှာပြီး စေ့စပ်ပေးထားမယ် ဆိုရင်ရော"

"ရှာပေးရလောက်အောင် အထိတော့ မလုပ်ပါနဲ့ ဘိုးဘိုးရာ။ သားဘာသာပဲ ခံစားပါရစေ"

"ကောင်းပြီ၊ သားကြိုက်တဲ့သူကို လက်တွဲခွင့်ရှိတယ်။ ဒါပေမဲ့ သားကြိုက်တဲ့သူက ဘိုးတို့မိသားစုထဲ တန်းတူဝင်ဆံ့နိုင်တဲ့သူ၊ ဘိုးတို့ လက်ခံနိုင်တဲ့ အနေအထားတော့ ရှိပါစေ"

"ဟုတ်"

"ဘိုးဘိုးစကားကို နှစ်ခါမပြောဘူးနော်"

"ဟုတ်ကဲ့ပါ ဘိုးဘိုး"





"အထူးသဖြင့် မိန်းမ ပီသတာထက် ထူးချွန်ထက်မြက်တဲ့ မြေးချွေးမမျိုးပဲ လိုချင်တယ် မြေးရေ"

"ဟုတ်"

"ထမင်းပွဲရှေ့ရောက် လုပ်ရမှာ အိမ်ဖော်တွေ အလုပ်ပဲ။ အဓိက မြေးနဲ့တန်းတူ လူဘုံအလယ် ဝင့်ထည်နိုင်တဲ့သူ ဖြစ်ရမယ်။ ဘိုး ပြောတာ သဘောပေါက်လား"

"ဟုတ်ကဲ့ ဘိုး"

"ကဲ… မြေး သွားနားလိုက်ပါဦး။ ဘိုးလည်း အပြင်သွားစရာရှိသေးလို့"

"ဖေချစ်ကတော့ ဒီနေ့ သားနားမှာပဲနေမယ် ကိုကိုရော"

"ကိုကိုတော့ အပြင်ခဏ သွားလိုက်ဦးမယ်"

"အိုကေလေ"

❖ ✧ ❖



www.burmeseclassic.com

www.burmeseclassic.com



အာကာစိုးထည်။

ရုပ်ချော၊ ဥစ္စာပေါ၊ ပညာတတ်။ သူဌေးကြီး ဦးအောင်မောင်းရဲ့ အမွေကို ဆက်ခံမည့် တစ်ဦးတည်းသော မျိုးဆက်သစ်။

ဒီလိုအရည်အချင်းတွေ ပိုင်ဆိုင်ထားတဲ့ အာကာစိုးထည်ကို ပျိုမေတွေ ဝိုင်းဝိုင်းလည်နေသလို သမက်တော်ချင်တဲ့ သူတွေလည်း ဝိုင်းနေသည်။

ဖေဖေချစ်ဆီ မိန်းမချင်းဝင်တဲ့ သမီးတွေရှိသလို ဦးအောင်မောင်းကို ကပ်တဲ့သူတွေ၊ ထင်စိုးထည်ကို စသလို နောက်သလို စကားစတဲ့သူတွေလည်း ရှိသည်။

ထင်စိုးထည်ရော ဖေဖေချစ်ပါ စကားမလွန်ရဲ ဦးအောင်မောင်း ကိုယ်တိုင်က အာကာစိုးထည် သဘောလို့ ပြော ထားသဖြင့် ဘယ်သူမှ စကားမကျွံရဲ။

အာကာစိုးထည်ကလည်း ဦးထင်စိုးထည်လို ဝ ထမ်းတွေအပေါ် သက်ညှာကာ သဘောထား ပြည့်ဝပါသည်။





ပြီးတော့ မိန်းကလေးတွေနဲ့လည်း ထည်လဲတွဲသည်။ ချစ်သူရည်းစားရယ်လို့ တွဲတာမဟုတ်ဘဲ တွဲသွားတွဲလာ သက်သက်ပါ။ ဒါပေမဲ့ သူ့အပြုအမူဟာ မိန်းကလေးတွေရဲ့ မျှော်လင့်ချက်ကို ရေလောင်း ပေါင်းသင် ပေးသလို ဖြစ်နေသည်။ ဒါပေမဲ့ ဘယ်မိန်းကလေးမှ ခုထိ သရဖူမဆွတ်ခူးနိုင်သေး။

အာကာစိုးထည်နဲ့ တွဲသမျှ မိန်းကလေးတိုင်းဟာ ပညာတတ် သူဌေးသမီးတွေ၊ သူဌေးမလေးတွေ၊ အများက ဂုဏ်သရေရှိ အမျိုးသမီးဟု သတ်မှတ်ထားသူတွေချည်းပါပဲ။

ရေလာမြောင်းပေးလုပ်တာ ပညာသားပါသည်။ မြင်းကမလှုပ် ခုံကလှုပ်နေပေမယ့် ဣန္ဒြေလေးနဲ့ပေါ့။ ပညာတတ် မိန်းကလေးတွေပီပီ ပညာသည်အဆင့် ဂုဏ်သရေရှိရှိကလေး မြောင်းဖောက်တတ်ကြသည်။

အာကာစိုးထည်ကို စွဲဆောင်ဖို့ ဆံပင်ရှည်စရာမလို၊ မြန်မာဆန်စရာမလို၊ sexy ကျစရာမလို၊ မိန်းမပီသဖို့မလို။ အဓိက လိုအပ်တာ ထူးချွန်ထက်မြက်ဖို့တဲ့။ ဦးအောင်မောင်း ဩွင့်ထားတဲ့ သတင်းအရ ပါးပါးလေး လှုပ်ရှားပြရသည်။

တကယ်တော့ သိပ်ကို ထူးချွန်ထက်မြက်တဲ့ မိန်းမတွေဟာ ယောကျ်ားတစ်ယောက်အပေါ် မှီခိုချင်စိတ်မရှိတတ်ပါ။ သိပ်ထက်မြက်တဲ့ အမျိုးသမီးတွေဟာ အိမ်ထောင်ပြုတဲ့အခါမှာ သည်း အကျိုးအမြတ်ကို ဦးစားပေးပြီး ချေးတွက် တွက်ယူတတ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အနည်းစုကသာ အချစ်ကို ဦးစားပေး၊ အချစ်ကို... ကွယ်ပြီး အိမ်ထောင်ပြုတတ်ကြတာပါ။ အာကာစိုးထည်နား... ဝန်းရံခနေသော ထက်မြက်တဲ့ မိန်းမသားများဟာလည်း ကျ... ပျူတာဦးနှောက်တွေနဲ့ပါ။

စိန်ချင်းထပ်ပြီး ပိုမြတ်ချင်နေကြတဲ့ သူတွေ... တကယ်တမ်းကျတော့လည်း ဂုဏ်,ဂုဏ်ချင်းထပ်ကြတဲ့ ခေတ်... လေ။ ဂုဏ်ချင်းထပ်ပြီး မြတ်ချင်ကြတဲ့ခေတ်မှာ ဂုဏ် မြင့်သူ... ပီပီ သိပ်ပြီးခဲယယတော့ မရှိပါ။

အာကာစိုးထည်ကလည်း လည်ပါသည်။ သူ့န... လာဝဲနေတဲ့ ပန်းဝတ်မှုံလေးတွေကို အနီးကပ်လေ့လာနေသည်... သူ လေ့လာနေတာက သူမတို့ရဲ့ထက်မြက်မှု မဟုတ်။ သူလို... တာ သူမတို့ရဲ့ စိတ်သဘောထား မြင့်မြတ်မှု။

ဘယ်လောက်ပဲတော်ပြီး ထက်မြက်နေပါစေ စိ... သဘောထား ကြီးမြတ်မှု မရှိရင် တန်ဖိုးမရှိပါ။ စိတ်ထား... မြတ်မှု နားလည်မှု ရှိမှပါ။ နားလည်မှု ရှိမှလည်း ဘဝက ... ပျော်မှာပါ။ တစ်ဖက်စောင်းနင်း အတ္တတွေ ကြီးနေလို့ကတော့ ... အလကားပါ။

နေ့ရက်တွေတိုင်း ပျော်ရွှင်အေးချမ်းနေမှ နေထိုင်... တာ အဓိပ္ပာယ်ရှိမှာပါ။ အငြိုကားနေရင်း ပူလောင်မော... ဒေါသတွေ၊ စိတ်မချမ်းမြေ့မှုတွေနဲ့ ကုန်ဆုံးနေရမယ်ဆိုရင် ... ဖြစ်ရကျိုး ဘယ်နပ်ပါ့မလဲလေ။





ဗိုက်ဆံက ဘယ်လောက်ပဲ ချမ်းသာ ချမ်းသာ တစ်ဝမ်းတစ်ခါးထက် ပိုမစားနိုင်ပါဘူး။ တစ်ကိုယ်စာထက် ပိုမ တတ်နိုင်သလို တစ်ကိုယ်စာထက်လည်း ပိုမနေနိုင်ပါဘူး။

စားဝတ်နေရေး ဖူလုံပြည့်စုံရုံရှိရင် တော်ပါပြီ။ လောဘတွေ ထပ်မကြီးချင်တော့ပါ။ အဓိက စိတ်ချမ်းသာဖို့ပါပဲ။

ဒီဘဝမှာ သဲကြီးမဲကြီး လောဘတကြီးနဲ့ စီးပွား ရှာဖွေပြီး ပူလောင်နွမ်းလျနေလို့လည်း ပိုင်ဆိုင်တယ် ထင်သမျှ သေရင် ထားခဲ့ရမှာပဲလေ။ တကယ် ပိုင်ဆိုင်တာမှ မဟုတ်တာ။

အဲ... လောဘတွေ မောဟတွေ ဒေါသတွေကတော့ ကိုယ့်နောက်ပါလာမှာ သေချာတယ်လေ။

ထို့ကြောင့် အာကာစိုးထည် သဘောကတော့ စိန် ကိုစိန်ချင်း မထပ်လို၊ ဂုဏ်ဆိုတာလည်း အစစ်မဟုတ်တဲ့ ပကာ သနသဘောတွေမို့ စိတ်ထားလှသူကိုသာ ရွေးချယ်လိုသည်။

ကမ္ဘာ့အဆင့်မီ ဖြူနီပြာဝါ ရောင်စုံအလှပလေးတွေ တွေ့ဖူး မြင်ဖူးထားသူမို့ တော်ရုံရုပ်အလှလောက်ကိုတော့ မထိ မငြိတော့။

သူ့ရှာဖော စိတ်အလှတရားမို့ မိန်းကလေးတွေကို အနီးကပ် ပေါင်းကြည့်ကာ သူမတို့ရဲ့ စိတ်ဓာတ်ကို အရောင်ခွဲ ကြည့်နေတာပါ။



www.burmeseclassic.com

www.burmeseclassic.com



ပြောရမယ်ဆိုရင် အာကာစိုးထည်က ဂျင်ပေါက်ကထုံး ပေါ့။ သူ့သဘောကျတဲ့ စိတ်အလုပိုင်ရှင်တွေ့ရင် မထက်မြက် လည်းရတယ်။

အဘိုးဖြစ်သူရဲ့ သတ်မှတ်ချက်ကိုလည်း သူ လိုက် နာမှာ မဟုတ်။ သူ မှန်တယ်ထင်တာကိုပဲလုပ်မှာ။ အာကာ စိုးထည်ရဲ့ ပင်ကိုစိတ်ကို အဘိုးရော မိဘတွေပါ အကဲမခတ်မိပါ။

သူတို့သိတာက အာကာစိုးထည် ဆိုတာ ထူးခြားတဲ့ နက္ခတ်နဲ့ မွေးဖွားလာတယ်ဟုပဲ နားလည်ထားကြတာပါ။

အာကာစိုးထည်ရဲ့ အတွေးတွေက ဘယ်တော့မှ သူများနဲ့ မတူတာလည်း အမှန်ပါပဲလေ။

ကလေးအရွယ်တည်းက အကြောင်းအရာတစ်ခုကို လေးလေးနက်နက် တွေးတော စဉ်းစားတတ်သူပါ။

အိုင်ကျူမြင့်တယ်ပဲ ခေါ်ရမလား။ တော်ရုံဉာဏ် ရည်လောက်နဲ့တော့ အာကာစိုးထည်ကို လိုက်လို့မမီနိုင်ပါ။

သူ မြန်မာပြည် ပြန်ရောက်ပြီး နောက်တစ်နေ့မှာ ပဲ ကုမ္ပဏီကို လိုက်သည်။ ဝန်ထမ်းတွေနဲ့ လိုက်လျောညီထွေ ဖြစ်အောင် နေတတ်သလို နိုင်းလည်း နိုင်းတတ်သည်။

အလုပ်ကိစ္စ ဆုံးဖြတ်ချက်ချရာမှာ တိကျသလို မှန်လည်းမှန်သည်။





အလုပ်နဲ့ ပတ်သက်ရင် စည်းကမ်းတိကျပေမယ့် လူမှုရေးဘက်မှာ အရမ်းကို ကြည့်ပေးတာမို့ ဝန်ထမ်းတွေက လည်း သူ့ကို ချစ်လည်းချစ်၊ လေးလည်း လေးစားကြသည်။

သေချာတာက အာကာစိုးထည်က ဦးထင်စိုးထည် ထက် ပိုပြီးထက်မြက်ကာ အဖေထက် သားတစ်လှမ်း ပိုနေတတ် သော သားမျိုးပါ။ ဦးအောင်မောင်းကတော့ မြေးဖြစ်သူကို သဘောတွေ ကျပြီးရင်းကျလို့။

❖ ✧ ❖



www.burmeseclassic.com

www.burmeseclassic.com



*

ခုတစ်လော အကာစိုးထည်နားမှာ ဝဲနေတဲ့ လိမ်ပြာလေးက မေကိုကိုတဲ့။

မေကိုကိုက လက်ချိုးရေတွက်လို့ရတဲ့ ထိပ်တန်းသူဌေးတစ်ယောက်ရဲ့ အချစ်ဆုံး တစ်ဦးတည်းသော သမီး။ သူ့လိုပဲ အင်္ဂလန်မှာ ကျောင်းတက်ထားသူလေး။ သူ့ဖခင်ရဲ့စီးပွားရေးလုပ်ငန်းတွေမှာ ဝိုင်းကူလုပ်ရင်း ပညာယူနေသူလေး။ ပြောရမယ်ဆိုရင် ဘိုးဘိုးဦးအောင်မောင်း အကြိုက် ထက်ထက်မြက်မြက်ကလေးပေါ့။

ရွှေလင်ပန်းနဲ့ အချင်းဆေးထားသူမို့ ညို့ပေမယ့် အကောင်းစား အလှပြင်ပစ္စည်းတွေအစွမ်းနဲ့ ညက်ညက်ကလေး လှနေသည်။ စတိုင်လ်တွေ ဒီဇိုင်းတွေ ဆိုတာလည်း ခေတ်စကားနဲ့ ပြောရရင် လန်ထွက် ပျံတက်နေပါ၏။

ခင်ချင်စရာ၊ ချစ်ချင်စရာလေးပါ။ စကားပြောတဲ့လေယူလေသိမ်းကအစ စွဲဆောင်မှုအပြည့်။ သာမန်ယောက်ျားတစ်ယောက်ဆို ရူးသွားလောက်သည့် စွဲဆောင်မှုမျိုး။ ငယ်ဂုဏ်





လေးနဲ့ နုပျိုနေသူလေး။ မေကိုကို့ကို လိုချင်သည့် ပုရိသတွေ ဝိုင်းဝိုင်းလည်နေပါသည်။

ခေတ်ဆန်ဆန်ပဲ ဝတ်ဝတ်၊ မြန်မာဝတ်စုံပဲဝတ်ဝတ်၊ အထာကျကျ ဝတ်တတ်လွန်းသည်။ လက်ရှိနာမည်ကြီး မြန်မာမော်ဒယ်လ်တွေတောင် အလေးပြုရမည့် အချိုးအစားမျိုးပါ။

သူမလေးက အာတာစိုးထည်ကိုမှ သဘောကျနေသည်။ မိဘချင်းလည်း ရင်းနှီးကာ ပါတနာတွေဆိုတော့ သူတို့နှစ်ယောက်လည်း ကလေးဘဝတည်းက သိကျွမ်းခင်မင်ခဲ့ပါသည်။

ကလေးတည်းက သူမလေးက သူ့ထက် သုံးနှစ်လောက် ငယ်တာမို့ ကိုကိုဟုပဲ ခေါ်ခဲ့တာ။ ဟိုတုန်းကတော့ မောင်နှမလို ခင်ကြတာ။ ခုတော့ မေကိုကိုဘက်က သံယောဇဉ် အရောင်ပြောင်းခဲ့သလို နှစ်ဖက်မိဘတွေကလည်း သူတို့ကိုသဘောတူချင်နေကြပါသည်။

ဦးအောင်မောင်း ကိုယ်တိုင် သဘောကျနေတဲ့ မြေးချွေးမလေး ဆိုရင်လည်း မမှားပါ။

အာကာစိုးထည် ကိုယ်တိုင်လည်း ညီမလေးတစ်ယောက်လို ချစ်ခင်ရင်းစွဲရှိတယ်ဆိုတော့ တွဲသွား တွဲလာ အများဆုံး ဖြစ်နေတာပေါ့။ အားလုံးကတော့ ရွှေမင်းသားနဲ့ ရွှေမင်းသမီး ရွှေလက်တွဲကြမယ်ပဲ ထင်နေကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ခင်မင်ရင်းနှီးသူတွေကလည်း စကြသည်။ အာကာစိုးထည်က ယောကျ်ားလေးဖြစ်နေလို့ အားနာမှုနဲ့ မငြင်းသလို မေကိုကိုကလည်း မငြင်းပါ။ မေကိုကိုဘက်က ယုံကြည်မှုအပြည့်ပါ။ တစ်နေ့ အာကာစိုးထည်ကို သူမပဲ ပိုင်ဆိုင်ရမည်ဟု သေချာလျက်။

အခြေအနေကလည်း အဲလိုထင်ချင်စရာဖြစ်နေတာကိုး။ ဒါပေမဲ့ သူမ အာကာစိုးထည်စိတ်ကို မသိတာတော့ သူမရဲ့မဟာအမှားပါ။

❖ ✧ ❖





"ဟဲလို"

"ကိုကို... ဒီည ဒင်နာလိုက်ကျွေး"

"ဟား... ဒီည သူငယ်ချင်းတွေနဲ့ ဒိတ်ထားပြီးသား ဖြစ်နေပြီ။ ဘယ်လိုလုပ်ရပါ့"

"ဩော်... ရပါတယ် ကိုကိုရဲ့၊ ပြောစရာလေး ရှိလို့ပါ။ ဒင်နာစားရင်း ပြောမလားလို့ ကိုကို မအားရင်လည်း ရပါတယ်"

"ဘာပြောမလို့လဲ။ ခုပြောလေ"

"မနက်ဖြန် မေကို့ မွေးနေ့လေ။ အဲဒါ ကိုကို့ဆီကမွေးနေ့လက်ဆောင် တောင်းမလို့"

"အင်း... ဘာလိုချင်လဲ ပြော၊ ကိုကိုပေးမယ်"

"ကိုကို ဘာပေးချင်လဲ"

"ကိုကို ပေးတာထက် မေကို လိုချင်တာ ပေးရတာက ပိုကောင်းတာပေါ့"

"ဒါဆို မေကို တောင်းမယ်နော်၊ ကိုကို မငြင်းဘဲ မဖြစ်မနေ ပေးရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ပေးမယ်ကွာ"

"ကတိနော်"

"ကတိ"

"ဒါဆို မနက်ဖြန်ကျရင် မေကို့ကို viber ကနေ ကတ်တလီယာသစ်ခွပုံ တစ်ရာ့တစ်ပုံတိတိ ရောက်အောင်ပို့ရမယ်။ ပုံလည်း မထပ်ရဘူးနော်"

"တစ်ရာ့တစ်ပုံ"

"အင်းဆို"

"ဟား… ဒါ မြန်မာနိုင်ငံနော် ကလေးမ။ ဒီက ကွန်နက်ရှင်နဲ့"

"မသိဘူး… ကိုကို ပေးမယ်လို့ ကတိပေးပြီးပြီနော်။ ရအောင် ပို့ပေးရမယ်။ ဒီည ဆယ့်နှစ်နာရီကနေ မနက်ဖြန်ည ဆယ်နာရီထိအတွင်း တစ်ရာ့တစ်ပုံပြည့်အောင် ပို့ရမယ်နော် ကိုကို"

"အိုခေ… ပို့ပေးမယ်"

"တကယ်နော် ကိုကို၊ လှလှလေးနော်၊ ကတ်တလီယာပဲနော်။ တခြားသစ်ခွ မလိုချင်ဘူး"

"အေးပါကွာ… ပို့ပေးမယ်။ ဒါဆို ကိုကို ဖုန်းချပြီ၊ အလုပ်ရှိသေးလို့"

"ဟုတ်ကဲ့ ကိုကို"





အာကာက ဖုန်းချပြီး ပြုံးလိုက်သည်။ ဝန်ထမ်းတစ်ယောက်ခေါ်ကာ ကတ်တလီယာသစ်ခွပုံတွေ အင်တာနက်ထဲမှာ ရှာစုခိုင်းလိုက်သည်။ တစ်ရာ့တစ်ပွင့်ပြည့်အောင် ရှာခိုင်းလိုက်သည်။

မေကိုကိုက မနက်ဖြန် တစ်နေ့လုံး သူမကို အာကာနီးထည် သတိရနေစေမယ့် အကွက်မျိုး ရွှေ့လိုက်တာပါ။ အာကာနီးထည်က ပန်းပုံတွေရဖို့ ဝန်ထမ်းကိုပဲခိုင်းကာ မနက်ဖြန်လည်း ဝန်ထမ်းတစ်ယောက်ကိုပဲ ပို့ခိုင်းမှာပဲ။

သူ မနက်ဖြန် အရေးတကြီး အလုပ်တွေ ရှိနေသည်။ သူမဆီ ကိုယ်တိုင်မပို့အားပါ။ တစ်ခုတော့ ရှိသည်။ ကတ်တလီယာတစ်ရာ့တစ်ပွင့် ဝယ်မရရင်တောင်မှ ရသလောက် ပန်းစည်းတော့ သူမဆီ ပို့ခိုင်းလိုက်ပါသည်။ တိုက်တိုက်ဆိုင်ဆိုင် ဆယ့်တစ်ပွင့်ပဲ ရသည်။ ကတ်တလီယာ ဆယ့်တစ်ပွင့်ကို ပန်းစည်းစည်းပြီး သူမဆီ သွားပို့မှာလည်း သူကိုယ်တိုင် မဟုတ်ဘဲ floral service က ဝန်ထမ်းတစ်ယောက်ပါပဲ။

သူ့စိတ်ထဲမှာ မေကိုကို့ကို ညီမတစ်ယောက်ထက် ဆိုပါ။

မေကိုကိုကတော့ သူမမွေးနေ့မှာ ကိုကိုများ propose လုပ်မလားဟုလည်း မျှော်လင့်မိသလို သူမ လိုချင်တာ ပန်းစည်းမဟုတ်ဘဲ စိန်လက်စွပ်တစ်ကွင်းနဲ့ ချစ်ခွင့်ပန်တာမျိုးပါ။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်ပဲ ပိုက်ဆံချမ်းသာပါစေ။ တန်ဖိုးထား ချစ်ရေးဆိုတာကိုတော့ လိုချင်တာပဲလေ။ မိန်းမသားကိုး။ ပိုက်ဆံ ရှိ သူဌေးမတစ်ယောက်ပီပီ စံပယ်တွေ ခရေတွေကို ဂုဏ်နိမ့်တယ် ထင်လို့ ကတ်တလီယာပန်းကိုသာ အထိမ်းအမှတ် သတ်မှတ်ကာ အမှတ်တရ တောင်းခဲ့တာ။

ထကယ်တမ်းကျတော့ ပန်းစည်းကို ကိုယ်တိုင် တောင် လာမပေး။ ဒီအနေအထားအရ မေကိုကိုကလည်း သိလိုက် ပါသည်။ ခတ်ပုံတွေ ပို့တာလည်း ဝန်ထမ်းတစ်ယောက်ကိုပဲ ပို့ခိုင်းမှာပဲလို့။

"Happy birthday sis."

ဆိုတဲ့ Mesaage လေးတောင် သူကိုယ်တိုင်ပို့တာ မှ ဟုတ်ရဲ့လား။ မေကိုကို နည်းနည်းတော့ ခံပြင်းသွားမိသည်။ ဒါပေမဲ့ သူမ လွယ်လွယ်နဲ့တော့ လက်မလျှော့နိုင်။

❖ ✧ ❖





သူ Junction square မှာ ကားပါ့ခ်ထိုးပြီးဆင်းကာ ခတ်လှေကားရှိရာ သွားနေတုန်း…

"ဒီမှာ… ဒီမှာ"

မိန်းကလေးတစ်ယောက်အသံ ကြားလို့ လှည့်ကြည့် လိုက်တော့ ကောင်မလေးတစ်ယောက် တီရှပ်နဲ့ ဂျင်းပင်အရှည် လေးကို ပွပွလေး ဝတ်ထားသည်။ အတိုအကျပ်တွေ ဝတ်နေတဲ့ ခေတ်မှာ တီရှပ်ပွပွနဲ့ ဂျင်းဘောင်းဘီအရှည်ဟာ ဒိတ်အောက်နေ သော ဖက်ရှင်လို့ ဆိုရမှာပါ။ ဒါပေမဲ့ သူ့မျက်စိထဲမှာတော့ ကြည့်ကောင်းနေသည်။

ခုခေတ်မှာ ဆံပင်ပုံစံကို အဖြောင့် အကောက် ကာ လာရောင်စုံ အမျိုးမျိုးနဲ့ စတိုင်လ်ထုတ်နေကြတဲ့ အချိန်မှာ ဒီ ကောင်မလေးကတော့ ဆံပင်ကို ဒိုင်ယာနာကေ တိုတိုလေးညှပ် ထားသည်။ ဒိုင်ယာနာလို ရွှေရောင်ဆံပင်တော့ မဟုတ်။ အနက် ရောင် ပြောင်လက်နေသည်။

မျက်နှာမှာလည်း ဘာမိတ်ကပ်မှ မရှိ။ ဒါပေမဲ့ သူမ နှုတ်ခမ်းနီ ဆိုးထားပုံထောက်တော့ ဘောပြားတော့ မဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နိုင်။ နားမှာလည်း နားကွင်းအကြီးကြီးနဲ့။ တကယ်ပါ၊ သူမ စတိုင်လ်က လွန်ခဲ့တဲ့ ဆယ်နှစ်လောက်မှာ ကျန်ခဲ့ပါပြီ။

"ဒီမှာ... ခေါ်နေတာ မကြားဘူးလား။ ဘာကြောင်ကြည့်နေတာလဲ"

"ဗျာ"

"ကြောင်တောင်တောင်နဲ့ ဒီမှာ ရှင့်ပိုက်ဆံအိတ် ထွက်ကျသွားတာတွေ့လို့ လိုက်ပေးတာ။ ရှင် ကားပေါ်က ဆင်းတည်းက ထွက်ကျသွားတာ"

"ကျေးဇူးပါပဲဗျာ"

"နမော်နမဲ့နဲ့... ဟင့်"

မဲ့ကာရွဲ့ကာ ပြောပြီး လှည့်ထွက်သွားသည်။

"ဟိတ်... ဟိတ်... နေဦး"

"ဘာလဲ... ရှင့်ပိုက်ဆံအိတ် ဖွင့်တောင်မကြည့်ထားဘူး"

"မဟုတ်ပါဘူး၊ ကျေးဇူးတင်လို့ပါ၊ တစ်ခုခု လိုက်စားပါလား"

"ခုပဲ စားပြီး ဆင်းလာတာ၊ ပြန်တော့မှာ"

"သြော်... နာမည်လေး တစ်ဆိတ်လောက်"

"ဘာလဲ... ကားပါကင်မှာ ရှင်နဲ့ ကျုပ် နှစ်ယောက်တည်းဆိုပြီး အီစီကလီထုချင်သေးတာလား။ အဲဒါမျိုးတွေဆို ရွံတတ်တယ်၊ မြန်မြန်ရှောင်း"





ပြောပြီးတာနဲ့ ထွက်သွားသည်။ သူမ၏ vitz ကား အနီလေးပေါ်တက်ကာ မောင်းထွက်သွားသည်။

ချစ်စရာလေး။ ရင်ထဲတောင် လန်းဆန်းသွားသည်။ သူ မိုက်ဆာတာနဲ့ သူမနောက် ဆက်မလိုက်နိုင်တော့။ အပေါ်တက်ကာ ဗိုက်ဖြည့်လိုက်သည်။

မုန့်စားပြီး Junction square က ပြန်ထွက်လာတော့ မေကို့ဆီက ဖုန်းဝင်လာသည်။

"ကိုကို စားပြီးပြီလား"

"ခုပဲ စားပြီးပြီ"

"ဟင်း... တစ်ယောက်တည်း စားရမှာ ပျင်းလို့ အဖော်စပ်မလို့ဟာကို၊ မွေးနေ့တုန်းက ဘာမှမကျွေးရသေးတာကိုလည်း အကြွေးဆပ်ချင်လို့လေ"

"ဒါဆို ညနေ ကျွေးလေ။ ကိုကို ညနေ အားတယ်"

"ဒီညနေ မအားဘူး ကိုကိုရဲ့။ ဒယ်ဒီတို့နဲ့ ဒင်နာသွားစရာရှိတယ်"

"အလုပ်တွေ ကျပ်နေတာနဲ့ တွေ့ဖို့တောင် မလွယ်ဘူး"

"ကိုကို အခုခဏ လာခဲ့ကွာ"

"အိုခေ... အိုခေ"

သူမဆီသွားကာ သူမ နေ့လယ်စာစားတာကို ကော်ဖီတစ်ခွက်သောက်ရင်း အဖော်လုပ်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မေကိုကိုက အိမ်က ထမင်းချိုင့် သယ်လာသည်။ ထမင်းက တစ်ယောက်စာပဲ။ ဟင်းက ငါးဆင့်ချိုင့်နှင့် ငါးမျိုး။ အချိုပွဲလည်း ပါသေးသည်။

မေကိုကိုတို့အိမ်မှာ စားဖိုမှူးတစ်ယောက်ကို သပ်သပ်ခန့်ထားသတဲ့။ အပြင်စာတွေ မစားချင်လို့ စားချင်တာကို အိမ်မှာပဲ လုပ်ခိုင်းသတဲ့။ စားလို့လည်း ကောင်းပါသည်။ လက်ရာကရှယ်ပဲ။ တကယ်ဆို မေကိုတို့က သူတို့ထက်တောင် ပိုချမ်းသာသည် ထင်ရဲ့။

❖ ✧ ❖





သူနဲ့ မေကိုတို့ ကန်တော်မင်ပန်းခြံထဲက ရွှေဘဲမှာ ခင်နှာလာစားတာပါ။ သူတို့စားနေတုန်း တစ်ဖက်ဝိုင်းမှာ ကောင်လေးတစ်ယောက်ကို တွေ့လိုက်သည်။ သူ့ပိုက်ဆံအိတ် ထွက်ကျတာကို လိုက်ပေးသော ကောင်မလေးပါ။

ကောင်မလေးက တစ်ယောက်တည်းပါ။ သိပ်ညဥ့်နက်သေးဘူး။ ခုနစ်နာရီပဲ ရှိသေးတယ် ဆိုပေမယ့် ဒီဆိုင်မျိုးဟာ ရှော့ပင်စင်တာထဲ ဖွင့်ထားသော ဆိုင်မျိုးမဟုတ်။ တမင်တကာ တကူးတက လာစားရသော ဆိုင်မျိုးမှာ တစ်ယောက်တည်းဆိုတော့ ထူးဆန်းနေသည်။

ဒါတာ နှစ်ဆယ့်တစ်ရာစု ဆိုပေမယ့် သူမစတိုင်လ်က နှစ်ဆယ်ရာစုစတိုင်လ်လေ။ သူမကလည်း သူ့ကို တွေ့ပါသည်။ သူ့ဘေးက မေကို့ကိုလည်း ခပ်လျှမ်းလျှမ်း တစ်ချက်လှမ်းကြည့်သည်။ သူ ပြုံးပြလိုက်တော့ မသိချင်ယောင်ဆောင်ကာ ထမင်းကြော်ကို ငုံ့စားနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထမင်းကြော်တစ်ပွဲနဲ့ အအေးတစ်ခွက်၊ ပြီးတော့ ဘဲကင်တစ်ပွဲ။ သူမကို ကြည့်ရတာ အထီးကျန်လိုက်ရာ။ သူမက တော့ ဘေးဘီကို လုံးဝဂရုမစိုက်သည့် အထာနှင့် သူမစားနေ တာကိုပဲ အာရုံစိုက်နေသည်။

“ကိုကို့ အသိလား”

“အင်း”

“ဪ”

မေကိုကိုက ဘာမှထပ်မမေးတော့ပါ။ သူမကလည်း စားပြီး ပိုက်ဆံရှင်းကာ ထထွက်သွားသည်။ သူနဲ့ မေကိုတို့က အေးဆေးဆေး စားနေကြတာပါ။ သူမကို နှုတ်ဆက်ချင်သော် လည်း သူမနာမည် မသိတာမို့ နှုတ်ဆက်ရ ခက်နေသည်။

ဒင်နာစားပြီး သူတို့ ပြန်ထွက်လာတဲ့အထိ သူမ ကားကို ကားပါ့ခ်မှာ တွေ့နေရသေးသည်။ သူမ မပြန်သေးဘူး ပေါ့။ ပန်းခြံထဲများ လမ်းလျှောက်နေသလား။

မေကိုနဲ့ သူ ကားကိုယ်စီနဲ့ လာတာမို့…

“မေကို ပြန်နှင့်တော့။ ကိုကို သွားစရာ ရှိသေးလို့”

“အိုခေ”

မေကိုကိုဟာ အဆင့်အတန်းကို ကိုးကွယ်သော ဂုဏ်သရေရှိ အမျိုးသမီးပီပီ မေးခွန်းတွေ သိပ်မများပါ။ စင်း တာကို အဆင့်အတန်းမရှိဘူးဟု သတ်မှတ်ထားသူပီပီ သူ့ရာ အကြောင်းလည်း မစပ်စုပါ။





မေကို့ကား ထွက်သွားတော့မှ သူ သူမကားနား သွားကြည့်တော့ သူမကို ကားထဲမှာ ထိုင်နေတာ တွေ့ရသည်။ မှန်ချထားတာမို့…

“ချာတိတ်… မပြန်သေးဘူးလား”

“ချာတိတ် ခေါ်ရအောင် ရှင်ကတောင် ကျွန်မထက် ငယ် ဦးမယ်”

“ဟုတ်လား”

“တစ်ခုလောက် ကူညီမလား”

“ပြောလေ”

“ကား ဆီကုန်သွားလို့”

“ဟော… ဖြစ်ရမယ်၊ ဆီကုန်တဲ့အထိများ မောင်းရတယ် လို့ကွာ၊ ရန်ကုန်မြို့မှာ ဆီဆိုင်တွေ ဒီလောက်ပေါတာ။ ဘယ်နားဝင်ထည့်ထည့် ရတယ်”

“သိတယ်လေ၊ စိတ်နဲ့ကိုယ် မကပ်တော့ ဆီဂိတ်ကိုမကြည့် မိတာ”

“ဖြစ်ရလေ၊ ဒီပုံနဲ့ ကားကြည့်မောင်း။ စောစောစီးစီး ရှောနေဦးမယ်”

“သေလည်း အေးတာပဲ။ ကဲပါ… ကူညီမလား မကူညီ ဘူးလား”

“ကူညီပါ့မယ်၊ လုံးလုံးမောင်းလို့ မရတာလား”



www.burmeseclassic.com

www.burmeseclassic.com



"ရရင် ဒီမှာတောင် မရှိတော့ဘူး"

"ဆီပိုက်ပါလား"

"ပါတယ်"

သူ့ကားထဲကဆီ ကဲ့ပေးလိုက်သည်။

"ကျေးဇူးပဲ၊ ရော့... ဆီဖိုး"

တစ်သောင်းတန်တစ်ရွက် ပေးသည်။

"နေပါစေ၊ ကူညီတာ"

"သူများအကူအညီကို လိုအပ်တာထက် ပိုမလိုချင်ဘူး"

"မင်းနာမည် သိရမလား"

"မရဘူး၊ ရှင့် နာမည်လည်း မသိချင်ဘူး၊ မတော်တဆ ဆုံတွေ့တာ အတွက်လည်း ရှေ့ဆက်မခင်ချင်ဘူး၊ ရော့... ဆီဖိုး"

သူ ယောင်ပြီး ပိုက်ဆံကို ယူထားလိုက်မိသည်။ သူမ ကားပေါ်တက်ကာ မောင်းထွက်သွားသည်။ သူမကိုကြည့်ရတာ တစ်မျိုးပဲ။ ဒီနေ့လည်း သူမ ဝတ်ဆင်နေကျ ပုံစံမျိုးနဲ့ပဲ။

ပြတ်သားတာလေးတော့ သဘောကျမိသည်။

ဒီတစ်ခေါက်လည်း နာမည်မသိလိုက်ရပြန်ဘူး။

အမှတ်တမဲ့တွေပေမယ့် သူ အမှတ်တရ ရှိနေမိတာ ဘာလဲ။ ရင်တော့ မခုန်သေးပါဘူး။





တွေ့ရင်သာ မှတ်မိတာ။ မတွေ့တဲ့အချိန်ဆို သတိတရ ရှိနေတာမျိုးလည်း မဟုတ်။ အပျင်းတော့ ပြေချင်စရာလေး ပေါ့လေ။

သူလည်း ကန်တော်မင်ပန်းခြံထဲက ပြန်ထွက်အလာ သူငယ်ချင်းတွေ လှမ်းခေါ်သဖြင့် သူငယ်ချင်းတွေနဲ့အတူ club တက်ကာ ကဲပစ်လိုက်သည်။

အိမ်ကနေ သူ့ကို ဖုန်းလှမ်းဆက်ခေါ်မည့်သူ မရှိပါ။ သူ့ရဲ့ဆုံးဖြတ်ချက်နဲ့သူ လွတ်လပ်ခွင့်ကို အပြည့်အဝပေးထားသည်။ တစ်ခုပဲ။ စည်းလွတ် ဝါးလွတ် မဖြစ်ဖို့တော့ ကိုယ့်ဘာသာ ထိန်းရမည်။

အမိက အဘိုးပဲ။ အဘိုး ချမှတ်ထားတဲ့ ဘောင်ကို မကျော်သရွေ့တော့ အေးဆေး။

❖ ✧ ❖



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို... အဘွား ကင်ဆာဖြစ်လို့ စင်ကာပူမှာ ဆေးသွားကုရမှာ"

"ဟုတ်လား"

မေကိုကို့ မျက်နှာလေး ပျက်နေသည်။ မေကိုကိုကို သူမအဘွားက သိပ်ချစ်တာမို့ သူမကလည်း အဘွားကို အရမ်းချစ်ပါသည်။

"မေကို လိုက်သွားရမှာ။ မေမေနဲ့ မေကိုနဲ့ အဘွားကို လိုက်စောင့်ပေးရမှာ"

"အဆင်ပြေလား မေကို။ ကိုကို ဘာကူညီရမလဲ"

"ပြေပါတယ် ကိုကို။ ဟိုမှာ အမျိုးတွေလည်း ရှိတော့ အားလုံး အိုခေပါတယ်။ အဘွားက မေကို့ကို လိုက်စေချင်လို့ လိုက်သွားပေးရမှာ"

"အေးပေါ့ မေကိုရယ်။ လိုက်သွားပေါ့။ ကိုကိုလည်း စင်ကာပူရောက်ရင် ဝင်ခဲ့မယ်လေ"





"စင်ကာပူရောက်မှ လာမှာလား ကိုကို။ တကူးတကတော့ မလာချင်ဘူးပေါ့"

"အလုပ်တွေကလည်း များလို့ပါ မေကိုရယ်။ အလုပ်ပါးရင်တော့ လာခဲ့ပါ့မယ်"

"ဟုတ်ကဲ့"

မေကိုက ဒီထက်ပို၍ ဂရုစိုက်စေချင်သော်လည်း သူ့ဘက်က အေးစက်စက် သာမန်မိတ်ဆွေအဆင့်သာ ပြောနေတာမို့ သိပ်တော့ မကျေနပ်ပါ။ ရှိစေတော့။

မေကို့ဘက်ကလည်း ဒီထက်ပို၍ မြောင်းမဖောက်နိုင်တော့။ မေကို ဆိုတာ ခပ်ပွဲ့ပွဲ့မှ မဟုတ်တာလေ။

ဒီလိုနဲ့ မေကို စင်ကာပူကို ထွက်သွားသည်။ သူမအဘွားကို ဆေးလိုက်ပြပေးရုံသက်သက်တော့ မဟုတ်ပါ။

စင်ကာပူမှာရှိတဲ့ သူမတို့ကုမ္ပဏီခွဲမှာ ရုံးထိုင်မှာပါ။

သူမသဘောက မသွားချင်ပေမယ့် အခြေအနေရ မသွားလို့ မရ၍ သွားရတာပါ။

အာကာစိုးထည်ကလည်း လူလည်ပါ။ သူမ သူ့ကို မျှော်လင့်နေတယ်ဆိုတာ သိပါ၏။ ဒါပေမဲ့ သူ မေကို့ကို ညီမလေးတစ်ယောက်လိုပဲ ချစ်သည်။

လက်ထပ်ရမယ်ဆိုလည်း လက်ထပ်သင့်တယ် ဆိုပေမယ့် သူမရဲ့စိတ်သဘောထားကို လေ့လာချင်သေးတာမို့ အနေအထား မလွန်အောင် ထိန်းထားတာပါ။



www.burmeseclassic.com

www.burmeseclassic.com



သူလည်း အလုပ်တွေပဲ ဖိလုပ်နေမိသည်။ အိမ်ထောင်ရေးဆိုတာ နံပါတ်တစ်တော့ မဟုတ်ပါဘူးလေ။ ဒါပေမဲ့ သူဟာ ဦးအောင်မောင်းရဲ့ နောက်ဆုံးမျိုးဆက်ဖြစ်နေတဲ့အတွက် မျိုးဆက်အမွေကို လက်ဆင့်ကမ်းရမတဲ့။

သူကတော့ ခေတ်လူငယ်ပီပီ မျိုးဆက်ပြတ်ခြင်း ပြတ်ခြင်း မပြတ်ခြင်းတွေ စိတ်ထဲမရှိပါ။ မျိုးဆက်အတွက် မဖြစ်မနေ အိမ်ထောင်ပြုမှာ မဟုတ်ပါ။

တစ်ခါတလေတော့လည်း လူ့ဘဝကြီးက အဓိပ္ပာယ်မရှိသလိုပါပဲ။ စားဝတ်နေရေး တစ်သက်တာ စားမကုန် သုံးမကုန်တာတောင် ပိုက်ဆံတွေ အထပ်ထပ် ရှာနေမိတာ ဘာအဓိပ္ပာယ်ရှိလို့လဲ။ မဖြစ်မနေ အိမ်ထောင်ပြုကြ၊ သားတွေ သမီးတွေအတွက် ပူပန်ရင်းနဲ့ သေဆုံးသွားကြ။ ဩော်... လူ့ဘဝ... လူ့ဘဝ...။

❖ ✧ ❖





ဖြူနီကျားမှာ ရပ်ထားတဲ့ ကားတွေကို ကရိန်းကားတွေနဲ့ မ,နေပြီ။ သိပ်မရှိးလှတဲ့ မြင်ကွင်းဆိုပေမယ့် မ,သွားတဲ့ကားက ဟိုကောင်မလေးရဲ့ ကားပါလား။

ဒုက္ခပဲ။ ငတိမလေး ကားကို ရပ်ချင်သလိုရပ်ပြီး ဘယ်သွားနေပါလိမ့်။ ဒီကောင်မလေးနဲ့ ဆုံလိုက်တိုင်း ဘယ်တော့မှ အဆင်ပြေပြေ မတွေ့ရပါ။

ကားဆွဲသွားပြီး ခဏနေမှ သူမ ရောက်လာ၏။

"ချာတိတ်... မင်းကား ကရိန်းနဲ့ မ,သွားပြီ"

"ဟူး... အာရုံနောက်ပြန်ပြီကွာ"

"မင်း စည်းမရှိ၊ ကမ်းမရှိ ရပ်ထားခဲ့တာကိုး"

"အာရုံနောက်ရပါတယ်ဆိုမှ ထပ်ပြီး လာမဆင့်နဲ့နော်။ ဒီနား ခဏလေး ဆင်းသွားတာကိုဟာ"

"လာလေ... ကားသွားရွေးကြမယ်။ လိုက်ပို့ပေးမယ်"

"ရတယ်။ တက္ကစီနဲ့သွားလည်း ရောက်တယ်၊ ပဏာလာယူမနေနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟ… ရှင့်လှချည်လား"

"သူဌေးဆိုပြီး မိန်းကလေးတွေက ငမ်းငမ်းတက် အကူအညီတောင်းမှာပဲထင်ရင် မှားမယ်နော်"

"မင်းနာမည် ဘယ်သူလဲ"

"ပြောဖို့ မလိုဘူး ထင်ပါတယ်"

"မှတ်ထားချင်လို့ပါ၊ စွာလွန်းလို့"

"ထားလိုက်ပါရှင်၊ မှတ်သားမနေပါနဲ့။ စိတ်ဝင်စားအောင် စတန့်ထွင်ပြနေတာလည်း မဟုတ်ပါဘူး။ ကဲ… ကားလိုက်ရှေးလိုက်ဦးမယ်"

တက္ကစီတစ်စီးတားပြီး ထွက်သွားသည်။

မှတ်သားမနေပါနဲ့တဲ့။ အဲလိုပြောမှ ပိုပြီးသတိထားမိနေတာ ခက်သည်။ သူ စိတ်ဝင်စားအောင် ထွင်တာတော့ မဟုတ်တာ သေချာသည်။ သူမ ကားသွားရှေးတဲ့နောက် လိုက်ချင်စိတ် ပေါက်သွားသဖြင့် သူမနောက် လိုက်သွားမိသည်။ သူမကိုတွေ့တော့ သူမ ကားပေါ်ရောက်နေပြီ။

"အဆင်ပြေရဲ့လား"

"မတွေ့ဘူးလား။ ရှင်က ဘာကိစ္စ လိုက်လာတာလဲ"

"လိုက်ချင်စိတ် ပေါက်လာတာနဲ့ လိုက်လာတာလေ"

"ဘာဆိုင်လို့လဲ၊ ရှင် တော်တော် အားနေလား။ မိန်းကလေးမြင်တိုင်း လိုက်နေကျပဲလား"





သူမဘာသာ ပြောချင်တာပြောပြီး ကားစက်နှိုးနေသည်။ ကားထွက်ဖို့ ပြင်နေပြီ။

"မင်းနာမည်လေး ပြောခဲ့ပြီးမှသွား"

သူမက ကားမှန်တင်ဖို့ ပြင်သော်လည်း သူက သူမကားသော့ကို ဆွဲဖြုတ်ပစ်လိုက်သည်။

"ရှင် ဘာလုပ်တာလဲ၊ လူကြည့်တော့ လူကြီးလူကောင်းပုံစံနဲ့၊ အေးလေ… အရှိုင်းအစိုင်းဆိုတာ ချို(ဂျို)ပါတာမှ မဟုတ်တာ"

"ကဲပါ… မင်းနာမည် မပြောဘဲတော့ သွားရမယ် မထင်နဲ့နော်"

"နာမည်ဆိုတာ ပညတ်ချက်တွေပါ သိပ်အရေးမပါပါဘူး။ သိပ်သိချင်သပ ဆိုရင်တော့ ပြောပြရမှာပေါ့။ ကျွန်မနာမည် ဖြူဖြူလို့သာ မှတ်ထားလိုက်"

"ဟ ဟ… ကိုယ် အဲလောက် မအ,ပါဘူး။ အေးလေ… မင်းကိုမေးလည်း သိရမှာ မဟုတ်ပါဘူး"

သူက သူမကားသော့ ပြန်တတ်ပေးလိုက်သည်။

"မင်းအကြောင်း သိရဖို့ ကိုယ့်အတွက် သိပ်တော့မခက်ခဲပါဘူး"

"ရှင်လိုလူက ကျွန်မလို အညတရကို အချိန်ကုန်ခံ စုံစမ်းနေမှာ မဟုတ်ပါဘူး။ တစ်ခုလောက် မှတ်သွားစမ်းပါ။ ကျွန်မက ကြုံလို့ အီတတ်တဲ့ ကြုံအီတွေကို ရွံတတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီးတာနဲ့ သူမကားလေး ထွက်သွားပြီး သူလည်း သူငယ်ချင်းတွေနဲ့ ချိန်းထားတဲ့ နေရာကို ထွက်လာလိုက်သည်။ သူမ ပြောသလိုပါပဲ။ သူမနောက် တကောက်ကောက်လိုက်လို စိတ် တကယ်မရှိပါ။ စိတ်မပါရင်လည်း ဘာမှကို လုပ်ချင်စိတ် မရှိ။

ကြုံအီတဲ့။

သူကတော့ ခုထိ သူမကို မအီမိသေးဘူး ထင်တာပါပဲ။ သူ့ဘာသာ တစ်ကိုယ်တည်း ပြုံးနေမိသည်။ သူမနဲ့ပတ်မိတာကိုကပဲ သူ့ကို ပျော်ရွှင်ကြည်နူးစေမိတာ အမှန်ပါ။

❖ ✧ ❖





ဒီမနက်စောစော ဂေါ့ဖ်ရိုက်ဖို့ ချိန်းထားပေမယ့် ထဲမှာ အလိုလိုနေရင်းကို ဘုရားသွားချင်စိတ် ပေါက်နေသည်။ ကိုယ်သူ သတိမထားမိခင်မှာပဲ ကားကို ရွှေတိဂုံဘုရားဘက် င်းလာမိသည်။

ဘုရားတက်ဖူးပြီးမှပဲ ဂေါ့ဖ်ရိုက်သွားတော့မည်။ ဘုရားရောက်တော့ ငါးနာရီ ဆယ်မိနစ်။ သူ့အိမ်နဲ့ ဘုရားက ယ်မိနစ်တောင် မမောင်းရဘူးလေ။ မနက်စောစောဆိုတော့ ကာလည်း ရှင်းကာ အေးချမ်းနေသည်။

ဘုရားမှာတော့ သူ့လို မနက်စောစော ဘုရားတက် တွေ ရှိနေပါပြီ။

သူက အနောက်ဘက်မုခ်ကနေ စက်လှေကားနဲ့ ်လာတာ ဆိုတော့ ဗုဒ္ဓဟူးထောင့်ကို ရောက်သည်။

ဘုရားရောက်ရင် ထောင့်ရွေးပြီး ကိုယ့်နေ့နံထောင့် ရှိခိုးတာမျိုးတွေ သူ မလုပ်ပါ။ လူရှင်းတဲ့ တစ်နေရာကနေ ဆေးရှိခိုးရတာမျိုးကို ပိုကြိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူဟာ အများသူငါနဲ့ တကယ်ကို အတွေးအခေ
မတူတာတော့ အမှန်ပါ။

မနက်စောစော ဆိုတော့ ဘုရားဖူးတွေ ရှိတော့
သည်။ သိပ်တော့ မများပါ။ လူမရှုပ်တော့ အေးအေးဆေးဆေး
ဖူးလို့ရတာပေါ့လေ။

ဗုဒ္ဓဟူးထောင့်မှာပဲ ဘုရားဝတ်ပြုဖို့ သွားထိုင်လို
တော့ ရေသပ္ပာယ်နေတဲ့ မိန်းကလေးတစ်ယောက်ကို အမြင် ...
ရင်ထဲ လှိုက်ခနဲ ဖြစ်သွားသည်။

သူမပါလား။ သူ နာမည်မသိသေးသော သူမ
တစ်ခါတော့ မြန်မာဝတ်စုံလေးနဲ့ပါလား။ သူမက သူ့ကိုမမြ
ပါ။ သူမမျက်နှာမှာ ထူးထူးဆန်းဆန်း သနပ်ခါးပါးကွက်လေး
သူ အသာပြန်ထကာ သူမ မမြင်နိုင်တဲ့ အကွယ်ကနေ သွားထိ
ကြည့်နေလိုက်သည်။

သူမ ဘုရားရေသပ္ပာယ်ပြီးတော့ ဘုရားရှိခိုးနေတ
အကြာကြီးပဲ။ ဘုရားရှိခိုးပြီးတော့ ပုတီးစိပ်တာလည်း အကြာ
ပဲ။ သူ ထိုင်ကြည့်ရင်း ခြေထောက်တောင် ကျင်လာသည်။
တစ်ခါလည်း သူမ တစ်ယောက်တည်းပဲလား။

သူမကို တွေ့လိုက်တိုင်း ဘယ်တော့မှ အဖော်မ
သူမကို တွေ့လိုက်တိုင်း တီရှပ်ဖိုးရိုးဖားရားနဲ့ချည်းပဲ။ ဒီတ
တော့ မြင်နေကျ မဟုတ်ဘဲ အပြင်အဆင် ပြောင်းလဲနေ
ကြောင့်လား။ သူ့ရင်ထဲ တစ်မျိုးလေး ဖြစ်နေသည်။





ပုတီးစိပ်ပြီးတော့လည်း တရားထိုင်နေတာ အကြာ
ကြီးပဲ။ ဒီနေ့အဖို့ ဂေါ့ဖ်သွားရိုက်မယ့် အစီအစဉ်ကို ဖျက်လိုက်
ပြီ။ ဖုန်းကိုပါ ပိတ်လိုက်ပြီ။

ငါးနာရီဆယ့်ငါးလောက်ကတည်းက သူမဘုရား
ရှိခိုးတာ ခုနစ်နာရီခွဲမှ ဘုရားရှိခိုးလို့ပြီးပြီ။ သေချာတာက ဒီ
တစ်ခါလည်း သူမတစ်ယောက်တည်း လာတာပါပဲ။

သူမ ဘုရားကို သုံးပတ်ပတ်ပြီးမှ အရှေ့ဘက်မုခ်
... ဆင်းပြီ။ အဲဒါမှ ဒုက္ခ။ သူ့ကားက အနောက်ဘက်မုခ်မှာ။

သူမနောက် ဆက်လိုက်မယ်ဆိုရင်သူ တက္ကစီငှား
လိုက်ရမလို ဖြစ်နေပြီ။ ခက်တာက တက္ကစီလည်း တစ်ခါမှ
မစီးဘူး။ ဒီနေ့အဖို့ သူမနောက် လိုက်ချင်စိတ်ကို လက်လျှော့
... သူမကို သွားနှုတ်ဆက်လိုက်သည်။

"ဟိုင်း"

"ဩော်"

တစ်ယောက်နဲ့ တစ်ယောက် နာမည်မသိတော့လည်း
ဒီလိုပဲ နှုတ်ဆက်ရတာပေါ့လေ။

"ကိုယ် မင်းဘုရားစရှိခိုးတည်းက တွေ့တယ်"

"ဟုတ်ကဲ့"

ဒီမနက်မှာတော့ သူမ ငြိမ်းချမ်းနေသည်။ သူ
ဖူးနေကျ သူမနဲ့ ဆန့်ကျင်ဘက်ကြီးကို ပြောင်းလဲသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ယောက်လားဟုတောင် ထင်ချင်စရာပေမယ့် သူ
တစ်ယောက်တည်းပါပဲ။

သူ ဘာမှမပြောတော့၊ သူမ လှည့်ထွက်သွားသည်
သူပါ သူမနဲ့အတူ ဓာတ်လှေကားနဲ့ လိုက်ဆင်းလာမိသည်
ဓာတ်လှေကားထဲမှာ တခြားသူတွေ ပါသေးတာမို့ စကား
မပြောမိပါ။

ဓာတ်လှေကားထဲက ထွက်ပြီး ကားပါ့ခ်ကို ရောက်
မှ...

"ချာတိတ်... ကိုယ် မင်းနာမည် သိချင်တယ်"

"ကျွန်မနာမည် ဝတ်မှုံဖြူပါ"

သူမ အလွယ်တကူ ပြောပြတာလည်း သူ့ရင်
ထူးဆန်းသွားပြန်သည်။ ဒီနေ့ သူမကို ကြည့်ရတာ ပုံမှန်
မဟုတ်ပါ။

"ကိုယ့်နာမည် အာကာပါ"

"ဟုတ်ကဲ့"

"မင်း ဘာဖြစ်နေတာလဲ။ နေမကောင်းဘူးလား"

"ကောင်းပါတယ်။ ကျွန်မ သွားတော့မယ်"

"အိုခေ"

သူမ ကားပေါ်တက်ပြီး မောင်းထွက်သွားသည်

ဝတ်မှုံဖြူတဲ့။





ဒီနေ့ အသွင်အပြင်လေးနဲ့တော့ အင်မတန်လိုက်ဖက်တဲ့ နာမည်လေးပါ။ အရင်တွေ့ဖူးတဲ့ ပုံစံမျိုးနဲ့တော့ သူမနာမည် နူးနူးညံ့ညံ့လေးနဲ့ လုံးဝကို မလိုက်ဖက်ပါ။

ဒီနေ့ပုံစံလေးက သူ့ရင်ထဲ တငြိမ့်ငြိမ့်လေး အမှတ်ရနေသည်။

ဘုရားပေါ် ပြန်တက်ကာ ဘုရားဝတ်ပြုတော့လည်း သူမ ကျန်းမာချမ်းသာစေဖို့ ဆုတောင်းပေးမိပြန်သည်။

ပြီးမှ အနောက်ဘက်မုခ်က ပြန်ဆင်းကာ သူ့ကားဆီသွားရသည်။

ဝတ်မှုံဖြူတဲ့။ နည်းနည်းတော့ ငြိသွားသည်။ သူမကို ကြည့်ရတာ တစ်ခုခုကို လျှို့ဝှက်ထားသလို ပဟေဠိဖြစ်နေသလိုပဲ။

❖ ✧ ❖



www.burmeseclassic.com

www.burmeseclassic.com



သူ့မွေးနေ့ မနက်စောစော ဘုရားသွားမလို့လုပ်တုန်း တံခါးလာခေါက်သည်။

"သားလေး... နိုးပြီလား"

"ဟုတ်ကဲ့ မေမေ"

"မေကိုလေး ရောက်နေတယ်"

"ဟင်"

မနက်ငါးနာရီကြီး ယောကျ်ားလေးတစ်ယောက်အိမ်လာတာကို ဘယ်လိုသတ်မှတ်ရမလဲ။

သူ ဧည့်ခန်းထဲ ရောက်တော့ လှလှစွာ ထုပ်ပိုးထားသော လက်ဆောင်ထုပ်ကလေး ကမ်းပေးနေသော မေကိုကို။

"Happy birthday Ko Ko"

"မေကို ဘယ်တုန်းက ပြန်ရောက်တာလဲ"

"ညက၊ ကိုကို့ကို မွေးနေ့လက်ဆောင် လာပေးတာ ကိုကို၊ ညနေပြန်မှာ"

"တကူးတကကြီး မေကိုရယ်"





"တကူးတက လာမှန်းသိရင် ဒီနေ့ မွေးနေ့ကို မေကိုနဲ့ပဲ ဖြတ်သန်းရမယ်နော်။ ကိုကို အခု ဘုရားသွားမှာမို့လား"

"အင်း"

"သွားမယ်လေ"

သူ အီလည်လည် ဖြစ်သွားသည်။ သူက ဝတ်မှုံဖြူနဲ့များ တွေ့ရမလားလို့။

မေကိုကိုနဲ့အတူ ဘုရားတက်လာတော့ ဗုဒ္ဓဟူးထောင့်ကို လှမ်းကြည့်မိသေးသည်။

"ဟင်"

သူမ ရှိနေတာပဲ။ သူ့ဘေးမှာ မေကိုနဲ့။ သူမ တွေ့သွားမှာ စိုးရိမ်နေမိသည်။ သူမ ဘုရားရှိခိုးနေတုန်း သူလည်း မြန်မြန်ဝတ်ပြုကာ ဘုရားပေါ်က ပြန်ဆင်းလာလိုက်သည်။

"ကိုကိုက မွေးနေ့တောင် ဘုရားကို သေချာမရှိခိုးဘူး"

သူ မေကို့ကို ဘာမှပြန်မပြောတော့ဘဲ ပြုံးပဲပြုံးနေလိုက်တော့သည်။

သူနဲ့ မေကို Hotel Esperado မှာ နံနက်စာစားရင်း ကန်တော်ကြီးအလှနဲ့ ရွှေတိဂုံဘုရား သပ္ပာယ်ပုံကိုပါ ငေးမောနေမိသည်။

သူ့မွေးနေ့မှာ သူမကို တစ်ခုခု ကျွေးချင်လိုက်တာ။

"ကိုကို ... မေကို့လက်ဆောင်ကို ကြည့်ဦးလေ"



www.burmeseclassic.com

www.burmeseclassic.com



သူ ဖွင့်ကြည့်လိုက်တော့ နက္ခတ်ိုင်လ်မှာ တပ်တဲ့ ကလစ်ကလေး။ ရွှေဖြူသပါ်မှာ စိန်စီထားသည်။ ဘာလို့ ဒီလောက် တန်ဖိုးကြီးတာကို ပေးနေပါလိမ့်။ သူမတုန်းကတောင် ပန်းစည်းလောက်နဲ့ ပြီးသွားတာ။

ခပ်ပြုံးပြုံး ကြည့်နေတဲ့ မေကိုကို...

"ကျေးဇူးပဲနော် မေကို"

"ဟုတ်ကဲ့ ကိုကို"

"အဘွားရော သက်သာလား"

"ကုတော့ ကုနေတာပဲ ကိုကိုရယ်။ ကင်ဆာဆိုတော့လည်း သိတဲ့အတိုင်းပဲ"

"အေးပေါ့"

"ကိုကိုရော အလုပ်တွေ အဆင်ပြေလား"

"ပြေပါတယ်၊ မေကို နည်းနည်းပိန်သွားတယ်"

"ဟုတ်တယ်။ အဘွားကိုလည်း အချိန်ပေးရတယ်။ အလုပ်ကလည်း တစ်ဖက်လေ။ ခုတလော ငွေဈေးက မငြိမ်တော့ လုပ်ရကိုင်ရ ခက်တယ်"

"အင်း... ပေါ်လစီတွေကလည်း အမျိုးမျိုး ပြောင်းနေတာ"

အလုပ်အကြောင်း စီးပွားရေးအကြောင်းတွေပဲ ပြောဖြစ်ကြသည်။ အနေအထားချင်း တူနေတာကိုး။





သူက မေကိုနဲ့ တခြားအကြောင်းအရာ ပြောစရာ မရှိသလို ခံစားနေရသည်။ သူ့အတွေးထဲ ရှိတာက ဝတ်မှုံဖြူက နေ့တိုင်း ဘုရားတက်တာလားဟု။

နံနက်စာစားပြီးတော့ မေကို့အလုပ်ရှိရာကို လိုက်ပို့ပေးရသေးသည်။ သူမ လုပ်စရာရှိတာတွေလုပ်ပြီး နေ့လယ်စာကိုလည်း ဟိုတယ်မှာပဲ စားဖြစ်သည်။

မေကိုကိုက သူ့ဆီက အများကြီး မျှော်လင့်ထားပေမယ့် သူကတော့ ဘာဆိုဘာမှ မဟခဲ့ပါ။

လေယာဉ်ပေါ်တက်တဲ့ ခြေလှမ်းတွေဟာ အလိုမကျခြင်းတွေနဲ့ ပြည့်နှက်နေပေမယ့်...။

❖ ✧ ❖



www.burmeseclassic.com

www.burmeseclassic.com



သူ နောက်နေ့ မနက်တွေမှာ သူမ ရှိမလားဟု ဘုရားမှာ သွားရှာသော်လည်း သူမကို မတွေ့။ သူမလာရတဲ့ ရက်နဲ့ တိုက်ဆိုင်ပြီးတွေ့တာ ထင်ပါတယ်လေ။

ရန်ကုန်လို မြို့ကြီးမှာ တစ်ယောက်နဲ့တစ်ယောက် အမှတ်မထင် ဆုံဖို့ဆိုတာလည်း သိပ်လွယ်တာမှ မဟုတ်တာလေ။

သူမကို တွေ့ချင်ကာမှ မတွေ့ရတော့ပါ။ အပြင် ထွက်တိုင်း သူမကို တွေ့ရမလား။ သူမကားလေးများ တွေ့ရ မလားလို့ ရှာမိပေမယ့် မတွေ့ပါ။

ဝတ်မှုံဖြူ။ ကားနံပါတ်နဲ့ လိုက်စုံစမ်းရင်တော့ ရနိုင်ပါသည်။ သို့သော် သူ အဲဒီလိုနည်းနဲ့လည်း စုံစမ်းချင်စိတ် မရှိ။

အလုပ်တွေ ရှုပ်နေတော့မို့ သူမဆီလည်း အလုပ် အားမှ စိတ်ရောက်နိုင်တာပါလေ။

ပြီးတော့ စင်ကာပူ၊ ဗန်ကောက်နဲ့ ထိုင်ဝမ်ကိုလည်း အလုပ်ကိစ္စတွေနဲ့ ခဏ ခဏ ထွက်နေရသည်။





စင်ကာပူ ရောက်ရင်တော့ မေကို့ကို သွားတွေ့ဖြစ် သည်။ မတွေ့ဖြစ်တာတောင် ဖုန်းတော့ နေ့တိုင်းပြောဖြစ်ကြ သည်။ မေကိုကပဲ ဆက်တာပါ။

မေကို့သဘောကို ထင်းထင်းကြီး သိနေသော်လည်း ညီမတစ်ယောက်လိုထက် ပိုမရသော ခံစားမှုကို ဘယ်လိုလုပ်ရ ပါ့။ မေကိုကတော့ သူ့ဘက်က ဘယ်လောက်ပဲ အေးစက်ပြပါ စေ။ စိတ်ရှည်ရှည်နဲ့ ဆက်သွယ်မြဲ။

အဆက်အသွယ် ဖြတ်တောက်ပစ်ရအောင်ကလည်း ဘာအကြောင်းနဲ့မှ ဖြတ်စရာမရှိ။ နှစ်ဖက်မိဘတွေကအစ ပါတနာ တွေ။ ပြီးတော့ မေကို သူ့ကို ခေါ်ပြောဆက်ဆံနေတာကလည်း မောင်နှမလို မိတ်ဆွေလိုပဲ ပြောဆိုဆက်ဆံနေတာလေ။

စင်ကာပူမှာဆို မေကိုနဲ့သူ ဘားတွေမှာတောင် သွားထိုင်ကြသေးသည်။ တွဲသွား တွဲလာ ပါတနာတွေလို တရင်း တနှီး။ ဒါပေမဲ့ သူ့ဘက်က စည်းတော့ လုံးဝကိုမကျော်ပါ။

အများအမြင်မှာတော့ သူနဲ့မေကို့ကို စုံတွဲတွေ အဖြစ် သတ်မှတ်ထားနိုင်ပါသည်။

သူ့ရင်ထဲမှာ မေကို့ကို ဝတ်မှုံဖြူလောက်တောင် စိတ်မဝင်စားပါ။ ဒါပေမဲ့ မေကိုက အမြဲမြင်တွေ့ တွဲသွားတွဲလာ ရှိလို့ ရိုးအီသွားတာလား။ ထူးပြီး မခံစားရတာလား။ ဝတ်မှုံဖြူ ကတော့ တစ်ခါတလေမှ အမှတ်မထင် တွေ့ရကာ သူမ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



မှာနေလို့ နေမှန်းမသိတာမို့ ပိုစိတ်ဝင်စားနေတာလည်း ဖြစ်နိုင်ပါသည်။

မတွေ့ရကာမှ ပိုတွေ့ချင်လာတာမို့ သူမကားနံပါတ်နဲ့ စုံစမ်းလိုက်သည်။ ဒါပေမဲ့ သူမကားနံပါတ်နဲ့ လိပ်စာကို သွားစုံစမ်းတော့လည်း မရှိပါ။ ထိုလိပ်စာက မူလကားပိုင်ရှင်ရဲ့လိပ်စာဖြစ်ပြီး လက်လွှဲရောင်းလိုက်ပြီတဲ့။ ထိုလူ ရောင်းလိုက်တာက ပွဲစားတန်းမှာ ရောင်းတာမို့ ဝယ်သူလိပ်စာ မသိတဲ့။ သေချာတာက ဝယ်သွားတာလည်း မိန်းကလေးမဟုတ်။

လောလောဆယ်တော့ ခြေအစပျောက်သွားသည်။

သူ ဝတ်မှုံဖြူကို တွေ့ချင်လိုက်တာ။ တွေ့ချင်လေ မတွေ့ရလေ။ မတွေ့ရလေ တွေ့ချင်လေ။ ဘုရားမှာ သွားရှာပေမယ့်လည်း မတွေ့။

တစ်ရက် သူ မနက်စာကို Signature မှာ တစ်ယောက်တည်း သွားအစား သူမကိုလည်း တွေ့လိုက်ရသည်။ သို့သော် သူမ တစ်ယောက်တည်းတော့ မဟုတ်။

သူမနဲ့ ရုပ်ချင်းဆင်တူသော အမျိုးသမီးကြီး တစ်ယောက်ရယ်၊ ကလေးမလေး တစ်ယောက်ရယ်။ သူမ အမေနဲ့ ညီမလေး ဖြစ်ပုံပဲ။ ရုပ်ချင်းက ဆင်နေသည်။ ပြီးတော့ သူမက သိပ်မစားဘဲ သူမမိခင်နဲ့ ညီမဖြစ်သူတို့က အားရပါးရ စားနေကြသည်။ သူမကတော့ ထုံးစံအတိုင်း တို့ကနန်း၊ ဆိတ်ကနန်း အေးစက်စက်နဲ့။





သူ အသာလေး ပြန်ထွက်ကာ ကားပေါ်ကနေ စောင့်ကြည့်နေလိုက်သည်။ သူမတို့ကားနောက် လိုက်မလို့ပါ။

သို့သော် ထိုနေ့က သူမတို့နောက် မလိုက်လိုက်ရပါ။ အရေးတကြီး အလုပ်ဖုန်း ဝင်လာ၍ အလုပ်ကိစ္စ သွားလုပ်လိုက်ရသည်။

လွဲပြန်ပေါ့ တစ်ခါ။ မဖြစ်ချေတော့။ သူ့တပည့် တစ်ယောက်ကို သူမကားနံပါတ်နဲ့ နာမည်ပြောပြီး စုံစမ်းရေးဆင်းခိုင်းလိုက်၏။

❖ ✧ ❖



www.burmeseclassic.com

www.burmeseclassic.com



"သူ့နာမည်က ဝတ်မှုံဖြူနော် ဆရာ။ သူက အလုံက တိုက်ခန်းတစ်ခန်းမှာနေတာ ဆရာ။ သူ တစ်ယောက်တည်း နေတာ"

"ဟုတ်လို့လား။ သူ့မိဘတွေနဲ့နေတာ မဟုတ်ဘူးလား"

"မဟုတ်ဘူး ဆရာ။ သူ တစ်ယောက်တည်း နေတာတဲ့"

"သူ့ဖုန်းနံပါတ်ရော"

"ရခဲ့တယ် ဆရာ"

"အိုခေ... မင်း တော်တယ်"

သူတပည့်ကို ဘောက်ဆူးအဖြစ် ငါးထောင်တန် တစ်အုပ် ပေးလိုက်တော့ တော်တော်ပျော်သွားသည်။

"ကျေးဇူးပါ ဆရာရယ်။ မဂ်လာဆောင်စရိတ်လေး စုနေတာ"

"ဟ... တယ်ဟုတ်ပါလားကွ။ ဘယ်တော့ ယူမှာလဲ"

"ပိုက်ဆံစုတုန်းပါ ဆရာရယ်"





"မဂ်လာဆောင်တာများကွာ။ ရုံးတက်လက်မှတ်ထိုးလိုက်လည်း အထမြောက်တာပဲ။ မဂ်လာဆောင်ဖို့ ပိုက်ဆံစု၊ အကုန်အကျခံပြီး မဂ်လာဆောင်၊ ဟော... ပြီးတော့ ကိုယ့်အတွက် တစ်ပြားမှမကျန် ဘဝကို တစ်ကပြန်စ။ အဓိပ္ပာယ်မရှိဘူး"

"ဒါပေမဲ့ မိန်းကလေးဘက်က တောင်းဆိုတယ်လေ ဆရာ။ ရိုးရာအရတော့"

"အေးကွ... အဲဒီရိုးရာကြီးက တော်တော်ခွကျတယ်"

"အဟီး... ကျွန်တော့်ကလည်း သူ့ကိုချစ်တော့ တင့်တောင့်တင့်တယ်လေး မဂ်လာဆောင်ပေးချင်ပါတယ်။ ကြိုးစားစုလိုက်ဦးမယ် ဆရာရေ"

"အေးပါကွာ... စု... စု..."

သူက ဝတ်မှုံဖြူရဲ့ ဖုန်းနံပါတ်ကို ခေါ်လိုက်သည်။

"ဟဲလို"

"ဝတ်မှုံဖြူလား"

"ဟုတ်ကဲ့... ဘယ်သူလဲ မသိဘူး"

"ကိုယ် အာကာပါ"

"ဩော်... ဖုန်းနံပါတ် ဘယ်လိုသိလဲ"

"သိပ်မထူးဆန်းပါဘူး။ သိပ်ခက်ခက်ခဲခဲမှ မဟုတ်တာ"

"အင်းလေ... ဟုတ်ပါတယ်။ ဘာကိစ္စ ရှိလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"သတိရလို့"

"ဘာလို့ သတိရတာလဲ"

သူက ခပ်ရဲရဲ ပြောလိုက်တာကို သူမက ခပ်ကဲကဲ ပြန်ဖြေလိုက်တာလား။ သူ ချက်ချင်းပြန်မဖြေနိုင် ဖြစ်သွားသည်။

"ဒီမှာ အီစီကလီလုပ်ချင်တာ၊ ကျူချင်တာဆိုရင် တခြားမိန်းကလေးကို သွားအီပါ။ ကျူပါ။ ကျွန်မက အချိုမကြိုက်ဘူး"

"အချဉ်ကြိုက်လား။ အခါးကြိုက်လား။ ကြိုက်တာပြော"

"ကိုယ်တိုင်တောင် အချဉ်သိပ်ခံနေရတာ၊ ဟတ်...ဟား... အခါးဆိုရင်တော့ လေကြေမယ်ထင်တယ်နော်"

"ကိုယ် မင်းနဲ့ ခင်ခွင့်ရမလား"

"ရှင့်လို သူဌေးတစ်ယောက်က ဘာမဟုတ်တဲ့ ကျွန်မကို ခင်ခွင့်တောင်းတယ်။ ပုံမှန်တော့ မဟုတ်ဘူး"

"ပုံမှန်ပါပဲ။ ဒါမှ ယဉ်ကျေးမှုအစစ်"

"ခုခေတ်မှာ ယဉ်ကျေးမှုဆိုတဲ့ စကားလုံးက ငွေအောက်မှာ ပြားသွားပြီရှင့်။ အသက်ထက် ပိုက်ဆံကို ကိုးကွယ်တဲ့ခေတ်။ အသက်ငယ်ငယ်ကြီးကြီး ပိုက်ဆံရှိရင် အရိုအသေခံရတဲ့ခေတ်"

"မငြင်းပါဘူး။ ဒါပေမဲ့ အဲဒီထဲမှာ ကိုယ် မပါဘူး"

"ဝမ်းသာပါတယ်"





"ဟိုနေ့က မင်းကို signature မှာ တွေ့လိုက်တယ်။ မင်း အမေနဲ့ ညီမလား မသိဘူး။ မင်းနဲ့ရုပ်ချင်းဆင်လို့"

"ဟုတ်တယ်၊ အမေနဲ့ညီမ"

"ကိုယ် လာနှုတ်ဆက်ဦးမလို့ပဲ။ ဘေးလူတွေ ပါနေတော့ မကြိုက်မှာစိုးလို့"

"မဆိုးပါဘူး ရှင် တော်တယ်။ ဟုတ်တယ်၊ ကျွန်မတစ်ယောက်တည်းဆိုရင် ခေါ်ပါ။ တခြားသူပါရင် လာမခေါ်နဲ့ မကြိုက်ဘူး။ အထူးသဖြင့် ကျွန်မအမေနဲ့ညီမ ရှေ့မှာ လာမခေါ်နဲ့"

"ဘာဖြစ်လို့လဲ"

"ဒါ ကျွန်မကိစ္စလေ။ ထပ်မမေးနဲ့"

"မင်းက တော်တော်ဆက်ဆံရေး ကျဲတာပဲ"

"ဖျစ်ရအောင် ရှင်နဲ့ တော်တော်ရင်းနှီးနေတာမှ မဟုတ်တာ။ ရန်ကုန်လို မြို့ကြီးမှာ ကျွန်မ ဘယ်သူ့ကိုမှ မယုံဘူး"

"မင်းနဲ့ကိုယ် မိတ်ဆွေဖြစ်ပြီလား"

"မေးထူးခေါ်ပြောပေါ့"

"အိမ်လာလည်လို့ ရမလား"

"မရဘူး။ ရှင်က အိမ်လိပ်စာပါ သိပြီးပြီပေါ့။ အေးပေါ့လေ။ ရှင်က သူဌေးဆိုတော့ ဒီလောက်တော့ ခြေလှမ်းကျဲမှာပေါ့။ ထပ်စုံစမ်းလိုက်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"လုံလောက်ပါပြီ"

"ဟင်း ဟင်း ဟင်း"

"အခု ဘာလုပ်နေတာလဲ"

"တီဗီကြည့်ရင်း ရှင်နဲ့ ဖုန်းပြောနေတာလေ"

"တစ်ယောက်တည်း နေရတာ မကြောက်ဘူးလား"

"ကြောက်တတ်ရင် အစတည်းက တစ်ယောက်တည်း မနေဘူးရှင့်"

"လာခြောက်ဦးမှပဲ။ ဆောရီး... နောက်တာ"

"ဟ...ဟ... ကျွန်မက တကယ်ကို အကြောက်တရား မရှိတဲ့ မိန်းမရှင့်။ ဒါပဲ ကျွန်မ ဖုန်းချလိုက်ပြီ"

သူမ စကားဆုံးတာနဲ့ ဖုန်းချသွားသည်။ ဝတ်မှုံ ... က သာမန်နဲ့ ကွဲထွက်နေတာတော့ အမှန်ပဲ။

❖ ✧ ❖





"ကျွန်မ တစ်ပတ်ကို တစ်ရက်တော့ ဘုရားတက်တယ်။ ဘယ်ရက်ရယ် မဟုတ်ဘူး။ စိတ်ပါတဲ့နေ့ပေါ့။ ရက်သတ်မှတ်မထားပေမယ့် တစ်ပတ် တစ်ရက် ဘုရားတက်မယ်ဆိုတာတော့ သတ်မှတ်ထားတယ်"

ထိုနေ့က သူ တစ်ပတ်လုံး လာစောင့်ရကျိုးနပ်တဲ့ နင်္ဂနွေနေ့။

သူက အပိုင်တွက်ထားတာ။ ဗုဒ္ဓဟူးထောင့်ကိုပြေး ကြည့်တော့ သူမကို မတွေ့။ ဒါဆို သူမ ညာတာလား။ တနင်္လာ နေ့ စနေအထိ သူမ ဘုရားမှ မလာတာ။ ဒီနေ့ တနင်္ဂနွေ ဆိုင်လာရမှာကို။

သူမကို မတွေ့တာလား။ သူ ဘုရားတစ်ပတ် ပတ် နဲ့ ရှာဖို့ဆုံးဖြတ်လိုက်သည်။

သူမကို တနင်္ဂနွေထောင့်မှာတွေ့တော့ သူ လှိုက်ခနဲ ရှုံ့သွားပြီး ဖျတ်ခနဲလည်း ရင်ခုန်သွားသည်။ သူက တနင်္ဂနွေ



www.burmeseclassic.com

www.burmeseclassic.com



သွားပါ။ သူမ ဘာလို့ တနင်္ဂနွေထောင့်မှာ ရှိခိုးနေတာလဲ။ ဆိုင်
ဆိုင် မဆိုင်ဆိုင် ကိုယ့်ဘက်ကိုယ်ယက်ပြီး ရင်ခုန်မိလိုက်သည်။

သူမကတော့ ထုံးစံအတိုင်း ဘုရားရှိခိုး ပုတီးစိပ်
တရားထိုင်။ ဒီတစ်ခါတော့ သူ သူမဘေးမှာ သွားထိုင်စောင့်
လိုက်သည်။

ဘုရားပေါ်မှာ နံနက်စောစော လေတဖြူးဖြူးက
အေးမြနေသည်။ တစ်ချက် တစ်ချက် သူမဆီက ရင်မတောင်
သနပ်ခါးနံ့ မွှေးမွှေးအေးအေးလေးပါ လွင့်ပျံလာသေးရဲ့။ သိပ်
အေးချမ်းတဲ့ နံနက်ခင်းလေးပါပဲ။ မေကိုနဲ့ ဘုရားလာရင် ဒီလို
ဗီလင်မျိုး တစ်ခါမှ မခံစားရဘူး။

သူ သာယာနေတာတော့ အမှန်ပဲ။

သူမ ဘုရားရှိခိုးပြီးတော့...

"စောင့်ရတာ ညောင်းရောပေါ့"

"ကိုယ်ရောက်နေတာ သိတယ်ပေါ့"

"ရေမွှေးနံ့ ရတယ်လေ"

"ကိုယ်က ဗုဒ္ဓဟူးထောင့်မှာ မတွေ့တော့ မလာဘူးထင်လို့"

"ဘာလို့ ဗုဒ္ဓဟူးထောင့်မှာ ရှာတာလဲ"

"ဟိုတစ်ခါ ကိုယ်တွေ့တာ ဗုဒ္ဓဟူးထောင့်မှာလေ။ ပြီးတော့
ဝတ်မှုံဖြူက ဗုဒ္ဓဟူးသမီး မဟုတ်ဘူးလား"

"ဟုတ်ပါတယ်"





"ဒါဆို ဘာလို့ အခု တနင်္ဂနွေထောင့်မှာ ရှိခိုးနေတာလဲ"

"ဒီနေ့ တနင်္ဂနွေနေ့မို့လို့ တနင်္ဂနွေထောင့်မှာ ရှိခိုးတာ
လေ။ ဗုဒ္ဓဟူးနေ့တက်ရင် ဗုဒ္ဓဟူးထောင့်မှာ ရှိခိုးတယ်။
စနေနေ့ဆို စနေထောင့်"

"မင်းက တစ်မျိုးပါလား။ ဘာလို့ အဲလိုရှိခိုးတာလဲ"

"ဘာရယ်လို့ မသတ်မှတ်ပါဘူး။ အဲလိုလုပ်ချင်လို့ လုပ်
တာ"

"အင်း... ကိုယ်ကတော့ ထောင့်မရွေးဘူး၊ လူရှင်းတဲ့နေ
ရာကနေ ရှိခိုးရတာ ကြိုက်တယ်"

"အကြိုက်တစ်မျိုးစီပေါ့"

"signature မှာ မနက်စာ သွားစားရအောင်"

"ဒီမနက် လမ်းဘေးလက်ဖက်ရည်ဆိုင်မှာ အပေါ်စား
လက်ဖက်ရည်တစ်ခွက် တစ်ရာတန် အီကြာကွေး တစ်
ချောင်းလောက်နဲ့ ညှော်ခံချင်တယ်။ ဘယ်လိုလဲ"

"ဘာဖြစ်လို့လဲ"

"ရှင်လို သူဌေးတစ်ယောက် စားနိုင် မစားနိုင် သိချင်လို့"

"စားနိုင်ပါတယ်။ တစ်ခါတလေ စားလို့ဖြစ်ပါတယ်။
ဒါပေမဲ့ ကျန်းမာရေးနဲ့ မညီညွတ်ရင်တော့ အမြဲတမ်း
မစားသင့်ဘူး။ ကိုယ်က အစားအသောက်ကို ဈေးနှုန်းနဲ့
သတ်မှတ်တာ မဟုတ်ဘူး။ သန့်မသန့်၊ ကျန်းမာရေးနဲ့
ညီမညီဘဲ သတ်မှတ်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း... ဟင်း..."

"ဝတ်မှုံ"

"ကျွန်မကို တော်တော်များများက ဖြူဖြူလို့ ခေါ်ကြတယ်"

"မင်းကို ကြည့်ရတာ လေနှင်ရာ လွင့်နေတဲ့ ဝတ်မှုံတစ်ေ
လိုပဲ။ ကိုယ်က ဝတ်မှုံလို့ပဲ ခေါ်ချင်တယ်"

"လက်ဖက်ရည် လိုက်သောက်မှာလား"

"သောက်မှာပေါ့"

သူ့ကို ဘုရားပေါ်ကဆင်းပြီး လမ်းဘေးလက်ဖက်ရည်ဆိုင်လေးသို့။ နီရဲကျဲတောက်နေတဲ့ လက်ဖက်ရည်ကို အကြကွေးနဲ့တို့။

❖ ✧ ❖





ဝတ်မှုံဖြူကို တွေ့ချင်လို့ သူ မနက်တိုင်း ဘုရားတက်ဖြစ်တယ်။ သူမက တစ်ပတ်ကို တစ်ရက်ပဲလာတာမို့ သူက သူမနဲ့ဆုံအောင် နေ့တိုင်းလာရှာမိတာပါ။ တနင်္လာနေ့ဆို တနင်္လာထောင့်မှာ သွားရှာ။ မရှိဘူးဆို ဘုရားရှိခိုးပြီး ပြန်ဆင်း။ သူ့ထောင့် နေ့နံအလိုက် ခုနစ်ရက်တက်ရင် ခုနစ်ထောင့်မှာ ရှိခိုးပြီးသား ဖြစ်နေသည်။

ဝတ်မှုံဖြူကို သွားတွေ့လို့ ရပေမယ့် ကျန်တဲ့အချိန်တွေထက် ဘုရားမှာတွေ့ရတဲ့ အချိန်တွေက ပိုအေးချမ်းလို့၊ ဘုရားမှာတွေ့ရတာကို ပိုနှစ်သက်မိလို့ သူ ဘုရားမှာ သွားစောင့်မိတာပါ။

သူ့ရင်ထဲမှာ ဝတ်မှုံဖြူဟာ နူးနူးညံ့ညံ့လေး နစ်ဝင်နေပါပြီ။

ဝတ်မှုံဖြူနဲ့ ပတ်သက်လို့ သူ ဘာမှမသိပါ။ အချစ်ပဲဖြစ်ဖြစ်၊ ခင်မင်မှုပဲဖြစ်ဖြစ် ရိုးရိုးလေး ချစ်ခင်လို့ရတာမို့ သူ့



www.burmeseclassic.com

www.burmeseclassic.com



အကြောင်း ကိုယ့်အကြောင်းဆိုတဲ့ အကြောင်းတရားကို သူ စိတ်မဝင်စားပါ။

ဝတ်မှုံဖြူရဲ့ မနေ့ကအထိ သမိုင်းကို သူ စိတ်မဝင်စား။ သူ စိတ်ဝင်စားတာ ဝတ်မှုံဖြူကို လက်ရှိအနေအထားကိုပဲ။ ဘာပကာသနမှ မရှိရင် နေပါစေ။ လူကို လူလို့ပဲ မြင်သည်။

ဝတ်မှုံဖြူ မလှပါ။ သူချစ်တာလည်း အလှတရား မဟုတ်။ အလှတရားကို ရွေးချယ်မယ်ဆိုရင် မေကို ဆိုသော အလှပဂေးလေးက သူ့ဘေးမှာ အဆင်သင့်လေ။

မေကိုက ဝတ်မှုံဖြူထက် ပိုလှပါသည်။ ပိုပြီး စမတ်ကျပါသည်။ ပိုပြီး စတိုင်လ်ရှိပါသည်။ ပိုပြီး ပညာတတ်ပါသည်။ ပိုပြီး ချမ်းသာပါသည်။ ဒါပေမဲ့ သူကတော့ ဝတ်မှုံဖြူကိုပဲ ပိုပြီး စိတ်ဝင်စားသည်။ ပိုနှစ်သက်သည်။

အချစ် ဟုတ်,မဟုတ်တော့ သူ မသိသေး။ သူ့ကိုယ်သူ သေချာအောင် ဆန်းစစ်နေတုန်းပါ။ သူ သာယာနေတာလား။ ချစ်မိတာလား။ သေချာမှ ကမ်းချင်တဲ့လက်တစ်ဖက်ကို လောလောဆယ်တော့ နယ်မကျွံအောင် ထိန်းထားသည်။

သေချာတာ ဝတ်မှုံဖြူဟာ သူဒွေးရယ်လို့ သူ့ကို လိုက်လိုက်လျောလျောမရှိပါ။ သူမဘာသာ အေးဆေးပဲနေတာပါ။ အထာပေးတာ၊ မြောင်းဖောက်တာမျိုးလည်း မရှိပါ။ သူမဘာသာ ခပ်တည်တည် ခပ်ရှင်းရှင်းပဲ နေတာပါ။





ပြောရမယ်ဆိုရင် ပြေးလို့ပဲ လိုက်ချင်နေတာလား။ ချစ်ချစ် မချစ်ချစ် တွဲကြည့်မယ်ဆိုတဲ့ စိတ်မျိုးတော့ ယောင်လို့တောင် မရှိပါ။ မေကိုနဲ့တောင် ပါတနာတွေလို တွဲနေသေးသည်။ သူမနဲ့တော့ တွဲတောင် မတွဲရက်ပါ။ သူမကို စွန်းထင်းသွားမှာ စိုးလို့ပါ။ သူမအတွက်ပဲ တွေးပေးနေမိသည်။

ဒီမနက် ဘုရားပေါ်တက်လာတော့ စနေနေ့မို့ စနေထောင့်ကို တန်းသွားမိသည်။ စနေထောင့်မှာ သူမကို တွေ့လိုက်ရ၏။

အနီရဲရဲ ချည်ချိတ်ကလေးကို မင်းတာတော်ရင်ဖုံး အနီရောင်လေးနဲ့ တွဲဝတ်ထားသည်။ လက်ထဲမှာ နှင်းဆီပန်း အနီရဲရဲတွေ တပွေ့တပိုက်နဲ့။

စနေမနက်ခင်း တစ်ခုလုံးရဲ့ ရဲရဲတောက်သွားသလို ခံစားရသည်။

သူ့ကိုတွေ့တော့ ပြုံးပြသည်။ ကျန်တဲ့အချိန်တွေ ချက်ကန်ကန် လုပ်နေသလောက် ဘုရားလာတဲ့အချိန်ဆို သူမလေး တကယ်ငြိမ်းချမ်းသည်။

ဘုရားပန်းအိုးမှာ ပန်းတွေ ထိုးစိုက်ကပ်လှူသည်။ ရေသပ္ပာယ်သည်။ အမွှေးတိုင်၊ ဖယောင်းတိုင်တွေ ပူဇော်သည်။ ပြီးတော့ ဘုရားထိုင်ရှိခိုးသည်။ ပုတီးစိပ် တရားထိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမဘေးမှာ သူမနဲ့အတူ ဘုရားဝတ်ပြုရတာ ရင်ထဲ ကြည်နူးလှိုက်တာလေ။ ဘုရားသွား ကျောင်းတက်အတူ တစ်သက်လုံးသာဆိုရင် တွေးရုံမျှ ရင်ထဲ ရှိန်းမြသွားသည်။

သူမကို ငဲ့ကြည့်လိုက်တဲ့ ခဏမှာပဲ သူ့ရင်ထဲ သိပ်ကိုသေချာသွားသည်။

သူ ဝတ်မှုံကို ချစ်နေပြီ။

တကယ်ကို မြတ်နိုးစွာ ချစ်မိနေတာ သေချာသွားသည်။ သူမအကြောင်း ဘာတစ်ခုမှ မသိရပါဘဲ လူချည်းသက်သက် ချစ်မိသွားပါပြီ။ ဒါဟာ စစ်မှန်တဲ့ အချစ်စစ်စစ်တစ်ခုဟု သူ ယုံကြည်ထားပါ၏။

❖ ✧ ❖





မနက်က ဘုရားပေါ်မှာ သူမ ဘုရားရှိခိုးတာ စောင့်နေတုန်း အလုပ်ကိစ္စ ဖုန်းဝင်လာသဖြင့် သူမကို မစောင့်နိုင်တော့ဘဲ သွားရသည်။ သူ့ရင်ထဲမှာတော့ အချစ်တွေ ပါသွားသည်။ သူမကို တွေ့ချင်သည်။ ပြီးတော့ သူ့အချစ်တွေကို ဖွင့်ဟပြောပြချင်သည်။

ထို့ကြောင့် အလုပ်အားတာနဲ့ သူမဆီ ဖုန်းဆက်မိသည်။ နာရီကြည့်လိုက်တော့ ညဆယ်နာရီ။ သူမတို့လမ်းထိပ်မှာ ကားရပ်ပြီး သူမဆီ ဖုန်းခေါ်မိသည်။

လမ်းထဲ သွားသေးသည်။ သူမတို့လမ်းထဲမှာ ကားရပ်စရာ ပါကင်တစ်နေရာစာတောင် မရှိ၍ လမ်းထိပ်ပြန်မောင်းလာရတာ။

တစ်လမ်းလုံး ကားတွေအပြည့် ရပ်ထားတာဆိုတော့ တိုက်ခန်းနေ လူလတ်တန်းစားလမ်းပေါ့။

"ဟဲလို"



www.burmeseclassic.com

www.burmeseclassic.com



အိပ်ချင်မူးတူးအသံနဲ့ ထူးလာသံလေး ကြားရုံနဲ့ ကြက်သီးမွေးညင်း ထလာ၍ ကိုယ့်ကိုယ်ကိုယ် ရယ်ချင်သွားသည်။ ရင်တွေလည်း ခုန်လိုက်တာနော်။

"ဟဲလို... ဖုန်းခေါ်ပြီး မပြောတာ ဘာလုပ်တာလဲ ကိုအာကာ"

"ပြောမလို့၊ ဖုန်းထူးသံကြားပြီး မျောသွားလို့"

"အမ်... ဘာကို မျောတာလဲ"

"အိပ်ချင်မူးတူး အသံနဲ့ ထူးတော့လေ၊ အိပ်ချင်နေတာလား၊ အိပ်နေတာလား စဉ်းစားနေတာ"

"အိပ်နေတာ"

"သြော်... ဆောရီး"

"ရပါတယ်"

"ဆယ်နာရီပဲ ရှိသေးတယ် အိပ်ပြီလား၊ ကိုယ်တောင် အခုမှ အလုပ်ပြီးတာ"

"ဒါ ပုံမှန်လူတွေ အိပ်ချိန်ရှင့်၊ လောဘဇောတိုက်နေတဲ့ သူဌေးတွေကတော့ လုပ်ပေါ့"

"အလုပ်လုပ်တာ မကောင်းဘူးလား"

"အချိန်နဲ့ အခါနဲ့ လုပ်တာပဲ ကောင်းပါတယ်။ စားချိန် စား၊ နားချိန်လည်း နားသင့်တယ်လေ။ လောကမှာ ငွေက အရေးကြီးတလား၊ ကျန်းကျန်းမာမာနဲ့ ပျော်ရွှင်





အေးချမ်းစွာ နေရဖို့က အရေးကြီးတာလား။ ရှင်တို့ သူဌေးတွေက workholic ဖြစ်လို့လည်း ချမ်းသာကြတာ ဆိုပေမယ့် ပိုက်ဆံသာ ချမ်းသာတာ လူကတော့ မချမ်းသာပါဘူး။ အချိန်ကလည်း ဆင်းရဲချက်"

"အင်း... မင်းပြောတာလည်း ဟုတ်ပါတယ်"

"ဘာကိစ္စရှိလို့ ဖုန်းဆက်တာလဲ"

"တွေ့ချင်လို့ လာတာ၊ ပြောစရာရှိလို့၊ အခု မင်းတို့လမ်းထိပ်မှာ"

"ဒီအချိန်ကြီး ဘာပြောစရာရှိလို့လဲ"

"လူချင်းတွေ့ပြီး ပြောမှရမှာ"

"အဲဒါဆိုရင်တော့ ဆောရီးပဲ။ ရှင်လာတာ ညှိချိန်မဟုတ်ဘူး"

"ဒါဆို မနက် ဘုရားလာခဲ့ပါလား"

"ဒီနေ့ လာပြီးပြီလေ"

"နှစ်ရက်လာလို့လည်း မင်းကို ဘယ်သူမှ ရိုက်မထုတ်ပါဘူး။ လာခဲ့နော်။ ပြောစရာရှိလို့"

"အိပ်ရာက နိုးရင်ပေါ့"

"ဟိတ်... အဲလိုတော့ မလုပ်နဲ့ကွာ။ လာခဲ့ပါ... please"

"ပြောစရာရှိရင် အခုပြောပါလား ကိုအာကာ"

"မျက်နှာချင်းဆိုင် ပြောမှ ရမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုအာကာနဲ့ ကျွန်မကြားမှာ အဲလောက်လေးနက်တဲ့ကိစ္စ မရှိဘူး ထင်တယ်"

"မနက် လာမှာလား"

"မသေချာဘူး။ နိုးရင် လာမယ်။ ဒါပဲနော်။ ကျွန်မဖုန်းချ လိုက်တော့မယ်"

"ကောင်းသော ညပါ။ အိပ်မက်လှလှ မက်ပါစေ"

"ကျေးဇူး"

သူ ကားပေါ်တက်ကာ မောင်းထွက်ခဲ့၏။ မနက် မိုးလင်းဖို့ ရင်ခုန်စွာ စောင့်ရဦးမယ်၊ ဒီည အိပ်ပျော်ပါ့မလား မသိ။ ဪ... အချစ်ဆိုတာ မအိပ်ဆေး တစ်မျိုးပါပဲလားနော်။ အလွမ်းဆိုတာကလည်းလေ ညကာလမှာ သိပ်ကို အင်အားပြတတ် တာပဲ။

❖ ✧ ❖





အိပ်မပျော်တဲ့ ညတွေက ညာတာရှည်လွန်းလှသည်။ air-con တွေ အေးစိမ့်နေအောင် ဖွင့်ထားတဲ့ အခန်းထဲမှာ သိန်းရာနဲ့ချီတန်တဲ့ မွေ့ရာကြီးထဲ လူတစ်ကိုယ်လုံး နစ်ဝင်နေပြီး အကောင်းစား ယုန်မွေးစောင်နဲ့ ကွေးရတဲ့ အရသာဟာ ဘယ် လောက်တောင် ဇိမ်ကျကျနဲ့ အိပ်ချင်စရာ ကောင်းလိုက်သလဲ။

ဒါပေမဲ့ သူ အိပ်မပျော်ဘဲ မိုးလင်းသွားသည်။ မနက်ငါးနာရီ အိမ်ကစထွက်ခဲ့သည်။ သူမဖုန်းကို လှမ်းဆက် တော့ စက်ပိတ်ထားသည်။ ဘုရားပေါ်တက်ပြီး တနင်္ဂနွေထောင့် မှာ သွားစောင့်နေလိုက်သည်။

သူမ ရောက်မလာသေး။ ဆယ့်ငါးမိနစ်၊ နာရီဝက်၊ တစ်နာရီ။ ခြောက်နာရီ ကျော်သွားတော့ သူမ မလာဘူးဆိုတာ သေချာသွားသည်။ သူမဖုန်းကလည်း စက်ပိတ်ထားဆဲ။

သူ ဘုရားပေါ်ကဆင်းကာ သူမတို့လမ်းထဲသွား တော့ သူမကားလေးက ညကအနေအထားအတိုင်း ငြိမ်သက်စွာ



www.burmeseclassic.com

www.burmeseclassic.com



ရပ်တန့်နေဆဲ။ သူမတိုက်ခန်းထက်သို့ မော့ကြည့်လိုက်တော့လည် အရိပ်အယောင်တောင် မမြင်ရ။

သူ သူမတိုက်ခန်းဆီတက်ကာ တံခါးခေါက်လို သည်။ ခေါက်လို့မရတော့ စိတ်ပေါက်ပေါက်နဲ့ ထုပစ်လိုက်သည်

"ဒေါက်... ဒေါက်... ဒေါက်..."

"ဒေါက်... ဒေါက်... ဒေါက်..."

"ဒုန်း... ဒုန်း..."

"အား... သူများအိမ် စောစောစီးစီး ဘယ်သူလာခေါ နေတာလဲ"

သူ ထပ်ပြီး ထုလိုက်သည်။

"ဒုန်း... ဒုန်း..."

"တောက်... စောစောစီးစီး ကျက်သလောတုံးနေတ ကွာ"

ဝတ်မှုံဖြူ တံခါးဆွဲဖွင့်လိုက်တော့ သူ။

"ဟင်... ရှင် ဘာကိစ္စ သူများအိမ် စောစောစီး လ ထုနေတာလဲ"

"ဘုရားကို လာပါဆို ဘာလို့မလာတာလဲ"

"လာချင် လာမယ်၊ မလာချင် မလာဘူး၊ လာပါ့မယ် ဘယ်သူမှ ကတိမပေးထားဘူး အရူးရဲ့"

ခေါင်းမွှေးစုတ်ဖွားနဲ့ စပန့်ဂါဝန်နဲ့ အိပ်ရာထဲ ထလာတဲ့ မှုန်တေတေ ရုပ်ကလေးကလည်း တစ်မျိုးချစ်စရာ





"ကိုယ် မင်းကို ချစ်တယ်"

"ဟင်... ဘာ... ဘာပြောလိုက်တယ်"

"ထပ်ကြားချင်လို့လား"

သူ သူမကို မျက်လုံးမှိတ်ပြလိုက်သည်။

"ရှင် ပြန်တော့"

"အိမ်လာလည်တာလေ၊ ဧည့်မခံဘူးလား"

"ရှင်က ကျွန်မ တစ်ယောက်တည်း နေတယ်ဆိုပြီး သွေးတိုးလာစမ်းနေတာလား။ ရှင့်ကို ဧည့်ခံရအောင် ဒါ ဧည့် ဂေဟာ မဟုတ်ဘူး။ ပေါက်တယ်နော်။ ဒိုးတော့"

"အဲဒါဆို ဆင်းခဲ့။ အောက်မှာ စောင့်နေမယ်"

"စောင့်နေလေ၊ ကျွန်မ အိပ်ရာထချိန်က ဆယ်နာရီ။ ရေမိုးချိုးပြီး ဆယ့်တစ်နာရီလောက်ဆို ဆင်းခဲ့မယ်။ ခုတော့ အိပ်ရေးမဝလို့ ဆက်အိပ်လိုက်ဦးမယ်"

သမ်းဝေပြီး တံခါးပြန်ပိတ်သွားသည်။

"ဟူး"

အာကာ တစ်ယောက် ခေါင်းကုပ်ပြီး ပြုံးစိစိနဲ့ ခွင့်လွှတ်နေမိသည်။ ဆယ့်တစ်နာရီထိတော့ မစောင့်နိုင်တော့။ အစည်းအဝေးတစ်ခု တက်စရာရှိသေးသည်။

"ဒေါက်... ဒေါက်..."

"ဒေါက်... ဒေါက်..."



www.burmeseclassic.com

www.burmeseclassic.com



သူ ဘယ်လိုတံခါးခေါက်ခေါက် လာမဖွင့်ပေးတော့ပါ။

“ဝတ်မှုံ ကိုယ် အစည်းအဝေး သွားစရာရှိလို့ မစောင့်နိုင်တော့ဘူး။ သွားပြီ”

ဝတ်မှုံဖြူက နားကို ခေါင်းအုံးနဲ့ပိတ်ပြီး လှိမ့်အိပ်နေမိသည်။

“ချစ်တယ်တဲ့”

သွားစမ်းပါ။ သူ့ငွေတွေ ပါးစပ်ဖျားက အချစ်တွေ ခြောက်ပြားလောက်တောင် တန်ဖိုးမရှိဘူး။ သူ့ငွေတွေမှာရှိတာ ပိုက်ဆံ။ သူ့ငွေတွေ ကိုးကွယ်တာ အချစ်မဟုတ်ဘူး။ ပိုက်ဆံပဲ။ ပိုက်ဆံအတွက်ဆို စိတ်ရော ကိုယ်ရောမက ရှိသမျှ အချိန်တိုင်းကို နှစ်မြှုပ်ထားတတ်သူတွေပါ။ မယုံတာ ဆယ့်နှစ်ခါပါပဲ။

❖ ✧ ❖





သူမနဲ့ဆုံဖို့ ကြိုးစားပေမယ့် သူမအခန်းမှာ သူမကိုလုံးဝကို မတွေ့။ သူမကားလည်း မတွေ့။

သူမ ခရီးများ ထွက်သွားသလားမသိ။ သူမအိမ်မှာ သူမကို မတွေ့ပေမယ့် ဘုရားမှာတော့ မနက်တိုင်း သွားစောင့်နေမိသည်။ တစ်ပတ် တစ်ရက်တော့ သူမ လာလေမလားလို့။

အဲဒီမနက်က မေလမိုးက ဆိုင်းမဆင့် ဗုံမဆင့် ရွာချလိုက်သည်။ သူမ စနေထောင့်မှာ ဘုရားရှိခိုးနေတုန်း မိုးကရွာချလိုက်တာ။ သူမကတော့ မိုးရေထဲမှာ ဘုရားရှိခိုးမပြတ်။ တုပ်တုပ်တောင် မလှုပ်ပါ။ သူ့မှာလည်း ထီးမပါ။ ကာပေးစရာလည်း ဘာမှမရှိ။ သူမက ဘုရားရှိခိုးပြီး ပုတီးစိပ်နေတုန်းပဲ။ သူမ ထုံးစံအတိုင်းပဲ ရှိခိုးနေသည်။

“ဝတ်မှုံ မိုးတွေရွာနေတယ်လေ”

သူ ဘေးကနေ ပြောလိုက်သော်လည်း သူမကတော့ တုပ်တုပ်မလှုပ်။ သူမ ဘုရားရှိခိုးရင် တစ်နာရီခွဲလောက် ကြာတတ်သည်။ ဒီတိုင်းဆို သူမ အအေးမိတော့မှာပဲ။ သူလည်း သူမ



www.burmeseclassic.com

www.burmeseclassic.com



သားမှာ ရွှဲရွှဲစိုနေပြီ။ မိုးကလည်း သဲကြီးမဲကြီး။ လေကလည်း ခပ်ကြမ်းကြမ်း ဝေ့နေတော့ သူတောင် ချမ်းလာပြီ။ ထိုစဉ်ဇာ မှာပဲ မိုးက ဖြုန်းခနဲ တိတ်သွားသည်။ မဟုတ်သေးပါဘူး။ မိုးက ရွာနေတုန်းပါ။ သူတို့ပေါ်ကိုသာ မိုးစက်တွေ မကျတော့တာ။

မော့ကြည့်လိုက်တော့ ဘုရားပေါ်က ဝန်ထမ်းတစ်ယောက်က သူတို့ကို ရောင်စုံထီးကျားကြီးတစ်လက် လာမိုးပေးထားတာ။

"ကျေးဇူးပါဗျာ"

"ရော့... ပြီးရင် ဟိုနားက အလှူခံမဏ္ဍပ်ထဲ လာပေးနော်"

"ဟုတ်ကဲ့... ကျေးဇူးပါ"

ထီးဆောင်းထားလို့ ကိုယ်ပေါ် မိုးရေစက်တွေ မကျတာပဲ ရှိတာ။ ရင်ပြင်ပေါ် စီးဆင်းလာတဲ့ ရေတွေကတော့ ထိုင်နေတဲ့ သူတို့နှစ်ယောက်ကို တိုက်စားနေသည်။

ရွှဲရွှဲစိုနေတဲ့ သူမမျက်နှာမှာ သနပ်ခါးလည်း မရှိတော့။ ရေစိုနစ်နေသော ဇမာဝတ်စုံလေးကလည်း ခန္ဓာကိုယ်အတိ ချပ်ကပ်နေပြီ။

မိုးစိုနေတဲ့ သူမအလှကလည်း တစ်မျိုးဖမ်းစားထားပြန်သည်။

သူမ ဘုရားရှိခိုးပြီးတော့ ပုတီးစိပ် တရားထိုင်။ အားလုံးပြီးတော့...





"အအေးပတ်တော့မှာပဲ ဝတ်မှုံဖြူရယ်။ ဒီလောက် မိုးရွာနေတာ စောင်းတန်းထဲပြောင်းပြီး ရှိခိုးပါလား"

"မိုးရွာရုံလောက်လေးနဲ့တော့ ကျွန်မရဲ့ထုံးစံကို ဖျောက် ဖျက်ပြင်ဆင်မှာ မဟုတ်ဘူး ကိုအာကာ"

"ကာလံဒေသံဆိုတာ ရှိတယ်ကွ။ မင်း အခုမိုးမိပြီး အအေးပတ် ဖျားနာတော့ ဘယ်လိုလုပ်မလဲ"

"အလတ်ကြီးပါ မသေနိုင်သေးပါဘူး၊ အေးဆေးပေါ့"

"မင်းက ခေါင်းမာတာလား။ ဒါမှမဟုတ် အသိဉာဏ်နိမ့် ပါးတာလား"

"ရှင် ဒေါသထွက်နေတာလား"

"မင်း အအေးပတ်မှာစိုးလို့"

"စိတ်မပူပါနဲ့၊ မိုးနဲ့ ကျွန်မ မိတ်ဆက်နေကျ၊ သူငယ်ချင်း တွေပါ။ ကျွန်မက ရှင့်လို သိပ်မနုဘူး သူဌေးရဲ့"

"တော်ပြီ။ မင်းနဲ့ မငြင်းတော့ဘူး။ အိမ်မြန်မြန်ပြန်၊ အဝတ်အစားလဲ။ နွေးနွေးထွေးထွေးနေ။ ထ... ထ..."

ထီးပြန်ပေးပြီး ဘုရားပေါ်က အမြန်ဆင်းလာသည်။

"အိမ်မြန်မြန်ပြန်တော့။ ကိုယ်လည်း ချမ်းနေပြီ။ ပြန်ပြီး အဝတ်အစားလဲပြီး လာခဲ့မယ်။ မနက်စာ သွားစားရအောင်"

"မလာနဲ့ ကျွန်မ ချမ်းနေပြီ၊ အိမ်မှာ တစ်ရေးပြန်နှပ်လိုက် ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"တွေ့ချင်သေးတယ်၊ ပြောစရာရှိလို့"

"ရည်းစားစကားလား၊ Rock သီချင်း တစ်ပုဒ်လောက် စိတ်ဝင်စားစရာ မကောင်းပါဘူး။ သွားပြီ... ဘိုင့်...ဘိုင့်"

သူမ ကားပေါ်တက်ကာ ခပ်ကြမ်းကြမ်း မောင်း ထွက်သွားတာကို ကြည့်ပြီး သက်ပြင်းချမိသည်။

ဝတ်မှုံဖြူဟာ လူးဆန်းတာတော့ အမှန်ပဲ။ သူ အိမ်ပြန် အဝတ်အစားလဲပြီး သူမဆီမသွားတော့ဘဲ အလုပ်သွား ဖို့ပဲ ဆုံးဖြတ်လိုက်သည်။ သူမဆီသွားလည်း တွေ့ရမှာမှ မဟုတ် တာလေ။

ညနေဘက်ကျတော့ ဝတ်မှုံဖြူဆီ ထွက်မ အလုပ်...

"ကိုကို"

"ဟာ... မေကို၊ ပြန်ရောက်နေတာလား"

"ဟုတ်တယ်၊ မနက်က ရောက်တာ"

"အဘွားရော"

"စင်ကာပူက ပြန်လွှတ်လိုက်လို့ ပြန်ခေါ်လာရတယ်"

"ပြန်လွှတ်လိုက်လို့"

"အင်း... ဒီမှာပဲ ပြန်စောင့်ဖို့ ခေါ်လာပြီ"

"ဟာ... အခု ဘယ်မှာလဲ

"ဝိတိုရိယမှာ"





"စိတ်မကောင်းလိုက်တာကွာ"

ထိုနေ့က သူမဆီမရောက်တော့ဘဲ မေကိုနဲ့ ဆေးရုံ လိုက်သွားလိုက်၏။ မေကို့အဘွားရဲ့ နောက်ဆုံးအချိန် ရောက်နေပြီမို့ မေကို တစ်ယောက် ဝမ်းနည်းကြေကွဲနေရှာသည်။ ပြီးတော့ သူ့ကိုလည်း အားကိုးတကြီး တွယ်မိတွယ်ရာ။

❖ ✧ ❖



www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံလာကြည့်ရင်း ဆေးရုံနားက feel မှာ မနက်စာ အတူစားကြသည်။

"မေကို ပိန်သွားတယ်၊ ကျန်းမာရေး ဂရုစိုက်ဦး"

"ကျေးဇူးပါ ကိုကို၊ ဘယ်နေ့လဲ ရင်တမမနဲ့ စောင့်နေရတာကြီးကို စိတ်ပင်ပန်းတယ်၊ အဘွားကိုလည်း မကြည့်ရက်တော့ဘူး"

သူလည်း ဘယ်လိုနှစ်သိမ့်ပေးရမလဲ မသိ။

"သေရမယ်လို့ ကြိုသိနေရတဲ့ ဒီရောဂါကြီးကို မုန်းလိုက်တာ ကိုကိုရယ်။ ကင်ဆာဆို ဘာကင်ဆာမှ မဖြစ်စေချင်ဘူး"

"အစားအသောက် ဆင်ခြင်လည်း ဖြစ်ချင်ဖြစ်မှာပဲ။ ကံပေါ့ မေကိုရယ်။ ကြိုသိရတော့ ကောင်းမှုကုသိုလ်တွေ လုပ်သွားလို့ရတာပေါ့။ ခုပဲ မေကိုတို့ အလှူတွေ နေ့တိုင်း လုပ်ပေးတယ်။ မေကိုတို့ ကိုးကွယ်တဲ့ ဆရာတော်ကလည်း ဆေးရုံထိကြွပြီး တရားချီးမြှင့်ပေးတယ်။ ဘာမှမလုပ်ဘေး





လိုက်ရပါဘဲ မြုန်းစားကြီး ပြစ်သွားတာထက်စာရင် ဖြေသာပါတယ် မေကိုရယ်"

"ဒါပေမဲ့ ကိုကိုရယ်၊ သေမှာကို ထိုင်ကြည့်နေရတာက တော်တော်ဆိုးတယ်"

"အဘွားက ကံရော သက်တမ်းပါ အကြာကြီးနေရတာလေ။ အခုက ကံကုန်သက်တမ်းစေ့နေပါပြီ။ ငယ်ငယ်ရွယ်ရွယ် ဆိုရင်တော့ တစ်မျိုးပေါ့"

မေကို့ကို နှစ်သိမ့်နေမိသည်။ မေကိုကလည်း သူ့ကို တတွတ်တွတ် တိုင်တယ်လို့။ ထိုစဉ်ခဏမှာပဲ သူ့မျက်ဝန်းထောင့်မှာ အရိပ်တစ်ခု ထင်ဟပ်လာသည်။

ဝတ်မှုံဖြူ ပါလား။ တစ်ယောက်တည်းတော့ မဟုတ်။ သူမမိခင်နဲ့ ညီမပါ ပါသည်။ ဝတ်မှုံဖြူက သူတို့ကို ကြည့်နေသည်။

သူလှမ်းကြည့်ကာ ပြုံးပြလိုက်တော့ မျက်နှာလွှဲသွားသည်။

သူမကို ကြည့်ရတာ သူ့ကို လာနှုတ်ဆက်တာကို ကြိုက်ပုံမပေါ်။

သူ သွားနှုတ်ဆက်ရင် ကောင်းမလား စဉ်းစားနေတုန်း မေကိုက ပိုက်ဆံရှင်းလိုက်ပြီ။

"သွားရအောင် ကိုကို"



www.burmeseclassic.com

www.burmeseclassic.com



မေကိုက သူ့လက်မောင်းကိုကိုင်ကာ ဆိုင်ထဲက ထွက်ဖို့ပြင်သည်။ မေကိုက သူ့လက်ကို ကိုင်လျှောက်တာမျိုး၊ သူနဲ့ လက်တွဲပြီး လျှောက်တာမျိုးတွေက လုပ်နေကျပါ။ ပါတနာသဘော တရင်းတနှီး တွဲသွားတွဲလာ အဆင့်ပေါ့။

မေကို့လက်တွေကို ဆွဲဖယ်ပစ်ဖို့ကိုလည်း အားနာမိသည်။ ဝတ်မှုံ အထင်လွဲမှာလည်း ကြောက်သည်။

ဒါပေမဲ့ သူ ဝတ်မှုံတို့ရှေ့ကနေ မေကိုနဲ့အတူအဖြစ် ဝတ်မှုံကို နှုတ်ဆက်ဖို့ ကြိုးစားသေးသော်လည်း ဝတ်မှုံ မျက်ဝန်းတွေက မလိုလားရိပ်တွေနဲ့အတူ ခေါင်းကိုပါ မသိမသာ ခါယမ်းပြတာမို့သူ နှုတ်မဆက်သာတော့ဘဲ ဆက်ထွက်လာလိုက်ရသည်။ သူ ကျောမလုံသလို ခံစားရသည်။

ဝတ်မှုံက သူမ မိခင်ကိုကြည့်ကာ…

"မေမေ… အဲဒါ ဦးထင် သားလေ"

"သြော်"

သူတို့သားအမိ သုံးယောက်လုံး တိတ်ဆိတ်သွားသည်။ သူတို့ရင်ထဲမှာ ခံစားချက် ကိုယ်စီနဲ့ပေါ့။

"သမီးနဲ့ သိနေတာလား"

"သိရုံပါပဲ"

"မသိကြတာ ပိုကောင်းပါတယ်"





မေမေ့စကားအဆုံး ဝတ်မှုံဖြူ နှုတ်ခမ်းတွန့်ရုံ ပြုံးလိုက်မိသည်။

မေမေက သူမအပြုံးကို သဘောပေါက်ပုံဖြင့်…

"ဖြူဖြူ စိတ်ထင်ရာတွေ လျှောက်မလုပ်နဲ့။ တချို့ကိစ္စတွေက ပိုနေမြဲ ကျားနေမြဲပဲ ကောင်းတယ်"

"မီးခဲ ပြာဖုံးနေတာ မဟုတ်ဘူးလား မေမေ"

"ပြာဖုံးနေရင်တောင် ဖုံးလက်စနဲ့ မီးသေတဲ့အထိ ဖုံးသွားတာ အကောင်းဆုံးပဲ ဖြူဖြူ။ တချို့ကိစ္စတွေဟာ တိတ်တဆိတ် ပြီးဆုံးသွားတာ ပိုကောင်းတယ်"

"ကျွတ်"

မေမေနဲ့ သူမ ပြောနေတာကို ညီမလေးက နားမထောင်ဘဲ နားမှာ earphone တပ်ပြီး သီချင်းနားထောင်နေသည်။ ဆယ်နှစ်သာ ရှိသေးတဲ့ ညီမလေးဟာ မကြားချင်တာတွေကို ဥပေက္ခာပြုတတ်နေပြီ။ မမြင်ချင်တာတွေကို မျက်နှာလွှဲတတ်နေပြီ။

"ဖြူဖြူ မေမေ့စကား နားထောင်ပါ သမီးရယ်၊ စိတ်ထင်ရာတွေ လျှောက်မလုပ်ပါနဲ့"

"ပြန်ကြစို့ မေမေ"

"မေမေ့ကို ကတိပေး ဖြူဖြူ"

"စိတ်မကောင်းပါဘူး မေမေ၊ မနက်ဖြန်တိုင်းကိုသာ စီမံပိုင်ခွင့်ရခဲ့ရင် ဒီနေ့ ဒီအခြေအနေတောင် ရောက်မလာဘူး။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နာရီ ဘာဖြစ်မလဲ ဆိုတာတောင် မသိနိုင်တဲ့ လောကကြီးမှာ ဘာကတိမျိုးမှ သမီးမပေးနိုင်ဘူး"

"နင်တစ်ယောက်နဲ့တော့ ငါ စိတ်ညစ်တယ် ဖြူဖြူရယ်"

"အဲဒါတွေကို မေမေပဲ ဖန်တီးခဲ့တာ"

"ကဲ... ထားတော့ ဘာမှ မပြောတော့ဘူး၊ ပြန်စို့ သမီး၊ ပိုက်ဆံလိုသေးလား။ ယူထားဦးလေ။ ဒါမှမဟုတ် မေမေ သမီးဘဏ်အကောင့်ထဲ ထည့်ပေးထားရမလား"

"မေမေ မေ့နေပြီထင်တယ်။ သမီး မေမေ့ဆီက ပိုက်ဆံ မယူတာ သုံးနှစ်ရှိပြီလေ။ သမီးလိုချင်တာ ပိုက်ဆံမဟုတ်ဘူး၊ သမီး သွားပြီ"

သူမက ကားတစ်စီး၊ မေမေနဲ့ ညီမလေးက ကားတစ်စီး။ ပြန်တော့လည်း တစ်နေရာစီ။

❖ ✧ ❖





"ဝတ်မှုံဖြူ"

"ဟင်"

သူ သူမတို့တိုက်အောက်မှာ လာစောင့်နေပါလား။

"ဘာပြောမလို့လဲ"

"ခုန ကောင်မလေးက ကိုယ်နဲ့ မောင်နှမတွေလို နေကြတာလေ။ မေကိုကို... တဲ့"

"စိတ်မဝင်စားပါဘူး"

"သိပါတယ်၊ ကိုယ်က ချစ်နေရတဲ့သူဆိုတော့ ရှင်းပြရမယ့် ဝတ္တရားရှိလို့ပါ"

"ကျွန်မက ဝတ္တရားဆိုတဲ့ စကားလုံးကို အရမ်းမုန်းတယ်။ ကျွန်မဘဝမှာ ဝတ္တရားဆိုတဲ့ စကားလုံးနဲ့ အဲဒီအဓိပ္ပာယ်ကြီးက အရမ်းခါးသီးစရာကောင်းလို့။ ဝတ္တရားကျေဖို့ထက် ရင်ထဲကလာတဲ့ စေတနာကိုပဲ ပိုပြီးလေးစားတယ်"

"ဝတ်မှုံ တိုက်အောက်ကြီးမှာ စကားပြောရတာ အဆင်မပြေဘူး။ ကိုယ်တို့ တစ်နေရာရာ သွားရအောင်လား"



www.burmeseclassic.com

www.burmeseclassic.com



"သွားလေ"

ဘယ်သွားမလဲဆိုတော့ ဗိုလ်ချုပ်ဈေးထဲက အသုပ်ဆိုင်တဲ့။ စားသောက်ရုံထဲမှာ မဟုတ်ဘဲ အပြင်ဘက် လျှောက်လမ်းမှာ ပလတ်စတစ်ခုံလေးတွေနဲ့ ကျရောင်းနေတဲ့ အသုပ်ဆိုင်။ လမ်းဘေးဆိုင် မဟုတ်တဲ့ လမ်းလယ်ကောင်တည့်တည့်က ဆိုင်လေ။

သူမတော့ မသိ။ သူတော့ ထိုင်ရတာ အသားမကျ။ ပြီးတော့ အသိတွေနဲ့ တွေ့ရင်ဖြစ်ဖြစ်၊ သူ့ကုမ္ပဏီက ဝန်ထမ်းတွေနဲ့ တွေ့ရင်ဖြစ်ဖြစ် တော်တော်လေးကို အဆင်မပြေမယ့် အနေအထား။

"ဘာလို့ ဒီမှာ လာစားတာလဲ သိလား"

"ဟင့်အင်း"

"ဒီဆိုင်က အပြင်မှာ သုံးရာပဲတန်တဲ့ ဟင်းခါးနဲ့အသုပ်ကို ထောင့်ငါးရာနဲ့ ရောင်းတယ်။ ဘာလို့လဲလို့ မေးကြည့်တော့ တစ်နေ့ကို ဈေးစည်ပင်ကို ဈေးကောက်ငါးထောင်နဲ့ ရှစ်ထောင်ကြား ပေးရလို့တဲ့။ သူ့နေရာ မဟုတ်တဲ့နေရာမှာ ခွင့်ပြုတဲ့သူက ခွင့်ပြုတယ်။ ရောင်းတဲ့သူကလည်း ရောင်းတယ်။ အဲဒီ မမှန်ကန်မှုကို စားသုံးသူက ခံရတယ်လေ။ အဲဒီသဘောတရားမှာ တွေးမိတိုင်း လာစားဖြစ်တယ်"





"ဘာကို လာစားတာလဲ။ ဗိုက်ဆာသာ ဗိုပေးရတာ၊ ဘာ ficility မှ မရှိဘဲနဲ့"

"အဲဒီဖြစ်စဉ်ကို သဘောကျလို့။ ဟက်... ဟက်..."

"ဘာလို့ သဘောကျတာလဲ"

"တစ်ခါတလေ တချို့ကိစ္စတွေမှာလည်း ဒီလိုပဲ။ အမှားအယွင်းကို လုပ်တဲ့သူတွေက မှားယွင်းမှုဒဏ်ကို မခံရဘဲ ဘာအမှားမှ မလုပ်တဲ့သူက အဲဒီရလဒ်ကို ခံရတယ်"

"အင်း"

"စားပြီးရင် သွားရအောင်"

သူမ ပြောရုံရှိသေး လက်ထဲက မကုန်သေးတဲ့ အသုပ်ပန်းကန်ကို အမြန်ချလိုက်သည်။

"ဟင်း... ဟင်း... ရှင် တော်တော်လေးကို အဆင်မပြေဖြစ်နေပုံပဲ"

"အသုပ်စုံဆိုတာ ယောကျ်ားလေးတွေ ကြိုက်တတ်တဲ့ အစားအသောက် မဟုတ်ဘူးလေကွာ။ မင်း ငြိုငြင်မှာစိုးလို့ စားနေရတာ"

"မကြိုက်တဲ့ အရာတစ်ခုကို မိန်းမတစ်ယောက်အတွက်နဲ့ မလုပ်ချင်ဘဲ လုပ်တယ်ပေါ့"

"ကိုယ်ချစ်တဲ့ မိန်းမတစ်ယောက်တည်းအတွက်ပဲ လုပ်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်နဲ့ကျွန်မ စကားအေးဆေးပြောရအောင် parkson ထဲ ခဏသွားထိုင်ရအောင်"

Parkson မှာ အအေးထိုင်သောက်ရင်း…

"ရှင် ကျွန်မကို ဘာလို့ချစ်တာလဲ"

"ဘာလို့ချစ်မိမှန်းတော့ မသိဘူး။ အမှန်အတိုင်း ပြောရရင် မင်းက မလှဘူး။ ဇွဲဆောင်မှုတော့ ရှိတယ်။ ကိုယ့်ရင်ထဲမှာ မင်းကို အမြတ်တနိုး ဇွဲလမ်းနေမိတာ"

"အဲဒါ အချစ်လို့ သေချာလို့လား"

"သေချာတယ်။ ကိုယ် မင်းကို လက်ထပ်ချင်တယ်"

"ကျွန်မအကြောင်း သိလို့လား"

"ဘာမှ မသိဘူး။ မသိရလည်း ပြဿနာမရှိဘူး။ တစ်ခုပဲ မင်း လွတ်လပ်သူဖြစ်ရင် ရပြီ"

"လွတ်လပ်သူ ဆိုတာက"

"မင်း အိမ်ထောင်တော့ မကျဖူးဘူးမို့လား"

"ဟင်း ဟင်း… ကျဖူးရင်ရော"

"ရတယ်"

"ရှင်"

"ကိုယ်က အယူမသည်းဘူး။ မင်း single ဖြစ်ရင် ရပြီ"

"ရှင် ကျွန်မကို ဘယ်လိုသဘောထားတာလဲ"





"ဘယ်လိုအနေအထားဖြစ်ဖြစ် လက်လွှတ်ဆုံးရှုံး မခံနိုင်အောင် ချစ်တာ"

"ရှင်ဆိုလိုတာက ကျွန်မက တစ်ခုလပ်တို့ မုဆိုးမတို့ ဖြစ်နေရင်လည်း ရတယ်ပေါ့"

"ဟား ဟား… ကိုယ် လှုကဲခတ် အဲလောက်မညံ့ဘူး။ မင်းက တစ်ခုလပ်တို့ မုဆိုးမတို့ မဖြစ်နိုင်ဘူး"

"ရှင်မှန်းတာ မှားနေရင်ရော"

"မင်းသာ လက်ခံမယ်ဆိုရင် ကိုယ် လက်ထပ်မယ်"

"ဘယ်အနေအထားနဲ့လဲ၊ နံပါတ်တစ်လား။ ဒါမှမဟုတ် တစ်နောက်က နံပါတ်အငယ်အနေနဲ့လား… ဟင်း ဟင်း"

"မင်း ဘာလို့ အဲလိုပြောတာလဲ"

"ရှင်က သိပ်ချမ်းသာတဲ့ သူဌေးတစ်ယောက်လေ။ သူဌေးဆိုတာ ငွေကို ရေလိုသုံးနိုင်သလို ခေတ်ပျက်ကြီးထဲမှာ မိန်းမဆိုတာလည်း လိုသလောက် ရနေတော့ ကျွန်မကို ဘယ်စာရင်းသွားမှာလဲလို့ မေးကြည့်တာပါ။ တရားဝင်လား။ တိတ်တိတ်ပုန်းလား"

"မင်းကွာ ဘယ်လိုမေးလိုက်တာလဲ။ မင်းကို အဲဒီလိုပွင့်လင်းတာတွေကြောင့်လည်း သဘောကျတာပါတယ်။ ကိုယ် မင်းကို တရားဝင် လက်ထပ်မှာပါ။ မင်းက ကိုယ့်ရဲ့နံပါတ်တစ်။ တစ်ဦးတည်းသော နံပါတ်လည်း ဖြစ်စေရပါမယ်"



www.burmeseclassic.com

www.burmeseclassic.com



“မယုံဘူး”

“ဘာလို့လဲ”

“ရှင်က သူဌေးဖြစ်နေလို့”

“ဘာဆိုင်လို့လဲ”

“သူဌေးတိုင်းမှာ နံပါတ်အပို ရှိတတ်ကြတယ်။ ပွဲတက်မယား ဖြစ်ပြန်တော့လည်း နောက်ကွယ်မှာ တန်းစီနေတဲ့ နံပါတ်တွေနဲ့ စိတ်ပျက်စရာ သူဌေးကတော်ဘဝ”

“သူဌေးပဲဖြစ်ဖြစ် ဆင်းရဲသားပဲဖြစ်ဖြစ် ဖောက်တဲ့သူက ဖောက်မှာပဲ”

“မတူဘူး။ ဆင်းရဲသားက ဖောက်ချင်ရင်တောင် ဖောက်နိုင်တဲ့အင်အား မရှိဘူး။ စိတ်ပဲရှိမှာ စိတ်သွားတိုင်း ကိုယ်မပါနိုင်ဘူး”

“အဓိပ္ပာယ်မရှိတာကွာ”

“ကျွန်မပြောတဲ့စကား အဓိပ္ပာယ်သိပ်ရှိတယ်ဆိုတာ တစ်နေ့ ရှင် ကောင်းကောင်းကြီး သဘောပေါက်လာမှာပါ”

“မင်း မယုံရင် အခု ကိုယ်နဲ့ တရားရုံးမှာ လက်မှတ်သွားထိုးမယ်၊ ပြီးရင် သတင်းစာထဲ ကြော်ငြာထည့်လိုက်မယ်”

“ကျွန်မ ပွဲတက်မယားလည်း မဖြစ်ချင်ပါဘူးဆို... ဟာဟာက်။ ကျွန်မ ရှင့်အချစ်ကို မတုံ့ပြန်နိုင်ဘူး။ ရှင် မျှော်လင့်မနေနဲ့”





“ဝတ်မှုံဖြူက တစ်သက်လုံး အိမ်ထောင်မပြုတော့ဘူးလား”

“မသိဘူး။ ကွေးသောလက် မဆန့်မီ အနတ္တသဘောနဲ့ ကိစ္စချောနေတတ်တဲ့ ခေတ်ကြီးမှာ ဘာတွေဖြစ်လာမလဲဆိုတာ ဘုရားပဲ သိလိမ့်မယ်”

“မင်း ဘာလို့ ဘဝကို အလေးအနက် မထားတာလဲ”

“ရှင် မှားနေပြီ။ ကျွန်မက ဘဝကို တကယ်အလေးအနက်ထားတာ။ အခု ပစ္စုပ္ပန် စက္ကန့်တိုင်းကို အာရုံစိုက်ထားတာ။ တစ်စက္ကန့်တိုင်းမှာ မမှားအောင် ကျွန်မ နေတယ်၊ နောက်တစ်စက္ကန့်ကို ကြိုမတွေးဘူး”

“ကိုယ် မင်းကို သိပ်ချစ်တယ် ဝတ်မှုံ”

“ကျေးဇူးတင်ပါတယ်၊ ကျွန်မကတော့ ရှင့်ကို ဘယ်တော့မှ လက်ထပ်မှာ မဟုတ်ဘူး”

သူ့အတွက်တော့ ပွဲဦးထွက်အငြင်းဟာ ကမ္ဘာတစ်ခုလုံး မှောင်သွားသလိုပဲ။ တကယ်တော့ ကမ္ဘာဆိုတာ အမြဲတမ်း တစ်ခြမ်းပဲ မှောင်တတ်ပါတယ်လေ။ ကမ္ဘာတစ်ခြမ်းမှာ ညဖြစ်နေတိုင်း နောက်ကမ္ဘာတစ်ခြမ်းက အလိုလို နေ့ဖြစ်နေပြီးသားပါ။

ဒါပေမဲ့ လောလောဆယ်တော့ သူ့ကမ္ဘာတစ်ခုလုံး မှောင်နေတယ်။

❖ ✧ ❖



www.burmeseclassic.com

www.burmeseclassic.com



"စဉ်းစားပါဦး ဝတ်မှုံဖြူရယ်"

သူ ဘယ်လိုပင် တောင်းဆိုပါသော်လည်း သူမ က ပြန်ရတာက ခေါင်းခါမှုပါပဲ။ လူဆိုတာက မရတာကို ပို ပို၍ လိုချင်တတ်တာမျိုးဆိုတော့ သူမ ငြင်းလေ သူမကို ပို ဆိုင်ချင်လေ။ သူ့လို သူဌေးတစ်ယောက်ကို ဘာမဟုတ် ကောင်မလေး တစ်ယောက်က အငြင်းခံရတာကလည်း မခံနိုင် စရာပေါ့။

သူ့တပည့်ကို ဝတ်မှုံဖြူ အကြောင်း ထပ်စုံစမ်းခိုင်း လိုက်သည်။

ထပ်ပြီး သိရတာက ဝတ်မှုံဖြူက ပန်းချီဆရာ တစ်ယောက်တဲ့။ ပန်းချီကားတွေလည်း ဆွဲသလို ကလေး ကိုလည်း ပန်းချီလိုက်သင်ပေးသတဲ့။

ထို့ကြောင့် သူမစတိုင်လ်က တစ်မျိုးထူးခြား တာ။ ပန်းချီဆရာ အများစုက ဘောင်ခတ်ထားသော ရိုး





တစ်ခုကို လုသည်ထက်လု၊ သဘောဝကျသည်ထက်ကျအောင် ခြယ်မှုန်းတတ်ကြပေမယ့် ကိုယ့်ကိုယ်ကိုယ်တော့ သိပ်ပြီးသပ်သပ် ရပ်ရပ် မနေတတ်ဘဲ ဖိုသီဖတ်သီ နေတတ်ကြသည်။ ဒါပေမဲ့ သပ်မရပ် စတိုင်လ်မှာကိုက စွဲဆောင်မှု ရှိနေတာတော့ ငြင်းမရ။ ပြောရမယ်ဆိုရင် ပန်းချီဆရာတွေက လွတ်လပ်မှု၊ လောကကို စိတ်ကြိုက် အရောင်ဆိုးနိုင်မှုတွေနဲ့ ပြည့်ဝနေသော အနုပညာ သမား။ feel free သမားတွေပါ။

သူ ဝတ်မှုံဖြူ ဆွဲထားသမျှ ပန်းချီကားတွေ အကုန် လိုက်ရှာဝယ်ခိုင်းလိုက်သည်။ ၎င်းပန်းချီကားတွေ ဘယ်မှာတင် ဘယ်ဆိုတာက စုံစမ်းရတာ သိပ်ကိုလွယ်ပါသည်။

ရန်ကုန်မြို့မှာ ပန်းချီပြခန်းဆိုတာ လက်ချိုးရေတွက် လို့ ရသည်လေ။

သူ ပန်းချီကားတွေ လိုက်ဝယ်ပြီးတဲ့ ညနေမှာ သူမ သူ့ဆီ ဖုန်းဆက်လာသည်။

"ရှင် ဘာလို့ ကျွန်မပန်းချီကားတွေ လိုက်ဝယ်နေတာလဲ"

"လူကို ချစ်ခွင့်မရလို့ မင်းပန်းချီကားတွေကို ချစ်တာ။ မင်းနဲ့ အတူနေခွင့်မရလို့ မင်းပန်းချီကားလေးတွေနဲ့ နေ မလို့"

"ရှင်လည်း တစ်မျိုးထူးတာပဲနော်။ အဟင်း... ကျွန်မပန်းချီ ကားတွေကို ပန်းချီကိုချစ်လို့ နားလည်လို့ ဝယ်တာမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘဲ တခြားအဓိပ္ပာယ်နဲ့ ဝယ်တာပဲ။ ထားပါတော့လေ။ ကျွန်မက Not for sale လို့ တံဆိပ်မကပ်ထားတော့ ရှင် ဝယ်ပိုင်ခွင့်ရှိပါတယ်"

"ဘာလို့လဲ၊ မင်းပန်းချီကားတွေ ဝယ်တာတောင် မကြိုက်ဘူးလား"

"ကျွန်မ ဒီပန်းချီကားတွေ ရေးခဲ့တာ ရှင် ဒီလို ဘာမဟုတ်တဲ့ ရည်ရွယ်ချက်တွေနဲ့ ဝယ်ဖို့မဟုတ်ဘူး။ ကျွန်မ ပန်းချီကားတွေကို အမှန်တကယ် ပန်းချီကိုချစ်ပြီး၊ မြတ်နိုးပြီး နားလည်းလည်တဲ့ တန်ဖိုးထားတဲ့ သူဆီကို ရောက်စေချင်ခဲ့တာ။ ကျွန်မ ပန်းချီကားတွေကို တကယ် အဖိုးတန်စေချင်ခဲ့တာ။ ခုတော့ ရှင်က သူဌေးပီပီ ပိုက်ဆံခင်းပြီး ကျွန်မဆွဲသမျှ ပန်းချီကားအားလုံးကို ဘာမသိ ညာမသိ ရှင့်အတ္တသက်သက်နဲ့ သိမ်းပိုက်ခဲ့တာ။ ရှင်က သိန်းဆယ်ချီပေးပြီး ဝယ်ခဲ့ပေမယ့် ကျွန်မ ပန်းချီကားတွေ တန်ဖိုးမရှိသလို ခံစားရတယ်။ အရာရာကို ပိုက်ဆံနဲ့ တန်ဖိုးသတ်မှတ်လို့ မရဘူးဆိုတာ ရှင်တို့လို ငွေကိုထွေခင်းတတ်တဲ့ သူဌေးတွေ ဘယ်တော့မှ နားလည်မှာ မဟုတ်ဘူး။ အဲဒါကြောင့် ကျွန်မက သူဌေးတွေကို မုန်းတာ"

"မင်းက for sale ဆိုလို့ ကိုယ်ဝယ်တာ အပြစ်တဲ့လား ဝတ်မှုံဖြူရယ်"





"ရောင်းလို့ဝယ်တာ အပြစ်မဟုတ်ပါဘူး။ ရှင် သိပ်ချမ်းသာနေတာကသာ မုန်းစရာ ဖြစ်နေတာ"

"ကိုယ်ချမ်းသာတာ မင်း ဘယ်လိုသိသလဲ"

"ရှင့်အနေအထား ကြည့်တာနဲ့ သိတာပေါ့။ ရှင် ချမ်းသာနေလို့ ကျွန်မပန်းချီကားတွေ ဝယ်တာပေါ့"

"ရိုးသွပ်စွာနဲ့ ရှိစုမဲ့စုနဲ့ ဝယ်တာရော မဖြစ်နိုင်ဘူးလား"

"မဖြစ်နိုင်ဘူး။ ခုခေတ် ယောက်ျားတွေ ရိုးရိုးသွပ်သွပ်နဲ့ မချစ်တတ်တော့ဘူး။ ကဲ... ထားပါ။ ရှင် ဘာရည်ရွယ်ချက်နဲ့ပဲဝယ်ဝယ် ကျွန်မ ရင်မခုန်ဘူး"

"ဝတ်မှုံဖြူရယ်"

သူမဟာ တကယ်ကို နားလည်ရ ခက်ပါတယ်။

❖ ✧ ❖



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မလား။ ရောဂါသည်တစ်ယောက်ပါ။ ဘာရောဂါလဲဆိုတော့ သူဌေးတွေကို မုန်းတဲ့ရောဂါ။ ဟုတ်တယ်။ ကျွန်မ သူဌေးတွေကို အရမ်းမုန်းတယ်။ ဘာလို့ မုန်းတာလဲဆိုတော့ အရာရာကို ငွေနဲ့ထွေခင်း ဖြေရှင်းတတ်လို့ မုန်းတာ။

ခုခေတ်မှာ ကိစ္စတော်တော်များများ လက်နက်နဲ့ ဖြေရှင်းစရာမလို ငွေနဲ့ဖြေရှင်းနေကြတာ။ ငွေကြေးနဲ့ အပေးအယူပြုပြီး ဖြေရှင်းနေကြတာ။ ဒီတော့ အကြောင်းအရာ အများစုမှာ ငွေရှိသူ သူဌေးတွေပဲ အသာရနေကြသည်။

သူဌေးတွေကြောင့် မရှိဆင်းရဲသားတွေ ပိုပြီးဒုက္ခရောက်ကြရသည်။ တချို့ အသက်ပါ ပေးကြရသူတွေတောင်ရှိသည်။ ထိုသို့ သူဌေးအတွက် အသက်ပေးသွားသူတွေထဲမှာ သူမဖခင်ပါ ပါသည်။

ဖေဖေဟာ ရိုးရိုးသားသား အနုပညာသမားတစ်ယောက်ပါ။ ပန်းချီဆရာတစ်ယောက်ပါ။ အနုပညာသမားပီပီ ခံစားတတ်သူ တစ်ယောက်ပါ။





ကဗျာဆန်ဆန် တွေးတတ်ပြီး စိတ်ခံစားချက်လည်း နူးညံ့သူပါ။ ဒါပေမဲ့ အနုပညာမာနတော့ ကြီးသည်။ သူ့အနုပညာကို ငွေနဲ့ တန်ဖိုးဖြတ်ရင် မကြိုက်။ ပိုက်ဆံနဲ့ရောင်းစားဖို့ ဘယ်တော့မှ မဆွဲ။

ဖေဖေ ပန်းချီရေးပြီဆိုရင် တကယ် Mood ဝင်ပြီး ခံစားပြီး ဆွဲသည်။ စိတ်ပါမှ ဆွဲသည်။ တစ်ကားဆို တစ်ကား အရမ်းကောင်းသည်။ ကားတစ်ကားရဖို့လည်း မလွယ်ပါ စိတ်ပါမှ ရေးတာကိုး။ ဒီတော့ ဝင်ငွေလည်း နပ်မမှန်ဘူးပေါ့။ ရေးတဲ့ကားတိုင်းလည်း ရောင်းချင်မှ ရောင်းတာကိုး။

ပန်းချီဆွဲတာကလွဲရင် ဘာမှမလုပ်တဲ့ ဖေဖေကြောင့် မေမေက ဝင်ငွေရတဲ့အလုပ် လုပ်ရတော့သည်။

မေမေက ကုမ္ပဏီတစ်ခုမှာ အလုပ်သွားလုပ်သည်။ ငွေမရှိတဲ့ မျက်နှာမွဲ အနုပညာသမား တစ်ယောက်ကို ခင်ပွန်းတော်ထားရတဲ့ မေမေဟာ မယူခင် သမီးရည်းစားဘဝမှာတော့ အနုပညာသမား တစ်ယောက်ရဲ့ နူးနူးညံ့ညံ့ ချစ်တတ်ပုံကို မက်မောသာယာခဲ့ပေမယ့် အိမ်ထောင်သည် ဖြစ်လာတော့ အချစ်က အရာရာကို မဖြေရှင်းနိုင်မှန်း သိလာကာ အချစ်ထက် ငွေကိုပိုပြီး လိုအပ်လာခဲ့ပုံပဲ။

သူမတို့ အိမ်ထောင်ရေးဟာ သူမရဲ့လစာပေါ်မှာ မှီတည်နေရတာကိုလည်း မေမေ စိတ်ကုန်ခဲ့ပုံပဲ။



www.burmeseclassic.com

www.burmeseclassic.com



သူမ မှတ်မိသလောက် သူမငယ်ငယ်က ဖေဖေနဲ့ မေမေဟာ မကြာခဏ စကားများခဲ့ကြသည်။

အိမ်လခ ပေးကာနီးတိုင်း ရန်ဖြစ်တာလည်း သူမ ကောင်းကောင်း မှတ်မိနေပါ၏။

တစ်ခါ သူမ သွေးလွန်တုပ်ကွေးဖြစ်ပြီး ဆေးရုံတင်ရသည်။ ဖေဖေက သူ့အမျိုးတွေဆီ ပိုက်ဆံလှည့်ဖို့ သွားနေချိန်မှာ မေမေက ဖေဖေ့ရဲ့ Not for sale ပန်းချီကားတွေကို သူမရဲ့ ကုမ္ပဏီပိုင်ရှင်ဆီ ကားနဲ့ သယ်သွားကာ သွားရောင်းပစ်လိုက်သည်။

မေမေတို့ ကုမ္ပဏီသူဌေးကလည်း ဟိုတယ်ကြီးတွေ ပိုင်တာမို့ သူ့ဟိုတယ်တွေမှာချိတ်ဖို့ အကုန်ဝယ်ပေးလိုက်သည်။

ဖေဖေနဲ့ မေမေ စကားမပြောတာ သူမ ဆေးရုံက ဆင်းမှ သိရသည်။

သူမ နေကောင်းတော့ ဖေဖေက မေမေ့ကို ကွာရှင်းဖို့ ပြောသည်။ စိတ်နာနေပုံရသော မေမေကလည်း ချက်ချင်း ခေါင်းညိတ်ခဲ့သည်။

လူမမယ်လေး သူမက မေမေနဲ့ နေခဲ့ရပေမယ့် သူမ မနေချင်။ ဖြစ်နိုင်ရင် သူမ ဖေဖေနဲ့ပဲ လိုက်သွားချင်သည်။ မေမေက အမြဲပူလောင်နေသည်ဟု သူမ ထင်သည်။ ဖေဖေက ဘယ်တော့မဆို အေးအေးချမ်းချမ်းပဲ။





သူမကျောင်းကို ဖေဖေ လာတွေ့တဲ့ အချိန်တွေဆို သူမ အရမ်းပျော်ပါသည်။

ဘယ်သူမှန်လဲ သူမ မသိပေမယ့် သူမက ဖေဖေ့ကိုပဲ ပိုချစ်ခဲ့သည်။

❖ ✧ ❖



www.burmeseclassic.com

www.burmeseclassic.com



တစ်ရက် သူမ ကျောင်းက ပြန်လာတော့ မေမေက သူမတို့ငှားထားသော အိမ်ရှေ့မှာ အထုပ်အပိုးတွေနဲ့ စောင့်နေသည်။

"လာ… သမီးလေး။ သမီးကို မေမေ စောင့်နေတာ"

"မေမေ ဘယ်သွားမလို့လဲဟင်"

"မေမေတို့ အိမ်ပြောင်းမလို့ သမီးရဲ့"

"ဟင်"

တစ်အိမ်လုံးပေါင်းလို့ များများစားစား မရှိတဲ့ ပရိဘောဂလေးတွေ စုထုပ်ထားပုံပဲ။

"မေမေ သမီးတို့က ဘယ်ကိုပြောင်းရမှာလဲဟင်"

သူမစိတ်ထဲ အခုငှားနေသော အိမ်စုတ်ကလေးထက် ပိုဆိုးမယ့်နေရာကို ရောက်မယ်ထင်ခဲ့တာပါ။

"တိုက်ခန်းလှလှလေးကို ပြောင်းမှာ သမီးရဲ့။ မေမေ့ကို ကုမ္ပဏီက တိုက်ခန်းပေးနေတာလေ၊ လာ… သမီး"





သူမ ကလေးပီပီ ပျော်သွားခဲ့မိသည်။ တကယ်လည်း တိုက်ခန်းလှလှလေးပါပဲ။ သုံးလွှာတက်ရတာကလွဲရင် အခန်းက ကျယ်လည်းကျယ်တယ်။ ပရိဘောဂပစ္စည်းတွေကလည်း အကောင်းစားတွေချည်းပဲ။ ဆိုဖာခုံတွေ၊ တီဗီကလည်း အကြီးကြီးပဲ။ ရေခဲသေတ္တာလည်း ရှိတယ်။

အိပ်ခန်းနှစ်ခန်းပါတဲ့ တိုက်ခန်းလေးက ကျယ်သင့်သလောက် ကျယ်ပါတယ်။

မေမေနဲ့ သူမ တစ်ခန်းစီ ခွဲအိပ်ရမတဲ့။ အိပ်ခန်းလေး နှစ်ခန်းက သိပ်တော့မကျယ်။ တစ်ယောက်အိပ်ခုတင်တစ်လုံးစီနဲ့ ဗီရိုတစ်လုံးစီလောက်ပဲ ဆန့်သည်။ ဗီရိုထဲမှာ သူမအတွက် ဂါဝန်အသစ်ကလေးတွေ။

"ပျော်လား သမီး"

"သမီးတစ်ယောက်တည်း မအိပ်ရဲဘူး မေမေ"

မေမေ ခဏတွေသွားကာ…

"ဪ… ဒါဆို မေမေနဲ့ အတူတူ အိပ်မှာပေါ့ သမီးရဲ့"

"အဲဒါဆိုရင်တော့ သမီး ပျော်သွားပြီ"

"ဒါပေါ့ သမီးရဲ့။ ပျော်ရမှာပေါ့။ လူ့ဘဝဆိုတာ ဒီလို ပြည့်စုံနေမှ ပျော်ဖို့ကောင်းတာ။ မေမေ့သမီး ပျော်ရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သူမတို့ သားအမိဘဝဟာ နေ့ချင်းညချင်းကြီးကို ကြီးပွားသွားခဲ့သည်။ ဒီလို အဆင့်မြင့်မြင့် နေရတော့ ဖေဖေ့ကို သတိရလိုက်တာ။ ဖေဖေနဲ့ပါ အတူနေရရင် သိပ်ကောင်းမှာပဲဟု တွေးမိသည်။

ဖေဖေရယ်၊ မေမေရယ်၊ သူမရယ် မိသားစုသုံးယောက်ဆို ပိုပြီးပြည့်စုံပျော်ရွှင်ရမှာ။ သူမရဲ့ တိတ်တဆိတ်အတွေးကို မေမေကို မပြောပြရဲပါ။ ဖေဖေ့အကြောင်း ပြောရင် မေမေ အရမ်းစိတ်ဆိုးသည်လေ။ ဖေဖေ့အကြောင်းကို လုံးဝမပြောရဘူးဟု ပြောထားသည်။

ဖေဖေ ကျောင်းမှာ လာတွေ့တော့ သူမတို့ အိမ်ပြောင်းသွားတဲ့အကြောင်း ဖေဖေ့ကို ပြောပြလိုက်သည်။ နောက်နှစ်ဆို ကျောင်းပါ ပြောင်းရမှာတဲ့။ အခုက နှစ်ဝက်ကျိုးနေပြီမို့ ကျောင်းပြောင်းဖို့ မလွယ်။ သူမတို့ ပြောင်းသွားတဲ့အိမ်နဲ့ ကျောင်းက နည်းနည်းပိုဝေးသည်။

သူမပြောပြတော့ ဖေဖေက တွေပြီစဉ်းစားနေသည်။ ဖေဖေပါ လာနေရင် ကောင်းမယ်ဟု ပြောတော့…

"သမီးက ဖေဖေနဲ့ နေချင်ရင် ဖေဖေ ခေါ်ထားနိုင်အောင် ကြိုးစားမှာပေါ့ သမီးရယ်။ ဒါပေမဲ့ ဖေဖေက ခုလောလောဆယ်တော့ အိမ်အကောင်းစားနဲ့ ထားနိုင်မှာ မဟုတ်ဘူး"





သူမခေါင်းကို ခပ်ဖွဖွပုတ်ကာ ပြောနေတဲ့ ဖေဖေ ...ရည်တွေဝဲလို့။ ဖေဖေ့ကိုကြည့်ပြီး သူမကလည်း ငိုချင်မိသည်။

"ဖေဖေ သမီးကို မြန်မြန်လာခေါ်နော်"

"စိတ်ချ သမီးလေး။ ဖေဖေ အမြန်ဆုံးလာခေါ်မှာ"

မေမေနဲ့ ကောင်းကောင်းနေရ၊ ကောင်းကောင်းဝတ် ...စားရပေမယ့် သူမရင်ထဲမှာ ဖေဖေနဲ့ပဲ နေချင်သည်။ ဘာ...ကြောင့်မှန်းမသိ မေမေနဲ့ နေရတာကို သူမ မပျော်ပါ။ မေမေက ...ဖေဖေ့လို မနူးညံ့တာတော့ အမှန်ပါ။

သူမအပေါ်တော့ မေမေက အရမ်းကို ကောင်းပါ...သည်။ လိုအပ်တာ မှန်သမျှလည်း ဖြည့်ဆည်းပေးပါသည်။ ...ပေမဲ့ မေမေကိုယ်တိုင်လည်း ချမ်းချမ်းသာသာ နေချင်တာကို ...လေးတန်မဲ့ သူမ သိနေခဲ့ပါ၏။

❖ ✧ ❖



www.burmeseclassic.com

www.burmeseclassic.com



သူမ ကျောင်းက ပြန်လာတော့ အိမ်မှာ မမေ
နေသည်။

"မမေ အစောကြီး ပြန်ရောက်နေတာလား"

"မမေ အလုပ်ထွက်လိုက်ပြီ"

"ဟင်... ဒါဆို ဒီအခန်းက ပြောင်းတော့မှာပေါ့"

"မပြောင်းရပါဘူး သမီးရဲ့။ ဒီအခန်းက မမေ့ကို အပိုင်
ပေးလိုက်တာ။ ကဲပါ... ဒါတွေ သမီး မသိချင်နဲ့"

"မမေ အလုပ်ထပ်ရှာရမှာပေါ့"

"ဟင်း ဟင်း... ငါ့သမီးကတော့လေ၊ လူကြီးလေးကျ
တာပဲ။ ရုံးက ထွက်ပေမယ့် မမေက နေ့ခင်းဘက် ခ
တော့ အချိန်ပိုင်း စာရင်းသွားလုပ်ပေးရမှာ သမီးရဲ့"

"ဩော်"

"ကဲ... ရေခဲသေတ္တာထဲမှာ သမီးအတွက် ရေခဲမုန့် ဝ
ထားတယ်၊ သွားစား"





"ဟုတ်ကဲ့"

ကလေးဆိုတော့လည်း ရေခဲမုန့်စားရင်း အားလုံး မေ့သွားတာပါပဲ။

ရေခဲမုန့်စားရင်း ဧည့်ခန်းထဲ တီဗီကြည့်နေသော မမေ့ဘေးမှာ သွားထိုင်ကာ တီဗီကြည့်နေသည်။

"ကောင်းလား သမီး"

"ကောင်းတယ်"

"စား... သမီး စား။ မမေက သမီးကို ဒီလိုကောင်းတာလေးတွေ ကျွေးချင်နေတာ။ စား... ညည်းအဖေနဲ့သာ ဆက်နေလို့တော့ ဆေးကုစရိတ်မရှိတာနဲ့တင် အသက်ထွက်ရမယ့်ကိန်းပဲ။ ဟင့်... သမီး ဆေးရုံတက်ရတာတောင် သူ့ပန်းချီကားတွေ မရောင်းပေးချင်တဲ့ ဖအေမျိုး။ သူ့ပန်းချီတွေဖက်ပြီး သူပဲသေပစေ။ ငါတို့သားအမိတော့ ဆက်ပြီး ဝဋ်မခံနိုင်တော့ဘူး"

သူမ မမေ့ဆီက ထိုစကားတွေ မကြားချင်ပါ။ ထိုစဉ်မှာပဲ မမေ့ဆီကို ဖုန်းဝင်လာသည်။

"ဟဲလို"

မမေက ဖုန်းကိုကိုင်ကာ အိမ်နောက်ဘက် ဝင်သွားသည်။ ခုနောက်ပိုင်း မမေ ဖုန်းပြောရင် တိုးတိုး တိုးတိုးနဲ့ ဘာမှကို မကြားရပါ။



www.burmeseclassic.com

www.burmeseclassic.com



သူမလည်း စိတ်မဝင်စားပါ။ ရေခဲမုန့်စားပြီး လမ်းထိပ်မှာ ကျူရှင်တက်ရမှာမို့လို့ ပြင်ဆင်နေတုန်း။

"သမီးရေ မေမေ အလုပ်ပေါ်လာလို့ ရုံးခဏသွားရမယ်။ ညနေ မေမေ ပြန်လာရင် ကျူရှင်မှာ ဝင်ကြိုမယ်။ မေမေ မလာခင် ကျူရှင်မှာပဲ စောင့်နော်။ သမီးဆရာမကိုလည်း မေမေ ပြောခဲ့မယ်နော်"

"ဟုတ်"

မေမေ တတွတ်တွတ် မှာနေပေမယ့် သူမ ပြန်ပြော ဖြစ်တာတော့ ဟုတ်ကဲ့။ ဟုတ်ကဲ့ကလွဲရင် တခြားစကားတွေ သိပ်မပြောဖြစ်တာ ကြာပြီ။ သားအမိရယ်လို့ မချွဲနွဲ့၊ မပူဆာဖြစ်တာ ဖေဖေနဲ့ ကွဲကတည်းကပဲလေ။

သူမကို ကျူရှင်ပို့ပြီး မေမေ ထွက်သွားသည်။ ဆရာမကို သေချာအပ်ခဲ့သေးသည်။ ကျူရှင်က ညနေခြောက်နာရီ ပြီးတာ။ မေမေက ညရှစ်နာရီလောက်မှ ရောက်လာသည်။

မေမေဟာ သူမ စာမကျက်လို့လည်း စာကျက်ပါလို့ တစ်ခါမှ မပြောဖူးသလို၊ သူမ အဆင့်တွေကျလို့လည်း တစ်ခါမှ မဆူဖူးပါ။ သူမ လိုအပ်တာကို ပြောရင် ချက်ချင်း ဝယ်ပေးသည်။

ကျူရှင်ဆို ကျူရှင်၊ မုန့်ဖိုးဆို မုန့်ဖိုး။ အဝတ်အစား အသုံးအဆောင်လှလှလေးတွေ ဝယ်ပေးသည်။ ဒါပေမဲ့ နွေးနွေးထွေးထွေး ပွေ့ပွေ့ပိုက်ပိုက်တော့ သိပ်မရှိ။





ခဏ ခဏ ကြားနေရတာတော့ မေမေ လုပ်သမျှ သမီးဖို့တဲ့။ သူမ လိုချင်တာ မေမေ့ရင်ခွင်ရဲ့ နွေးထွေးမှုဆိုတာ မေမေ မေ့နေခဲ့တာလား။ သိနိုင်စွမ်း မရှိတာလား။

မေမေကိုးကွယ်တဲ့ ရုပ်ဝတ္ထုတွေ၊ မေမေပေးတဲ့ ရုပ်ဝတ္ထုတွေထက် မေမေ့ရဲ့နွေးထွေးမှုကို ပိုလိုချင်ခဲ့တာ။ ခုတော့ အသုံးအဆောင် အကောင်းစားတွေ ဝန်းရံနေသော စက်ရုပ်တစ်ခုလို နှလုံးသားက အေးစက်မာခဲလာသည်။

မေမေ အပြင်သွား။ သူမက ကျူရှင်သွား ကျောင်းသွား။ မေမေ အိမ်မှာရှိရင်လည်း ဖုန်းပွတ်ရင်ပွတ်၊ မဟုတ်ရင် တီဗီကြည့်။

သူမ မေမေ့နား ကပ်ချိန်မရှိ။ ညအိပ်ရာဝင်လို့ မေမေ့ကို ဖက်အိပ်ချင်သော်လည်း မေမေက ဖုန်းတစ်လုံးနှင့် အလုပ်ရှုပ်နေသည်။ သူမကို ရင်ခွင်မပေးနိုင်။

ဒီတော့လည်း သူမကို ကျောခိုင်းပြီး ဖုန်းကြည့်နေတဲ့ မေမေ့ကို သူမကလည်း ကျောခိုင်းကာ ဖက်ခွေါင်းအုံးလေးကို ကျစ်ကျစ်ပါအောင် ဖက်အိပ်ခဲ့ရတဲ့ အေးစက်စက်ညတွေ။

တစ်ခါတလေ မေမေပေးတဲ့ ရုပ်ဝတ္ထုပစ္စည်းတွေကို မုန်းတောင် မုန်းလာသည်။

ဖေဖေနဲ့ နေစဉ်က ဆင်းရဲပေမယ့် နွေးနွေးထွေးထွေးနဲ့ မိသားစုဘဝ ပျော်စရာကောင်းခဲ့သည်။ အဲဒီတုန်းက



www.burmeseclassic.com

www.burmeseclassic.com



မေမေလည်း ဖုန်းမပွတ်တတ်သေး။ ကိုရီးယားကားလည်း မကြိုက်တတ်သေးပါ။

မိသားစုသုံးယောက် အတူဖက်အိပ်ခဲ့တဲ့ ညတွေဟာ ဆောင်းရာသီမှာတောင် ကိုယ်ငွေ့လေးတွေနဲ့ နွေးထွေးလွန်းပါရဲ့။

ခုတော့ ဆောင်းညတွေဟာ တန်ဖိုးကြီး ယုန်မွေး နုနုစောင်အကောင်းစားကြီးအောက်မှာ အေးစက်စက်နဲ့။

နွေးထွေးမှုနဲ့ အေးစက်မှုဆိုတာ ရုပ်ဝတ္ထုပစ္စည်းတွေ ပေါ် မူမတည်ဘူး။ နှလုံးသား ခံစားချက်နဲ့ပဲ သက်ဆိုင်တာ။

နှလုံးသားနဲ့ပဲ ချစ်ပေးစေချင်တာပါ မေမေရယ်။ ဒါပေမဲ့ သူမဘက်က ကလေးပီပီ မေမေ နားလည်အောင် မပြော ပြတတ်ပါ။

❖ ✧ ❖





သူမတို့သားအမိ ထမင်းစားနေတုန်း အခန်းတံခါး ပြင်းထန်စွာ လာထုသံကို ကြားလိုက်ရသည်။

မေမေက မျက်မှောင်ကြုတ်ကာ ဘယ်သူပါလိမ့်ဟု ...ကာ ထသွားသည်။ သူမကလည်း လန့်ပြီး မေမေ့နောက်က ...တ်သွားသည်။

“ဒုန်း... ဒုန်း”

“ဘယ်သူလဲ”

“တံခါးဖွင့်စမ်း မိချို”

“ဟင်... မေဖေ့အသံ”

မေမေက မဖွင့်ပေးဘဲ...

“ဘာလုပ်မလို့လဲ၊ ရှင် လာစရာမလိုဘူး”

“မင်းနဲ့ငါ စာရင်းရှင်းစရာရှိလို့ မိချို၊ တံခါးဖွင့်စမ်း၊ မင်း ဓာတ်ရှုပ် မင်းသိတယ်နော်။ ငါသမီး လာခေါ်တာ။ တံခါး ဖွင့်ရင်ဖွင့် မဖွင့်ရင် ငါ မင်းဓာတ်ရှုပ်ကို အပြင်ကနေ အော်ပြောလိုက်မှာ”



www.burmeseclassic.com

www.burmeseclassic.com



မေမေ တံခါးကို မြန်မြန်ဖွင့်လိုက်သည်။

"ဒီမှာ ကိုလင်းဖြူ၊ ရှင် ခုချက်ချင်း ပြန်လိုက်ပါ။ ရှင် ဘာမှ လာမပြောနဲ့။ ရှင့်အပေါက်ကို ပိတ်ထား၊ မိချို လုပ်သမျှ မိချိုသမီးဖို့ချည်းပဲ"

"ဘာ... သမီးဖို့ ဟုတ်လား။ တော်စမ်းပါ။ ငါ့သမီးကို လွှဲမချနဲ့။ ငါ့သမီး မငတ်အောင် ငါ ရှာကျွေးနိုင်တယ်"

"မသေရုံတမယ် စားရမှာကို ပြောတာလား... ဟင်း"

"ဒါပေမဲ့ မင်းလိုတော့ သူများမယားငယ်ခံပြီး ရှာမကျွေး ဘူး။ မှတ်ထား မိချို။ ဝမ်းဝရုံ စားရပေမယ့် ဖြူစင်ပြီး အပြစ်မရှိတဲ့ အစားတစ်လုတ် ဖြစ်ဖို့လိုတယ်။ ညီစော် ပုပ်စော်နံနေတဲ့ ထမင်းမဖြစ်ဖို့ လိုတယ်"

"သွားစမ်းပါ အနုပညာသမားကြီးရဲ့။ ဘယ်လိုပဲဖြစ်ဖြစ် မသေခင် ဝဝလင်လင် ကောင်းကောင်းစားရဖို့၊ ပြည့်ပြည့် စုံစုံနေရဖို့ အရေးကြီးတယ်။ ရှင်နဲ့ နေရတုန်းက သိ ဆင်းရဲခဲ့လို့ ကျွန်မနည်း ကျွန်မဟာနဲ့ ရုန်းထွက်တာ အဲဒီအတွက် အပြစ်ရှိရင်လည်း နောက်ဘဝကျမှပဲ ခံလိုက် တော့မယ်ရှင်။ ဒီဘဝတော့ ပြည့်ပြည့်စုံစုံလေး နေပါရစေ ဦး"

"ဟား... ငါနဲ့နေရတာ ဆင်းရဲတယ်ဆိုတော့ မင်းဘာ ဘယ်တုန်းကရော ချမ်းသာခဲ့လို့လဲ ပဲပြုတ်သည် သမီးရယ်





ထားပါတော့။ မင်းဘဝ နေချင်သလိုနေ သေချင်သလိုသေ ငါ ဂရုမစိုက်ဘူး။ မင်းနဲ့ငါ သူစိမ်းတွေ ဖြစ်သွားပြီ။ မင်း ဘာလုပ်လုပ်၊ ဒါပေမဲ့ ငါ့သမီးလေးကိုတော့ မင်းလို စာရိတ္တမကောင်းတဲ့ ရင်ခွင်မှာ ငါမထားနိုင်ဘူး။ ငါ့သမီး ငါခေါ်သွားမယ်"

"မခေါ်ရဘူး။ မိချို ခုလို အနစ်နာခံတာ သမီးအတွက်၊ သမီး ပြည့်ပြည့်စုံစုံ နေရဖို့"

"မိချို... မင်း အတွေးတိမ်လှချည်လား။ မင်းပေးနေတာ စည်းစိမ်ဥစ္စာတွေ မဟုတ်ဘူးကွ။ မင်းပေးနေတာ ဂုဏ် သိက္ခာအစုတ်အပဲ့တွေ။ မင်း ကျွေးနေတာ သံရည်ပူတွေ"

"အိုး... ဂုဏ်သိက္ခာဆိုတာ ဗိုက်မဝဘူးရှင့်။ ဆေးကုစရာ ပိုက်ဆံမရှိဘူး"

"အေး... ငါကတော့ စားစရာမရှိရင် အငတ်ခံမယ်။ ဆေးကုစရာ ပိုက်ဆံမရှိရင် အသေခံမယ်။ မင်းလို ဂုဏ် သိက္ခာကို ရောင်းမစားဘူး"

ဖေဖေနဲ့ မေမေ ဘာတွေပြောနေမှန်း မသိပေမယ့် သူမ စိတ်ညစ်လာကာ ငိုချလိုက်သည်။

"အီး... ဟီး... ဟီး"

"သမီး... လာ၊ ဖေဖေနဲ့ လိုက်ခဲ့"

ဖေဖေက သူမကို ကောက်ချီကာ အိမ်ပေါ်ကဆင်း သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မသမီးကို ခေါ်မသွားနဲ့"

"မင်းတားရင် မင်းကို သတ်ပြီးမှ ခေါ်သွားမယ်။ လာစမ်း မိန်းမယုတ်မ"

"အီးဟီး"

သူမ ငိုပြီး ဖေဖေ့နောက် ပါလာခဲ့သည်။ ဖေဖေ ငှားထားတဲ့ အိမ်လေး ကျဉ်းပေမယ့် ဖေဖေ့ပန်းချီကားတွေကြား မှာ သူမ ပျော်ခဲ့တာ ဖေဖေသွေး ပါလို့နေမှာပါ။

ဖေဖေ့ပန်းချီကားတွေကို ဟိုတယ်တွေက ဝယ်ကြ သည်။ နောက်တော့ တိုက်ခန်းကျဉ်းလေး ငှားနေသည်။ ဖေဖေ့ ပန်းချီကားတွေကို နိုင်ငံခြားမှာပါ ချိတ်ပြီးရောင်းချရတော့ ပိုက်ဆံ စုမိလာသည်။

ထို့နောက်မှာတော့ ဖေဖေဟာ သူမလက်ရှိနေထိုင် သော တိုက်ခန်းလေးကို ဝယ်နိုင်ခဲ့ပါသည်။

မေမေကတော့ တိတ်တိတ်ပုန်းဘဝနဲ့ ကလေးတစ် ယောက် ထပ်ယူကာ သူဌေးကို တစ်သက်တာ ချုပ်လိုက်သည်။

သူမ မေမေ့ကို ကြီးလာလေ မနှစ်မြို့လေပါပဲ။

ဖေဖေက သူမကို ပန်းချီပညာ သင်ကြားပေး၏။ သူမကို ပြုစုစောင့်ရှောက်ရင်း သူ့ဘဝနာကြည်းချက်ကို အရက်နဲ့ ဖြေဖျောက်ဖို့ ကြိုးစားတဲ့ ဖေဖေဟာ အသည်းကျွမ်းကာ ဆုံးပါး ခဲ့ပါသည်။





ဖေဖေသေတော့ သူမ ဆယ်တန်းအောင်ပြီ။ မေမေ က သူမနဲ့လာနေဖို့ ခေါ်သော်လည်း မသွားဘဲ ဖေဖေ့တိုက်ခန်း လေးမှာပဲ တစ်ယောက်တည်း နေခဲ့သည်။

ဖေဖေသင်ပေးခဲ့တဲ့ ပန်းချီပညာနဲ့ ပိုက်ဆံရှာသည်။ ကျောင်းဆက်တက်သည်။ ဖေဖေဆုံးတော့ မေမေက ငွေကြေး ထောက်ပံ့ပါသည်။ ကျောင်းတက်တုန်း မေမေ့အထောက်အပံ့ ယူခဲ့ရပေမယ့် ကျောင်းပြီးကတည်းက မေမေ့ဆီက မယူတော့။ သို့သော် လက်ရှိစီးနေသော ကားကိုတော့ မေမေ ဝယ်ပေးထား ပါ၏။

❖ ✧ ❖



www.burmeseclassic.com

www.burmeseclassic.com



သူမရဲ့မိသားစုဘဝ အကြောင်းတွေ ပြန်တွေးမိတိုင်း နာကျင်ရသည်။ တစ်ချိန်မှာ သူမရဲ့မအေတူ ဖအေကွဲ ညီမလေးလည်း သူမလိုပဲ နာကျင်ရဦးမည်။

ပိုဆိုးတာက သူမညီမလေးက အဖေကို အဖေလို့ ပေါ်တင်ဖွင့်မပြောရဲတဲ့ဘဝ။ မေမေက ညီမလေးကိုတော့ နားသွင်းထားပုံရသည်။ ခုထိတော့ ညီမလေးက အငြိမ်ပဲ။

ဒါပေမဲ့ သားသမီးချင်းတူတာတောင် မယားကြီးကမွေးတဲ့ကလေးနဲ့ တန်းတူအခွင့်အရေးမရတဲ့အခါ ညီမလေး အဆင်ပြေပါ့မလား။

ဦးထင်စိုးထည်ကတော့ ညီမလေးကို ချစ်သတဲ့။ မေမေကလည်း နေတတ် ထိုင်တတ်နဲ့ လိမ္မာတော့ ဘာအသံမှ မထွက်ဘဲ ဦးထင်စိုးထည် ဘက်ကလည်း မရိပ်မိ။

ဒါပေမဲ့ ညီမလေးအတွက် စိတ်မကောင်း။ မေမေကတော့ ညီမလေးကို ဇန်းပြပြီး ရသလောက် ချူနေပါသတဲ့။





သူမစီးနေတဲ့ ကားကိုလည်း အတင်းကို ဝယ်ပေးခဲ့တာပါ။ သူမအတွက်လည်း လိုအပ်နေလို့ ယူထားလိုက်ရပေမယ့် ကားဖိုးကိုစုပြီး ပြန်ပေးဖို့ စီစဉ်ထားသည်။ ဦးထင်စိုးထည်ဆီက စီးဆင်းလာတဲ့ ရလဒ်တွေကို သူမ မလိုလားပါ။

မေမေနဲ့ ညီမလေးကတော့ တစ်ခါတလေ နိုင်ငံခြားမှာ ဦးထင်နဲ့ သွားတွေ့ကာ လည်ရပတ်ရတာတွေ ရှိသည်။ မေမေ့အကြောင်းကို မသိသော ပတ်ဝန်းကျင်သစ်တစ်ခုမှာ မေမေဟာ မုဆိုးမလိုလို၊ တစ်ခုလတ်လိုလို၊ ပြီးတော့ သင့်တင့်တဲ့ ကြွယ်ဝမှုနဲ့အတူ လူဝင်ဆံ့ပါသတဲ့။ အလှူအတန်းလည်း ရက်ရောတယ်ဆိုပဲ။

အငယ်ပီပီ အမြဲလှပ ကြော့မတ်နေအောင် ပြင်ဆင်ထိန်းသိမ်းထားရတဲ့ မေမေဟာ ရှိရင်းစွဲ အသက်ထက်လည်း အများကြီး ပိုပြီးနုပျိုနေပါသည်။

ကားအကောင်းစားကြီး ကိုယ်တိုင်မောင်းပြီး စိန်တဖျပ်ဖျပ် သီးနေပါပြီ။

ပဲပြုတ်သည် သမီး၊ ပန်းချီဆရာ မိန်းမတို့က အတိတ်မှာ ကျန်ရစ်ခဲ့ပါပြီ။

မေမေဟာ သူမနဲ့ ဦးထင်ရဲ့ ဆုံစည်းမှုကို လုံးဝနောင်တမရဘဲ ကျေနပ်ပျော်ရွှင်နေခဲ့ပါ၏။ ဘဝမေ့မမေ့ မသိပေမယ့် ဘဝင်တော့မြင့်သွားပါပြီ။ ဘယ်လောက်ထိလဲဆိုရင် မေမေ့



www.burmeseclassic.com

www.burmeseclassic.com



အိမ့်မှာ ဝန်းချီကားတစ်ချပ်မှ မချိတ်သလို ပဲပြုတ်ဆိုတာ ရှုံ့ရှာ တတ်နေပါပြီ။ ညီမလေးဟာ ပဲပြုတ်တောင် မစားဖူးပါတဲ့။

သမီးနှစ်ယောက်အတွက် မေမေပေးတဲ့ ဖြည့်ဆည်းမှု တွေဟာ နာကျင်မှုတွေပါပဲ။ မေမေ သူမတို့ကို ချစ်တယ်ဆိုရင် တောင် ချစ်ပုံချစ်နည်း မှားနေပြီ။

သူမကိုချစ်လို့ ဖေဖေနဲ့ လမ်းခွဲသတဲ့။ မေမေ့အတွက် တစ်ခုလတ်ဖြစ်သွားတာက အပန်းကြီးပုံ မရပေမယ့် သူမကတော့ မိတစ်ကွဲ ဖတစ်ကွဲ စိတ်ဒဏ်ရာတွေ ရခဲ့သည်။

ဦးထင်ကို အပိုင်ချုပ်ချင်လို့ ညီမလေးကို အရမွေး ခဲ့တာဟာ ညီမလေးကို ချစ်တာလား။ မေမေ့ဘဝ ရှေ့ဆက်ဖို့ အတွက် လှေကားထစ် ခင်းလိုက်တာလား။

သားသမီးမကောင်း မိဘခေါင်းတဲ့။ မိဘမကောင်း တော့ရော သားသမီးကို မထိခိုက်ဘူးလား။ မိသားစု တစ်ခုမှာ သားသမီးဖြစ်ဖြစ်၊ မိဘဖြစ်ဖြစ် မိသားစုဝင်တိုင်း ကောင်းနေမှ ဂုဏ်သိက္ခာရှိသော ပြီးပြည့်စုံသော မိသားစု ဖြစ်မှာ မဟုတ်ပါ လား။

သားသမီးမကောင်းတော့ မိဘက ဆုံးမခွင့်ရှိတယ်။ သတင်းစာထဲ ကြော်ငြာထည့်ပြီး စွန့်ပစ်ခွင့်ရှိတယ်။

မိဘမကောင်းရင်တော့ အဖေဘာပဲဖြစ်နေပါစေ၊ အမေ ဘာပဲဖြစ်နေပါစေ မိဘဟာ မိဘပဲ၊ မိဘကို မစော်ကားနဲ့။





ဟုတ်ပါတယ်။ မှန်ပါတယ်။ ဒီမိဘကမွေးလို့ လူ ဖြစ်လာတာလေ။ သားသမီးတွေအတွက် ကောင်းတာရော မကောင်း တာရော နည်းပေါင်းစုံနဲ့ စီးပွားရှာတယ်ဆိုပဲ။ ငါ့သားသမီးလေး တွေ အဆင်ပြေအောင် ရှာလုပ်ရတာ ဆိုပေမယ့် ဒီအကျိုးဆက် ရဲ့ ဆိုးမွေကိုလည်း ချစ်လှပါချည်ရဲ့ဆိုတဲ့ ဒီသားသမီးတွေပါ ခံရတယ်ဆိုတာကိုတော့ အသိတရား ကင်းမဲ့သူတွေ မေ့နေကြ ပါတယ်။

အထူးသဖြင့် သူ့အဖေက ဘယ်လို၊ သူ့အမေက ဘယ်လို၊ ဒီအဖေသား ဒီလိုပဲ လာမှာပေါ့။ ဒီအမေသမီး ဒီလိုပဲ လာမှာပေါ့။ အမယ်လေး မျိုးကိုက မကောင်းတာ စသဖြင့် ကိုယ်မပြုသော အမှုအတွက် သားသမီးတွေမှာလည်း ရင်စည်းခံ စားရတတ်ပါတယ်။

မျိုးရိုးဂုဏ်သိက္ခာကို ဘယ်လိုအရာနဲ့မှ ပြုပြင် ပြောင်းလဲလို့ မရပါဘူး။ ကိုယ်မမွေးခင်တည်းက ဖြစ်ခဲ့တဲ့ အရာ တွေ၊ ကိုယ်မတတ်နိုင်တဲ့ အနေအထားနဲ့ ဖြစ်သွားခဲ့တာတွေ။ ဒီ မိဘကမွေးတိုင်း ဒီလိုပဲလာမှာ ဆိုတဲ့ အတွေးတွေကို သာမန်ဆို ရင် ဖြေလျှော့ပေးလို့ ရနိုင်ပေမယ့် လက်တွေ့ ကိုယ်နဲ့ပတ်သက် ရမယ်ဆိုရင်တော့ နှာခေါင်းရှုံ့ကာ ငြင်းပယ်ကြမယ့်သူချည်းပါပဲ။

ဒီတော့ ကိုယ့်ကိုမွေးတဲ့ မိဘလည်း ကိုယ်မကောင်း မှုကြောင့် သိက္ခာကျရ၊ အရှက်တကွဲ အကျိုးနည်း ဖြစ်ရသလို



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကမွေးလာမယ့် မျိုးဆက်တစ်လျှောက်လုံး အတွက်လည်း မကောင်းပါ။

သူ့မိဘတွေ မကောင်းဘူးတဲ့။ သူ့အဘိုးအဘွားတွေက ဘယ်လိုတဲ့။ စသဖြင့်ပေါ့။ ဒီတော့ သားသမီးအတွက် လုပ်တာ ဘယ်သူသေသေ ငတေမာရင် ပြီးရောဆိုပေမယ့် သေရမှာက အဲဒီသားသမီးတွေရဲ့ ဂုဏ်သိက္ခာတွေ၊ Image တွေပါပဲ။

ဒါတွေကို မေမေ မသိခဲ့ဘူး။

❖ ✧ ❖





သူမ မိုးမိပြီး ဖျားချင်နေသည်။ မြောက်ပြန်လေကလည်း အေးစက်စက်။ မိုးအကုန် ဆောင်းအကူး ရာသီအကူး အပြောင်းမှန်း သိလို့ ဂရုတစိုက် နေပါရက်နဲ့ ဒီနေ့ မိုးနည်းနည်း မိသွားသည်။

တစ်ယောက်တည်း နေရတာမို့ လဲရင်ထူမည့်သူ ရှိ၍ ကျန်းမာရေးကို ဂရုစိုက်ပါသည်။ သူမ နေမကောင်းလို့ကတော့ မေမေ ဘယ်တော့မှမသိ။

မေမေက သူမနဲ့ တစ်ပတ်တစ်ခါ အပြင်မှာလာတွေ့သည်။ ပုံမှန်မဟုတ်ပေမယ့် နှစ်ရက် သုံးရက်ခြား တစ်ခါလောက် ဖုန်းဆက်သည်။ တစ်ခါတလေ တစ်ပတ်တစ်ခါလောက်ပဲ ဆက်သည်။

သူမကလည်း အေးစက်လွန်းတဲ့ မေမေ့ရင်ခွင်ကို စတမ်းတပါ။

ရာသီဖျားတုပ်ကွေးကတော့ သူမကို လှလှပပမိတ်ဆက်ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



တစိမ့်စိမ့်ချမ်းပြီး တုန်လာသဖြင့် အနွေးထည်ထူထူ တစ်ထည် ထပ်ဝတ်ကာ ရေနွေးထကျို။ ကော်ဖီတစ်ခွက်ဖျော်ကာ မုန့်စားမလို့ ကြည့်တော့ ရက်လွန်နေသဖြင့် အမှိုက်ပုံးနဲ့ မိတ်ဆွေဖွဲ့ပေးလိုက်ရသည်။ ဒီကော်ဖီတစ်ခွက်နဲ့ ဆေး ဘယ်လိုသောက်ရပါ့။

မုန့်ဆင်းဝယ်ဖို့ကလည်း ညအချိန်မတော်ဆိုတော့ မဆင်းချင်တော့။ ဒီအချိန်ဆို စားသောက်ဆိုင်တွေလည်း ပိတ်ပြီ။ စားစရာ မွှေနှောက်ရှာတော့ ခေါက်ဆွဲခြောက်တစ်ထုပ်ထွက်လာသည်။ ခေါက်ဆွဲထပ်ပြုတ်။ ခေါက်ဆွဲပြုတ်နဲ့ ကော်ဖီ။ လိုက်ဖက်တာ မလိုက်ဖက်တာ အသာထား။ လောလောဆယ် ဆေးသောက်လို့ရအောင်စား။

ပူပူနွေးနွေး စားလိုက်ရတော့ အချမ်းသက်သာသည်။ ဆေးသောက်ပြီး အိပ်ရာထဲ ဝင်ကွေးနေလိုက်သည်။ အိပ်ပျော်အောင် တစ်ကနေ တစ်ဆယ်အထိကို ပြန်ကာလှန်ကာ ရေတွက်နေမိသည်။ ထိုသို့မလုပ်ရင် စိတ်တွေက တောင်တွေး မြောက်တွေး တွေးမိမှာစိုးလို့။

ဖုန်းမြည်သံကြား၍ လန့်သွားသည်။ မေမေများလား။ သူ ဖြစ်နေသည်။

"ဟဲလို"

"ဝတ်မှုံ နေကောင်းရဲ့လား"





"ဟင်"

"ကိုယ် အခု သတိအရမ်းရနေတာနဲ့ ဆက်လိုက်တာ။ နေမှ ကောင်းရဲ့လား"

သူမ အိခနဲ မျက်ရည်တောင် ဝိုင်းသွား၏။ စိတ်အားငယ်နေတဲ့ အချိန်မှာ ဖုန်းဆက်လာတော့လည်း ဝမ်းသာလိုလို။

"ဝတ်မှုံ ဘာဖြစ်နေတာလဲ။ နေမကောင်းဘူးလား"

"အင်း… ဖျားချင်နေလို့"

"ဟာ… တော်တော်ဖျားနေလား။ တစ်ယောက်တည်း ရရဲ့လား"

"ဖျားချင်ချင် ဖြစ်နေတာပါ။ ဆေးသောက်ထားတယ်"

"ဖြစ်ရဲ့လား"

"ဖြစ်ပါတယ်"

"ကိုယ် မနက်ကျ လာခဲ့မယ်"

"ရပါတယ် မလာနဲ့"

"မင်းတစ်ယောက်တည်း အဖော်လည်းမရှိ။ ဖျားနေမှန်း သိသိကြီးနဲ့ ကိုယ် ဘယ်လိုစိတ်ခတ်နဲ့ နေရမလဲ ဝတ်မှုံရယ်။ ခုညတောင် လာချင်တာ။ မသင့်တော်မှာစိုးလို့"

"ကျေးဇူး"

"ကိုယ် မင်းအကြောင်း သိချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"လိုလို့လား"

"မင်မှာ အမေနဲ့ညီမ ရှိနေရက်သားနဲ့ ဘာလို့ မင်းနဲ့အတူ မနေတာလဲ"

"နေလို့မရလို့ပေါ့"

"ဘာလို့လဲ"

"ကျွန်မ ကိုယ်ရေးကိုယ်တာပါ၊ ယောက်ျားတန်မဲ့ မစပ်စု ပါနဲ့"

"ကိုယ် တစ်ခါမှ မစပ်စုပါဘူး။ ဒါပေမဲ့ မင်း ခုလိုနေ ကောင်းချိန်မှာတောင် တစ်ယောက်တည်းဆိုတော့ ကိုယ် မင်းအတွက် စိတ်ပူလို့ မေးတာပါ"

"ကျွန်မမှာ အဖေမရှိတော့ဘူး။ အမေက နောက်အိမ်ထောင် နဲ့။ ဒီလောက်ပါပဲ"

"သြော်... ဒါဆို မင်းညီမလေးက နောက်အိမ်ထောင်နဲ့ မွေးတာပေါ့"

"ဟုတ်တယ်"

"ကိုယ် သဘောပေါက်ပြီ။ ဒါပေမဲ့ မင်းနေမကောင်းတဲ့ အချိန်တော့ မင်းအမေကိုလှမ်းခေါ်သင့်တာပေါ့။ ဆောရီး... မင်းတို့မိသားစု အခြေအနေတော့ ကိုယ် မသိဘူး။ ဟူး... ကိုယ့်ကိုလက်ထပ်ပါလား ကောင်မလေးရယ်"





သူမ မျက်ရည်တွေ လည်လာသည်။ နေမကောင်း အချိန်ဆိုတော့ အားငယ်နေတာလည်း ပါသည်။ သူနဲ့စကား ပြောနေရတာကို စိတ်ပြေလက်ပျောက် ဖြစ်နေတာလေ။

တကယ်လို့သာ ခုချိန်မှာ သူရောက်လာခဲ့ရင် တံခါး ဖွင့်ပေးမိမလား မသိ။ အိပ်ခန်းတံခါးရော၊ နှလုံးသားတံခါးပါ ဂျက်(ဂျက်)ခိုင်မှာ မဟုတ်။

"ငိုနေတာလား။ ကိုယ်လာခဲ့ရမလား"

"မငိုပါဘူး"

"မငိုပါဘူးသာ ပြောတာ ငိုသံကြီးနဲ့"

"ဒါပဲနော်"

"ဝတ်မှုံ... ကိုကို ဝတ်မှုံလေးကို အရမ်းချစ်တယ်။ ဖြစ် နိုင်ရင် ဝတ်မှုံဘဝလေးကို နွေးထွေးလုံခြုံမှုတွေ ပေးချင် တယ်"

"ဟင့်အင်း... လုံးဝမဖြစ်နိုင်ဘူး"

"မနက်ကျရင် ကိုကို အစောကြီး လာခဲ့မယ်။ ဒီညမလာ တာ ဝတ်မှုံကို တန်ဖိုးထားလို့။ အိပ်ပျော်အောင် အိပ်လိုက် နော်"

သူမ ဘာမှပြန်မပြောဘဲ ဖုန်းချလိုက်၏။

❖ ✧ ❖



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်... ဒေါက်... ဒေါက်"

တံခါးခေါက်သံကိုပဲ အလိုလို နားစွင့်နေမိတာ တံခါးခေါက်တာနဲ့ ထဖွင့်ပေးမိ၏။ နှလုံးသားတံခါး ဖွင့်ခွင့်မ ရင်တောင် ခင်မင်မှုတံခါးလေးတော့ ဖွင့်ပါရစေ။ ချစ်ခွင့်မပိုင် မယ့် မိတ်ဆွေတွေကိုတော့ ခင်မင်ခွင့် ဆိုင်ပါရစေ။

ပြီးတော့ သူမ အရမ်းပင်ပန်းနေလို့ပါ။ ကိုယ် လည်း အရမ်းပူနေသည်။

"ဝတ်မှုံ"

"ကိုယ်တွေ အရမ်းပူနေတာပဲ။ ဟာ... ဒီလောက် ကောင်းဖြစ်နေတာကို တစ်ယောက်တည်းလားကွာ"

လမ်းလျှောက်တာတောင် ယိုင်နေတဲ့ သူမကို သူ တွဲကာ ကုလားထိုင်ပေါ် ထိုင်ခိုင်းလိုက်သည်။ သူမ တိုက်ခ လေးက ခမ်းခမ်းနားနား မရှိပါ။ ပလတ်စတစ်စားပွဲ ပလတ်စ ကုလားထိုင်လေးတွေပဲ ရှိသည်။ တစ်ခန်းလုံးမှာ ပန်းချီကား နဲ့ ပန်းချီနဲ့သက်ဆိုင်သော ပစ္စည်းတွေပဲရှိသည်။





စားလို့ရမယ်ထင်လို့ မုန့်တွေ ဝယ်လာတာ။ သူမ ကြည့်ရတာ တော်တော်ဖျားနေတာမို့ မကျွေးရဲတော့။

သူ့သူငယ်ချင်း ဆရာဝန်တစ်ယောက်ကို ဖုန်းလှမ်း ဆက်လိုက်သည်။ ပြောမနာ ဆိုမနာတွေမို့ ဆန်ပြုတ်ပါ ရှာဝယ် ခိုင်းလိုက်သည်။

ဆရာဝန်ရောက်လာတော့ သူမကို စမ်းသပ်ဆေးထိုး ပေးသည်။

"အာကာ ဘာညာလား"

"မဟုတ်ပါဘူးကွာ၊ အသိပါ သူငယ်ချင်း၊ မင်းကို လူရှင်း မို့လို့ ခေါ်လိုက်တာ လိုက်ဖွမနေနဲ့ဦး"

"အေးပါ... ငါ သွားပြီ"

"အိုခေ... သူငယ်ချင်း ကျေးဇူး။ ငါ လိုက်မပို့တော့ဘူး"

"ရပါတယ်ကွာ။ လစ်ပြီ သားကြီး"

"အေး... အေး"

ဆရာဝန် ပြန်ကြွသွားတော့ သူမလေးကို ဆန်ပြုတ် တိုက်သည်။

"ဝတ်မှုံ... ဟာ"

"ကိုယ့်ဘာသာ သောက်ပါ့မယ်"

"ကဲ... မရှည်နဲ့ကွာ။ ကိုယ်တိုက်ချင်လို့။ မင်းကိုကြည့် ရတာ ဇွန်းတစ်ချောင်းတောင် မ,နိုင်မဲ့ပုံ မပေါ်ဘူး။ ဒီ



www.burmeseclassic.com

www.burmeseclassic.com



ရှုလောက် ဖျားနေတာ မင်းအမေကို လှမ်းခေါ်ထားပါလား ကွာ"

"ကျွန်မအတွက် ရှိနေပါပြီ"

သူ ဆန်ပြုတ်တိုက်တာကို သောက်ရင်း သူမ မျက်ရည်တွေ ဝဲနေသည်။

"ကျွန်မကို အထင်သေးလား"

"ဘာလို့ အထင်သေးရမှာလဲ ဝတ်မှုံရယ်။ ဝတ်မှုံ နေကောင်းတဲ့အချိန် အနားမှာ နေခွင့်ရလို့ ကိုကိုကတော့ ကျေးဇူးတင်ပါသေးတယ်"

"ဆန်ပြုတ်သောက်ပြီး ဆေးသောက်ရမယ်နော်"

"ဆေးသောက်လိုက်တော့မယ်။ ဆန်ပြုတ်မသောက်ချင်တော့ဘူး"

"ကုန်အောင်သောက်လိုက်ပါလား"

"ဟင့်အင်း... ဗိုက်တင်းသွားပြီ၊ တော်ပြီ"

"အေး... ဒါဆိုလည်း ဆေးသောက်လိုက်"

ဆေးသောက်ပြီး စောင်ခြုံကာ သိပ်ထားလိုက်သည်။

"အိပ်လိုက်နော်။ ဆန်ပြုတ် ကျန်သေးတယ်။ အိပ်ရာနိုးရင် သောက်လိုက်ဦး။ ဈေးထွက်လာရင် အကိုကြီးတွေ ထဲက ကိုကိုကို သော့ပိုတစ်ချောင်းပေးလိုက်။ နေ့ခင်းကျရင် တစ်ခေါက်ပြန်လာခဲ့မယ်"





သူ ပြန်မယ်ဆိုတော့ သူမစိတ်ထဲ ဝမ်းနည်းသလိုလို။

"မလာပါနဲ့တော့"

စိတ်နဲ့လျှာကတော့ တိုင်ပင်မကိုက်ပါ။ စိတ်ထဲမှာ နေစေချင်ပေမယ့် လျှာဖျားကတော့ ပြောသင့်တဲ့စကား ပြောရတာပေါ့လေ။ ဘဝကကို စိတ်အလိုလိုက်ခွင့် မရှိတဲ့ ဘဝလေ။

"ဒီလောက် နေမကောင်းဖြစ်နေတာ ကိုကို ဘယ်လိုပစ်ထားရမလဲ"

"ဒီလောက်ဆို ရပါပြီ။ ကျွန်မဘဝမှာ ဒီလောက် အကူအညီရတာတောင် တော်တော်ကံကောင်းတာပါ"

"ဘာမှမပြောနဲ့ ပြန်လာခဲ့မယ်။ အခု ကိုကို ခဏပြန်ပေးတာက ဝတ်မှုံလေး စိတ်ချလက်ချ အိပ်နိုင်အောင်လို့"

"ရှင် ဘာလို့ ကျွန်မအတွက် အဲလောက် တွေးပေးနေတာလဲ။ ဘာပဲလုပ်ပေး လုပ်ပေး ကျွန်မ ရှင့်အချစ်ကို လက်ခံမှာ မဟုတ်ဘူး"

သူက ခပ်တွန့်တွန့် တစ်ချက်ပြုံးကာ...

"သော့တစ်ချောင်း ပေးလိုက်"

"ကျွန်မ ထဖွင့်ပေးပါ့မယ်"

"တစ်ခုခု ဖြစ်နေမှာစိုးလို့"

"မဖြစ်ပါဘူး၊ ခုတောင် ချွေးစို့လာပြီ"

"ဒီလောက်တောင် မယုံဘူးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ… သွားတော့၊ ကျွန်မ အိပ်ချင်နေပြီ"

တစ်မနက်စာ အချိန်ခဏလေးမှာ သူနဲ့သူမ ရင်းနှီးမှုအတိုင်းအတာတွေ ပိုခဲ့သည်။ သူ သူမကို တကယ်ချစ်တယ်ဆိုတာ ယုံပါသည်။ မဖြစ်နိုင်တာက သူမဘက်က။

တကယ်လို့သာ သူ့အဖေနဲ့ သူမအမေ မပတ်သက်ခဲ့ရင် ခုလောက်ဆို သူနဲ့သူမဟာ သိပ်ကိုချစ်ကြတဲ့ ချစ်သူတွေဖြစ်နေပြီပေါ့။ ဘဝဆိုတာ ဒီလိုပါပဲ။ ကံကြမ္မာက သိပ်ကိုရက်စက်ခဲ့သည်။

မေမေက ဦးထင်နဲ့ ပတ်သက်ခဲ့တာ သူမအတွက်တဲ့။ ဒါပေမဲ့ ခုတော့ မေမေနဲ့ ဦးထင်ရဲ့ ပတ်သက်မှုက သူမအသည်းကို တစ်စစီ ကြေမွစေခဲ့ပြီ။ သူမ အသည်းကွဲပါပြီ။ ပြီးတော့ သူနဲ့ဝေးရာဆီသွားဖို့ သူမ ဆုံးဖြတ်လိုက်သည်။

❖ ✧ ❖





နေ့လယ်ကျတော့ သူ ပြန်ရောက်လာသည်။ လက်ထဲမှာ ကြေးအိုးထုပ်တွေနဲ့။

"ကြေးအိုးတည့်တယ်ဆိုလို့ ဝယ်လာတယ် စားလိုက်နော်။ ကိုကို ထည့်ပေးမယ်"

"ဘယ်တုန်းက ကိုကို ဖြစ်သွားတာလဲ"

သူက မကြားချင်ယောင်ဆောင်ကာ ပြန်မဖြေပါ။ ကြေးအိုးကို စားဖို့အဆင်သင့် ပြင်ပေးပြီး…

"လာ… စားလိုက်ဦး"

သူမ စားချင်စိတ် မရှိသော်လည်း သူ ကျေနပ်အောင် စားပေးချင်မိသည်။ သူမ စားနေတုန်း သူက သူမနဖူးကို လာစမ်းသည်။

"နေကောင်းလား။ ဘယ်လိုနေလဲ။ သက်သာလား"

"သက်သာပါတယ်"

"အိပ်ပျော်လား"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ရေးတော့ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားတယ်။ ကိုအာကာကို ကျေးဇူးတင်ပါတယ်"

"ကျေးဇူးတင်ရင် ပြန်ချစ်လိုက်လေ"

"ဒါတော့ ဘယ်တော့မှ မဖြစ်နိုင်ပါဘူးလေ"

"လောကမှာ မဖြစ်နိုင်တာ မရှိဘူး။ မဖြစ်သေးတာပဲ ရှိတယ်"

"မဖြစ်သင့်တာတွေလည်း ရှိတယ်"

"ကိုယ်နဲ့မင်း လူပျို အပျို ချစ်ကြတာ ဘာမဖြစ်သင့်စရာ ရှိလို့လဲ"

"ခေါင်းတွေနောက်လို့ မမေးပါနဲ့ ကိုအာကာရယ်"

ကြေးအိုးကို စိတ်မပါစွာ စားနေတဲ့ သူမမျက်နှာ နွမ်းနွမ်းလေးမှာ မာန်မာနတွေ ပျောက်ဆုံးပြီး ဝမ်းနည်းအားငယ် ရိပ်တွေ လွှမ်းနေသည်။

တချို့တွေအတွက် အချစ်ဆိုတာ ဖြစ်တည်မလာ ခင်တည်းက ဖြစ်ခွင့်မရှိတာ။ ဖြစ်နိုင်ပေမယ့် မဖြစ်သင့်တာလေ။

"ဝတ်မှုံ"

"ရှင်"

"ဝတ်မှုံအကြောင်း ကိုကို့ကို ပြောပြပါလား"

"ဘာမှ ပြောစရာမရှိပါဘူး"

"ဝတ်မှုံ တစ်ယောက်တည်းနေတာ ဘယ်အဆင်ပြေမှာလဲ"





"အဖေနဲ့အမေ ကွဲတည်းက ဝတ်မှုံက အဖေနဲ့ လိုက်လာ တာလေ။ အဖေဆုံးတော့လည်း ဝတ်မှုံက ဒီမှာ တစ်ယောက် တည်းပဲ ဆက်နေခဲ့တာ။ အမေနဲ့ သွားမနေချင်ဘူး"

"ဝတ်မှုံ စားဝတ်နေရေးအတွက် ပန်းချီပဲ ဆွဲတာလား"

"အင်း"

"အဆင်ပြေရဲ့လား"

"ပြေပါတယ်။ ကလေးတွေကိုလည်း ပန်းချီလိုက်သင်ပေး တယ်လေ"

"ဝတ်မှုံ ကိုယ့်ကို ချမ်းသာလို့ လက်မခံနိုင်တာလား"

"ဟုတ်တယ်။ ကျွန်မ သူဌေးတွေကို မုန်းတယ်။ ဖောက် ပြန်ရေးသမားတွေ"

"သူဌေးတိုင်း မဟုတ်ပါဘူး ဝတ်မှုံရယ်။ လူတစ်ယောက် နဲ့တစ်ယောက် ပင်ကိုစရိုက်လက္ခဏာတော့ ကွာပါသေး တယ်။ သူဌေးတိုင်း ဖောက်ပြန်နေတာ မဟုတ်ပါဘူး။ အကျင့်စာရိတ္တကောင်းတဲ့ သူဌေးတွေလည်း ရှိပါတယ်"

ဟုတ်ပါတယ်။ ဒါပေမဲ့ ရှင်နဲ့ ကျွန်မကတော့ ဘယ်တော့မှ ဖြစ်နိုင်မှာ မဟုတ်ဘူး။ ရှင်နဲ့ ကျွန်မကို ကြမ္မာဆိုး တစ်ခုက ပိုင်းခြားထားပြီးသားလေ။ ကျွန်မအမေက ရှင့်အဖေရဲ့ အရံဇနီးတစ်ယောက်ဆိုတာ ရှင့်ကို ကျွန်မ ဘယ်လိုပြောရမလဲ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မဘက်က နိမ့်ကျမှုကို ကျွန်မ မပြောရဲပါဘူး ချစ်ရသူရယ်။ ကံကြမ္မာက ကျွန်မကို သုံးခါတိတိ ထိုးနှက်ခဲ့တယ်။ ပထမ အဖေနဲ့အမေ ကွာရှင်းတယ်။ ဒုတိယ အမေက သူတစ်ပါးရဲ့ တိတ်တိတ်ပုန်း။ တတိယကတော့ ချစ်သူကို ခေါင်းညိတ်ခွင့်မရှိတဲ့ဘဝ။ ကျွန်မကလေ ချစ်ခြင်းမေတ္တာဆိုရင် ၅၂၈ ရော ၁၅၀၀ ပါ ကံမကောင်းတဲ့သူပါ။

ကျွန်မ နှလုံးသားတွေ အခါခါကွဲအက်ပြီး အစိတ်စိတ်အမြွှာမြွှာ ဖြစ်နေပါပြီကွယ်။ နာကျင်မှုတွေလည်း အတိုင်းထက် အလွန်ပေါ့။

"ရှင် ကျွန်မကို တကယ်ချစ်လားဟင်"

"ချစ်တယ်၊ မြတ်နိုးတယ်၊ သနားလည်း သနားတယ်"

"မသနားနဲ့။ ကျွန်မကို သနားတာ မကြိုက်ဘူး"

"သိပါတယ်၊ ဝတ်မှုံက အသနားခံမယ့်မိန်းမ မဟုတ်ဘူးဆိုတာ"

"ရှင့်နားမှာ သူဌေးသမီးတွေ၊ နိုင်ငံတကာအဆင့်မီ ပညာတတ်တွေ ဝိုင်းဝိုင်းလည်နေတာကို ဘာလို့ ကျွန်မဆီ တသသ လာလုပ်နေတာလဲ။ ကျွန်မလို အညတရက ရှင့်အချစ်ကို လက်မခံလို့ အခဲမကျေဖြစ်နေတာလား"

"ဟုတ်တယ်၊ ကိုယ် အမှန်အတိုင်း ပြောရရင် ကိုယ့်အတွက် မိန်းမ မရှားဘူး။ တကယ် ပေါပါတယ်။ ကိုယ်





တကယ် မချစ်ဘဲနဲ့တော့ မင်းအတွက် အချိန်ကုန်မခံဘူး။ ကိုယ့်အတွက် အချိန်တစ်နာရီဟာ သိန်းတစ်ထောင်လည်း ဟုတ်တယ်။ ဒါပေမဲ့ ဘဝမှာ အရေးကြီးတာက ငွေမဟုတ်ဘူး။ စိတ်ချမ်းသာမှုပဲ။ ကိုယ့်မှာ ငွေကြေးပြည့်စုံပြီးသား၊ စိတ်လည်းချမ်းသာပါတယ်။ အချစ်ပဲ လိုနေတာ။ အဲဒါကြောင့် မင်းနားက မခွာနိုင်တာ"

"ဆန္ဒကို သိက္ခာနဲ့ထိန်းပါ ကိုအာကာ။ ရှင် ကျွန်မဆီ မလာနဲ့တော့၊ ကျွန်မတို့နှစ်ယောက်အတွက် အကျိုးမရှိတဲ့ အလုပ်ကို မလုပ်ပါနဲ့"

"အပျို လူပျို ချစ်ရေးဆိုတာ သိက္ခာကျစရာလား"

"တချို့က သိက္ခာကို ရိက္ခာနဲ့ လဲတယ်။ တချို့က သိက္ခာကို ဆန္ဒနဲ့လဲတယ်။ အဲဒီလို လူနှစ်မျိုးနှစ်စားထဲမှာ တချို့အချစ်တွေ ကြေမွသွားတတ်တယ်"

"မင်း ဘာကိုဆိုလိုတာလဲ"

"တစ်ခါတလေ ဖွင့်ပြောရခက်တဲ့ အကြောင်းတရားတွေ ရှိတယ် ကိုအာကာ။ ကိုအာကာတို့ဘက်က ကျွန်မလို သတို့သမီးမျိုးနဲ့ သဘောတူမှာ မဟုတ်ဘူး"

"မင်းက သဘောမတူမှာ ကြောက်နေတာလား။ ဒါဆိုရင်တော့ ဘာမှ စိတ်မပူနဲ့တော့ ဝတ်မှုံ။ ကိုယ့်မိဘစုက ကိုယ့်အိမ်ထောင်ဖက်ကို စိတ်ကြိုက်ရွေးချယ်ခွင့် ပေးထား



www.burmeseclassic.com

www.burmeseclassic.com



ပြီးသား။ ကိုယ်ချစ်ရင် သူတို့လည်း ဝိုင်းချစ်ပေးဖို့ အဆင်သင့်ပဲ။ မင်း အခု ကိုယ့်မိဘတွေနဲ့ လိုက်တွေ့ကြည့်မလား"

ဝတ်မှုံဖြူ ပြုံးတဲ့ အပြုံးကို သူ မဝေခွဲတတ်ပါ။

"ဘဝဆိုတာ အဲလောက်လွယ်တဲ့ ပုံသေနည်း မဟုတ်ဘူး ကိုအာကာ။ တစ်ခုပဲ မှတ်သွားပါ။ ဝတ်မှုံဖြူက အာကာစိုးထည် ထိခိုက်နာကျင်အောင် ဘယ်တော့မှ မလုပ်ဘူး။ ကျွန်မ ရှင့်ကို လက်မခံတာ ဘယ်သူ့အတွက်မှ မဟုတ်ဘူး ရှင့်အတွက်ပဲ။ ရေနဲ့မီးက ဘယ်တော့မှ ပေါင်းစပ်လို့ မရဘူး ကိုအာကာ"

"မင်း ဘာတွေပြောနေတာလဲ။ ကိုယ် နားမလည်ဘူး"

"ကျွန်မက ရှင်တို့မိသားစုထဲကို ဝင်မလာချင့်တဲ့သူ တစ်ယောက်ပါ။ ရှင်တို့မိသားစုက ဥယျာဉ်တစ်ခုဆိုရင် ကျွန်မက အဲဒီဥယျာဉ်ထဲမှာ မပွင့်ချင်တဲ့ ပန်းတစ်ပွင့်ပဲ"

❖ ✧ ❖





"မောင်စိုးထည်"

"ဗျာ"

"ဒယ်ဒီနဲ့ ဂေါ့ဖ်ကွင်း လိုက်ခဲ့ပါဦး"

ဒီလိုခေါ်ပြီဆိုရင် နှစ်ကိုယ်ကြား ပြောစရာတွေ ရှိနေလို့ပဲလေ။ ပြီးတော့ လန့်လည်း လန့်သည်။ သူ့မှာ အပြောခံရစရာဆိုလို့ မိန်းကလေးကိစ္စပဲရှိသည်။

မိန်းကလေးကိစ္စတောင် ဖယားအငြိမ်တွေပဲ ကပ်ထားတာပါ။ သိပ်ပြီး ရှော့မရှိတဲ့ ကိစ္စမျိုး။ အခု ဘာဖယား ထပ်လာပြန်ပြီလဲ မသိ။

ဂေါ့ဖ်ကွင်း ရောက်တော့လည်း ဂေါ့ဖ်ရိုက်ရင်းပဲ ပြောတာပါ။

"မင်း,သား အာကာ ဝတ်မှုံဖြူ ဆိုတဲ့ ကောင်မလေးတစ်ယောက်နဲ့ သွားပတ်သက်နေတယ်"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ချိုချို့သမီး ဝတ်မှုံဖြူ"

"ဗျာ"

စိုးထည် လန့်သွားသည်။

"ငါမြေးက ဘာမှသိတာ မဟုတ်ဘူး။ အနေအထားချင်းကလည်း တခြားစီပဲ။ ကောင်မလေးဘက်က လာပတ်သက်တာပဲ ဖြစ်ရမယ်"

စိုးထည်မှာ ဘာမှပြောစရာမရှိပါ။ သူ့ယောက္ခမ ခြေလှမ်းကျဲတာ သူ အသိဆုံး။

"ဒီတော့ ဒီပြဿနာကို မင်း ရှင်းမလား။ ငါရှင်းရမလား"

"ကျွန်တော် ရှင်းပါ့မယ် အဖေ"

"ရှင်းမယ်ဆိုလည်း မြန်မြန်ရှင်း"

"ဟုတ်ကဲ့ပါ အဖေ"

ယောက္ခမကို ချစ်မချစ်တော့ မသိ။ ကြောက်ကြောက်နဲ့ ရိုသေရတာတော့ အမှန်ပဲ။

ဂေါ့ဖ်ကွင်းက အပြန် ချိုချို့ဆီ ဝင်လိုက်သည်။ ချိုချို့သမီး ဝတ်မှုံက ချိုချိုနဲ့နေတာမဟုတ်ပါ။ သူ့အဖေနဲ့နေတာ။ သူ့အဖေ ဆုံးသွားတော့တောင် မအေဆီ လာနေတာမဟုတ်။ ချိုချို ဆိုတာကလည်း သူမကို ပုံမှန်ဖို့နေရင် ဖယားအငြိမ်း။ ဘယ်တော့မှ ပြဿနာရှာမှာ မဟုတ်။ ဝတ်မှုံဖြူကိုလည်း မြှောက်ပေးမှာမဟုတ်။ ချိုချို့စနက် မဟုတ်နိုင်တာတော့ သိသည်။





ဝတ်မှုံဖြူက တမင်သွားပတ်သက်တာလား။ မတော်တဆပဲ တွေ့သွားတာလား။ အဲဒါကတော့ ကာယကံရှင်ပဲ သိပါလိမ့်မည်။

ချိုချို့စနက် မဟုတ်တာ သိပေမယ့် ချိုချိုကတစ်ဆင့်ပဲ ပြောခိုင်းရမှာပါ။ ချိုချိုကတစ်ဆင့် မသွားလို့လည်း မဖြစ်ဘူး။ ဝတ်မှုံဖြူကို သူက ဘယ်လိုသွားပြောရမလဲ။ ချိုချို ပြောဖူးတယ်။ ဝတ်မှုံဖြူတို့ သားအဖဟာ သိပ်ကိုခေါင်းမာတဲ့ အနုပညာသမားတွေတဲ့။ ဒီတော့ သူနဲ့ ဝတ်မှုံဖြူ ထိပ်တိုက်တွေ့တာထက် ချိုချိုကတစ်ဆင့် တားတာက ပိုထိရောက်မှာပါ။

"ဟူး"

သားနဲ့ ဘယ်လိုများ တွေ့သွားပါလိမ့်ကွာ။ သားဘက်ကရော ဒီကောင်မလေးအပေါ် ဘယ်လိုသဘောထားသလဲ။ အတည်လား။ အပျော်လား။ အပျော်ပဲ ဖြစ်မှာပါ။ ဒါပေမဲ့ ကောင်မလေးဘက်က အပိဖမ်းပြီး ဒုက္ခပေးမှာ စိုးရသည်။ ဘာဖြစ်လို့လဲဆိုတော့ ဝတ်မှုံဖြူက ချိုချို့သမီး ဖြစ်နေလို့။

တခြားသူစိမ်းတစ်ယောက်ဆို ဘာပြဿနာပဲတက်တက် ရှင်းလို့ရနိုင်ပေမယ့် ချိုချို့သမီး ဖြစ်နေတာ ပြဿနာဖြစ်ပြီဆိုရင် တစ်နှယ်ငင် တစ်စင်ပါ အားလုံး ရှုပ်ကုန်နိုင်သည်။

"ကိုကို အိမ်ရောက်တည်းက ဘာမှလဲ မပြောဘဲ မျက်နှာကြီးကလည်းမကောင်း။ ဘာဖြစ်နေတာလဲ။ ချို ဘာလုပ်ပေးရမလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ချို့ကို ပြောစရာရှိလို့"

"ဘာပြောမလို့လဲ ကိုကို၊ ချို့ ရင်တုန်လိုက်တာ။ ချို့ရဲ့ ဘာမကျေနပ်တာ ရှိလို့လဲ"

"ချို့ကို မကျေနပ်စရာမရှိပါဘူး ချို့ရယ်။ ချို့က ဒီလောက် အလိုက်သိပြီး လိမ္မာတာ၊ ဒါနဲ့ သမီးလေးရော"

"သမီး ကျောင်းသွားတယ်လေ"

"ကိုယ့်သားနဲ့ ဝတ်မှုံ ပတ်သက်နေတယ် ချို့"

"ဟင်"

"အဲဒါ ကိုယ်သိတာ မဟုတ်ဘူး ချို့။ ကိုယ့်ယောက္ခမ သားရဲ့အဘိုး သိသွားတာ။ အဖေက ကိုယ်နဲ့ချို့အကြောင်း ကိုပါ သိနေတယ်။ ဝတ်မှုံက ကိုယ်နဲ့ ပတ်သက်နေတဲ့ ချို့ရဲ့သမီး ဖြစ်နေလို့ အဖေ လက်မခံနိုင်တာ။ ကိုယ်တို့ အကြောင်း ဘယ်သူမှ မသိဘူး ထင်တာ။ ကိုယ့်ယောက္ခမက သိနေခဲ့တယ်"

ဒေါ်ချို့ချို့ ဘာပြောရမှန်းမသိ။

"ကိုယ်က ကိုယ့်ယောက္ခမကို ကြောက်ရတယ်ဆိုတာ ချို့ သိပါတယ်။ ဖေဖေချစ်ကလည်း နှလုံးရောဂါ ရနေတာ။ ဒီကိစ္စ ဖေဖေချစ်လည်း သိလို့မဖြစ်ဘူး။ သူ့သမီးသာ တစ်ခုခုဖြစ်ရင် ကိုယ်လည်း သက်သာမှာ မဟုတ်ဘူး ချို့။ ကိုယ့်ယောက္ခမကြီးက ခြေလှမ်းကျဲတယ်"





"ချို့သမီးကို ချို့လည်း သိပ်ပြီးသြဇာမရှိတာ ကိုကိုလည်း သိပါတယ်။ ဒါပေမဲ့ ချို့ ရအောင် တားပေးပါမယ် ကိုကို။ ချို့သမီးကြောင့် ကိုကိုတို့မိသားစု ပြဿနာမတက်စေရပါဘူး"

"ကျေးဇူးတင်ပါတယ် ချို့"

"တစ်ခုပဲ ကိုကို။ ဘယ်လိုပြဿနာတွေပဲဖြစ်ဖြစ် ချို့လုပ်တာ မဟုတ်ဘူးဆိုတာ ယုံပေးပါနော်။ ချို့ဟာ ကိုကိုပစ်သွားမှာကို အသက်သေမလောက် ကြောက်တာပါ။ ပြီးတော့ သမီးကြီးကြောင့် ပြဿနာတက်ခဲ့ရင် ချို့ကိုပါ အပြစ်ပေးချင်ပေးပါ။ ကိုကိုနဲ့ ချို့ချို့တို့ရဲ့ သမီးငယ်လေးကိုတော့ ပစ်မထားပါနဲ့ ကိုကိုရယ် နော်"

"ချို့ရယ်... ကိုကို ချို့ကို ယုံပါတယ်။ ကိုကို့ကို စိတ်ချမ်းသာအောင်ထားပြီး ကိုကို ထားရာနေ စေရာသွားတဲ့ ချို့ကို ကိုကို ဘယ်တော့မှ ပစ်မထားဘူး ချို့"

"ကျေးဇူးတင်ပါတယ် ကိုကိုရယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ချိုချို တစ်ယောက် အတွေးတွေ များနေသည်။ ဦးထင်စိုးထည်သားနဲ့ သမီးဝတ်မှုံဖြူနဲ့တဲ့။ ဒီပတ်သက်မှုကို သေ… သေချာချာ စဉ်းစားသင့်တယ်။

ဦးထင်စိုးထည်ရဲ့ တရားဝင်ဇနီးက ဖေဖေချစ်ပါ။ အချိန်တန် ဖေဖေချစ်ကမွေးတဲ့ တရားဝင်သားပဲ အမွေတွေအကုန် သိမ်းပိုက်မှာ။

သမီးငယ်လေးက အစွန်အဖျားပဲရမှာ၊ တကယ်လို့ သမီးကြီးနဲ့ ဟိုကောင်လေးသာ ယူဖြစ်တယ်ဆိုရင်...။

တွေးသာ တွေးရတာပါ။ ကောင်လေးကရော သမီးကြီးကို အတည်ယူပါ့မလား။ သူ့လို အနေအထားနဲ့ သမီးလေး… အပျော်တွဲတာက ပိုပြီးဖြစ်နိုင်ပါသည်။ အပိုင်ဖမ်းရင်လည်း ကောင်လေးကပါရင် တော်သေးတယ်။ ကောင်လေးဘက်ကသာ အပျော်ပါဆိုရင်တော့ ဖွတ်မရတဲ့အပြင် ဓားမပါ ဆုံးတော့မှာ။

ဒေါ်ချိုချို တစ်ယောက် အသေအလဲ တွက်ချက်နေပါသည်။





သမီးဝတ်မှုံကို ရှေ့ဆက်ခိုင်းရင် ကောင်းမလား။ ဒါမှမဟုတ် နောက်ဆုတ်ခိုင်းရမလား။

ဟိုဘက်က အသိုင်းအဝိုင်းကလည်း တော်တော်ကြီးနေသည်။ ရှေ့ဆက်တိုးရင် သူမတို့သားအမိတွေ ဒုက္ခရောက်ဖို့ပဲ ရှိသည်။

ဒီတော့ သမီးဝတ်မှုံကို တားရုံပဲ ရှိတော့သည်။ ဝတ်မှုံဆိုတာလည်း ခေါင်းက ခပ်မာမာရယ်။ ပြီးတော့ ကောင်လေးကို ကိုကို့သားမှန်း သမီး သိထားလျက်နဲ့ ပတ်သက်ခဲ့တာ။

ဝတ်မှုံကိုပဲ ချော့မော့ ဖျောင်းဖျရတော့မှာပဲ။ ရှေ့ဆက်လို့ မသင့်တဲ့ကိစ္စမို့ တားရမှာပါ။ ဒီလိုတားရတာဟာ သမီးဝတ်မှုံအတွက်လည်း ပါပါတယ်။ ကျောက်ဆောင်မှန်းသိလျက်နဲ့ ခေါင်းနဲ့တိုက်ရင် ခေါင်းကွဲရုံပေါ့။ ကျောက်ဆောင်ကတော့ ဘာဖြစ်မှာလဲ။

ဆုံးဖြတ်ပြီးချိန်မှာတော့ ဝတ်မှုံထံသို့ ထွက်လာလိုက်သည်။

"သမီး"

"မေမေ ဘာပြောစရာရှိလို့လဲ"

"အေးလေ... တို့သားအမိတွေလည်း ပြောစရာရှိမှ ကိစ္စရှိမှ တွေ့ဖြစ်ကြတော့တယ်။ တော်တော် အနေစိမ်းနေကြပြီပဲ"



www.burmeseclassic.com

www.burmeseclassic.com



"သမီးကြီး ဦးထင်သားနဲ့ ပတ်သက်နေတယ်ဆို"
"ပတ်သက်တယ်"
"မဟုတ်ဘူးလား"
"ပတ်သက်တယ် ဆိုတာ ဘာကိုပြောတာလဲ မေမေ"
"သာမန်ထက် ပိုပြီးရင်းနှီးနေတာမျိုးကို ပြောတာပေါ့ သမီး။ သမီးတို့ ဘယ်လိုပတ်သက်တာလဲ မေမေ့ကို ပြော ပြပါ"
"လိုအပ်လို့လား"
"လိုအပ်တာပေါ့ သမီးရယ်။ မေမေက သမီးရဲ့မေမေလေ"
"ကိုအာကာက ဦးထင်စိုးထင်သား ဖြစ်နေလို့လား"
"အဲဒါလည်း တစ်ပိုင်းပေါ့ သမီးရယ်။ ဒါပေမဲ့ အဲဒါထက် မေမေက သမီးကို ပိုပြီးစိတ်ပူတာပါ။ မေမေ့ဘဝ ဘယ်လို ပဲဖြစ်ဖြစ် သမီးကိုတော့ ကောင်းကောင်းမွန်မွန် တင့်တင့် တယ်တယ်လေး ဖြစ်စေချင်တယ်။ သူတို့အသိုင်းအဝိုင်း ကြောင်းလည်း သမီး သိသားပဲ…

ဘဝချင်းကွာခြားလွန်းတော့ တစ်နေ့ သမီးခံစားရ မှာစိုးတယ်။ ပြီးတော့ မေမေ့လိုလည်း မဖြစ်စေချင်ဘူး။ သမီးကို အိမ်ထောင်ဖက်ကောင်းနဲ့ တွေ့စေချင်တယ်။ သာယာတဲ့မိသားစုဘဝလေးကို ပိုင်ဆိုင်စေချင်တယ်။ ဒါ မေမေ့ဆန္ဒအမှန်ပါ သမီးရယ်။ ယုံပါ။ မေမေဟာ သမီး





ကို တကယ်ချစ်တယ်ဆိုတာတော့ ယုံပါ။ မေမေ မှားချင်မှား ခဲ့မယ်။ ဒါပေမဲ့ အဲဒီတုန်းကလည်း သမီးလေးကို ကောင်း ကောင်းမွန်မွန် ထားချင်တဲ့စိတ်နဲ့ပါ"
"တော်ပါတော့ မေမေရယ်။ အခု မေမေ လာတားနေတာ သမီးအတွက် မဟုတ်ပါဘူး။ မေမေ့အတွက်ပါ။ အာကာနဲ့ သမီးကို ဦးထင်စိုးထည်က ဘယ်သဘောတူပါ့မလဲ။ ဟင်း ဟင်း… မေမေ့ယောက်ျားကြီး သိမှာစိုးလို့ လာတားနေတာ မို့လား"
"သူသိမှာစိုးလို့ မဟုတ်ဘူး။ သမီးတို့အကြောင်း သူပြော လို့ မေမေသိတာ။ အာကာရဲ့မေမေကလွဲရင် သူ့အဘိုး ရော သူ့အဖေပါ သိနေကြတယ်"
"ဟင်"
"သူတို့က ငွေရှိတယ်။ ခြေလှမ်းလည်း ကျဲတယ်။ သူတို့က သမီးကို မေမေ့သမီး ဖြစ်နေတဲ့အတွက် လက်ခံနိုင်မှာ မဟုတ်ဘူး။ သူတို့သမီးကို တစ်နည်းနည်းနဲ့ ဒုက္ခပေးမှာ စိုးလို့ပါ"
"အထူးသဖြင့် မေမေ့ရဲ့ရွှေတောင်ကြီးလည်း ပျောက်သွား မှာ ကြောက်နေတယ်မို့လား"
"မေမေ မစိုးရိမ်ဘူး။ မေမေ ကိုထင်စိုးထည်ကို ပေးဆပ် လာတာ သမီးငယ်တစ်သက် ရှိပြီပဲ။ ပြီးတော့ သမီးငယ်



www.burmeseclassic.com

www.burmeseclassic.com



က သူ့သမီးပဲ။ သူ မေမေ့ကို ဘယ်တော့မှ ပစ်ထားမှာ မဟုတ်ဘူး။ ကြားထဲက သမီးပဲ ဒုက္ခရောက်မှာ သမီးရဲ့ သမီးကောင်းစားဖို့ဆို ဘယ်နည်းနဲ့ဖြစ်ဖြစ် မေမေ တွန်းပို့မှာပါ သမီးရယ်။ အခုက သမီးဒုက္ခရောက်နိုင်လို့ မေမေ တားနေတာ"

"မေမေက သမီးကောင်းဖို့ လုပ်ခဲ့တာ မဟုတ်ဘူး။ မေမေနဲ့ သူ့အဖေရဲ့ ပတ်သက်မှုသာ မရှိခဲ့ဘူးဆိုရင် သမီးဘဝ ကောင်းသွားနိုင်တယ်"

"မယုံပါနဲ့ သမီးရယ်။ သူတို့နဲ့ မေမေတို့က ဘဝချင်း ကွာခြားလွန်းပါတယ်"

"မယုံပါဘူး။ ဒါပေမဲ့ ယုံချင်ရင်တောင် ယုံခွင့်မရှိတဲ့ဘဝကိုတော့ ဝမ်းနည်းတယ်။ သမီး သူ့ကို ချစ်တယ်"

"ဟင်"

"သူကလည်း သမီးကို တကယ်ချစ်တယ်ဆိုတာ သိတယ်။ ဒါပေမဲ့ အတည်ယူမယ်တော့ မမှန်းတတ်ဘူး။ တကယ်လို့သာ မေမေတို့ကိစ္စ မရှိရင် သမီးချစ်တဲ့သူနဲ့ လက်မထပ်ရရင်တောင် ချစ်သူဖြစ်ခွင့် ရချင်ပါရဲ့။ ထားပါလေ။ ခုတော့ ကိုယ့်ဘဝက ကံကြမ္မာညှိုးနွမ်းထားပြီးသားမို့လို့"

"အဲလိုတော့ မပြောပါနဲ့ သမီးရယ်၊ မေမေ တကယ် သမီးအတွက် လုပ်ခဲ့တာပါ။ မေမေသာ ခုလိုမလုပ်ခဲ့ရင်





ခုချိန်ဆို တို့သားအမိတွေ ဘဝတွေ ဘယ်လောက်တောင် စုတ်ပြတ်နေမလဲ မသိဘူး။ မေမေ ရင်အနာခဲ့ဆုံးက ကျန်းမာရေးမကောင်းလို့တောင် ဆေးကုစရာမရှိတဲ့ဘဝ။ တဲသာသာအိမ်လေးမှာ စားဖို့တောင် မနည်းရှာနေရတာ မေမေပင်ပန်းလွန်းလို့ လုပ်ခဲ့တာပါ သမီးရယ်။ ညည်းအဖေ အနုပညာသမားကြီးက ပိုက်ဆံရှာနိုင်ရဲ့သားနဲ့ မာနတွေပဲ စားသောက်နေတာလေ။ အမေကပဲ စားဝတ်နေရေးအတွက် ရှာဖွေနေရတာ။ အမေ ပင်ပန်းပေမယ့် ကျေနပ်ခဲ့ပါတယ်။ ဒါပေမဲ့ သမီးကို ဆေးကုဖို့ ပိုက်ဆံမရှိလို့ သူ့ပန်းချီကားတွေ သွားရောင်းခိုင်းတာကို ရောင်းမပေးတော့ မေမေ့ရင်ထဲမှာ သူ့ကို တော်တော်မုန်းသွားတယ်။ နာကြည်းတယ်။ ဘယ်လောက်ပဲ သူ့အနုပညာကို ချစ်ပစေဦး။ သားသမီး သေရေးရှင်ရေး ဖြစ်တာတောင် သူ့ပန်းချီကား မရောင်းပေးနိုင်ဘူးဆိုတော့ မေမေ သူနဲ့ ဆက်ပေါင်းနိုင်စွမ်း မရှိတော့ဘူး။ အချစ်ထက် ပိုက်ဆံက ပိုအရေးကြီးတယ် သမီး"

"ဂုဏ်သိက္ခာကရော မေမေ"

"မေမေ့ ဂုဏ်သိက္ခာ အပေါင်းကို ကျော်ခိုင်းခဲ့တာ သမီးဖေဖေနဲ့ ကွဲတည်းကပဲ။ လူမသိ သူမသိ ပတ်ဝန်းကျင်



www.burmeseclassic.com

www.burmeseclassic.com



အသစ်တစ်ခုမှာ မေမေ့ ဂုဏ်သိက္ခာအသစ် တည်ဆောက်ထားတယ် သမီး"

"မေမေ… လူတစ်ယောက်မှာ ဂုဏ်သိက္ခာတစ်ခုတည်းရှိတာ။ မေမေ ရောက်နေတာ ပတ်ဝန်းကျင်အသစ် မဟုတ်ဘူး။ ဘယ်သူမှ မသိတဲ့နေရာ တစ်ခုမှာ မေမေ လာပုန်းနေတာ"

"ထားပါတော့ သမီးရယ်။ တစ်ခုလိုချင်ရင် တစ်ခုတော့ပေးလိုက်ရတာပေါ့"

"သမီးက ဘာမှမရလိုက်ဘဲ ဆုံးရှုံးရတော့မှာ မေမေ။ စိတ်ချပါ။ ကိုအာကာစိုးထည်ကို သမီးလက်မထပ်ပါဘူး မေမေ"

"ကျေးဇူးတင်ပါတယ် သမီးရယ်။ ရင်နာနာနဲ့ ထပ်ပြီးတောင်းဆိုပါရစေ။ အဲဒီကောင်လေးနဲ့ ထပ်ပြီးမပတ်သက်ပါနဲ့တော့။ နော်… သမီး"

"တစ်ခါလောက်တော့ နှုတ်ဆက်တဲ့အနေနဲ့ ထပ်တွေ့ပါရစေဦး မေမေ"

ဒေါ်ချိုချို သက်ပြင်းချလိုက်မိသည်။ သမီးလေးကိုလည်း သနားမိသည်။ မြန်မြန်လည်း အဆက်သွယ် ဖြတ်စေချင်သည်။





ဦးထင် ယောက္ခမ ဦးအောင်မောင်းက သမီးကို တစ်ခုခု ဒုက္ခပေးမှာ စိုးလို့ပါ။ ကမ္ဘာကြီးက ကျဉ်းတယ်ဆိုတာ သိပ်ကိုမှန်တဲ့ စကားပဲ။ ဒီအသိုင်းအဝိုင်းက လူနဲ့မှ တွေ့ရတယ်လို့ကွယ်။

❖ ✧ ❖



www.burmeseclassic.com

www.burmeseclassic.com



သူ့ပုံကို ပန်းချီဆွဲမိသည်။ ပန်းချီကားရဲ့ အနားသတ်ကို အသည်းနှလုံးပုံ အနားသတ်ပြီး ထိုအသည်းနှလုံးပုံထဲမှာမှ သူ့ပုံကိုဆွဲတာ။

ဒါ သူ့အတွက် မင်္ဂလာလက်ဖွဲ့ ပေးဖို့ပါ။ သူနဲ့ နောက်ဆုံးတစ်ခေါက်တွေ့ရင် မေကိုကို့ကို လက်ထပ်ဖို့ တိုက်တွန်းမှာပါ။ ပြီးတော့ သူ မေကိုကို သို့မဟုတ် တခြားတစ်ယောက်ယောက်နဲ့ လက်ထပ်တဲ့အခါကျရင် အခုဆွဲထားတဲ့ ပန်းချီကားလေးကို လက်ဖွဲ့အဖြစ် ရင်ဖွင့်မှာပါ။ ဒီပန်းချီကားလေးကို သူတွေ့ရင် သူ့အပေါ်ထားတဲ့ သူမရဲ့အချစ်ကို မြင်သွားမှာပါ။ သူမမှာ ဘာအပြစ်မှ မရှိပါဘဲ သူမတစ်ယောက်တည်း အသည်းကွဲရမယ် ဆိုရင်တော့ မတန်ဘူးလေ။ အနည်းဆုံးတော့ သူမလည်း သူ့ကို ချစ်တယ်ဆိုတာ သိစေချင်တယ်လေ။

အချစ်လို့ဆိုတိုင်း ပိုင်ဆိုင်ရမှ မဟုတ်တာကွယ်။ ပိုင်ဆိုင်ဖို့ထက် ချစ်သူစိတ်ချမ်းသာဖို့၊ ချစ်သူရဲ့ဘဝ ပိုပြီးသာယာလှပဖို့ကိုသာ ဦးစားပေးချင်ပါတယ်။





ကိုအာကာရဲ့မေမေ အတွက်လည်း ရင်ကွဲစရာပါလေ။ မေမေ့အတွက်ရော ညီမလေးအတွက်ပါ မထင်မှတ်တဲ့ ရလဒ်တွေ ရလာနိုင်တယ်လေ။

သူ့အတွက် ပွဲတက်သင့်တဲ့ သတို့သမီးဟာ မေကိုကိုလို ဂုဏ်ကြီးရှင် မိန်းကလေးတစ်ယောက်ပါပဲ။

ချစ်သူကို ပိုင်ဆိုင်လိုသူတွေဟာ ချစ်သူကိုထက် ကိုယ့်ကိုယ်ကိုယ် ပိုချစ်ကြလို့ပါ။ ကိုယ့်လိုအင်ဆန္ဒအတွက် ပိုင်ဆိုင်ချင်ကြတာ။

ချစ်သူကို စွန့်လွှတ်ခြင်းမှာတော့ အကြောင်းနှစ်မျိုးရှိတယ်။ တကယ်မချစ်လို့ရယ်။ ကိုယ့်ကိုယ်ကိုယ်ထက် သူ့ကို ပိုချစ်မိလို့ရယ်။

သူ့အကျိုးအတွက် ကိုယ်အနစ်နာခံလိုက်ရတာပါ။

အမေ့ကို ဆုံးရှုံးရတယ်။ ရှင်လျက်နဲ့။

အဖေကို သေလျက် ဆုံးရှုံးရတယ်။

အခု…

ချစ်သူကို ရှင်လျက်နဲ့ သေဆုံးရဦးမယ်။

ချစ်သောသူတွေနဲ့ သေကွဲ၊ ရှင်ကွဲတွေ ပုံစံအမျိုးမျိုးနဲ့ ကွေကွင်းကြရတယ် ဆိုပေမယ့် သူမအတွက်တော့ ဒါတွေကို အရွယ်မတိုင်ခင် အချိန်မတန်သေးခင်မှာပဲ ကြုံတွေ့ရတာဟာ ကံပေးသလောက်ပေါ့လို့ ဖြေသာရမလား။ အတိတ်ဘဝက ဘယ်လောက်များ အပြစ်ကြွေးတွေ ကြီးခဲ့ပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



အစစအရာရာ အပူအပန်မရှိ ငြိမ်းချမ်းနေတဲ့သူတွေဟာ နိဗ္ဗာန်နဲ့ နီးစပ်နေသူတွေဆိုရင် ပူပန်ကြောင့်ကြမှုတွေနဲ့ အမြဲမိတ်ဆွေဖွဲ့နေရသူတွေဟာ မသေခင်ကို အပူမီး လောင်နေသူတွေပါပဲ။

သူတို့ရဲ့ အေးချမ်းနေတဲ့ မိသားစုဘဝကို ကိုယ့်ကြောင့် မုန်တိုင်းမထန်စေချင်ပါဘူးလေ။ သူမဟာ အမေ့သမီးဖြစ်နေလို့ကို အပြစ်ရှိပြီးသား ဖြစ်နေပြီလေ။ သူတို့မိသားစုဝင်မဖြစ်ထိုက်သူပါ။ တော်ဝင်ဥယျာဉ်မှာ ဂုဏ်ဒတင့်နိုင်တဲ့ တောပန်းတစ်ပွင့်ပါ။

ပိုက်ဆံချမ်းသာတာကို မုန်းတီးနေတာဟာ ကိုယ်က ဆင်းရဲနေလို့ပဲ။

ဂုဏ်သရေကြီးမြင့်နေတာကို ကျောခိုင်းပစ်တာဟာ ကိုယ်ဟာ သူတို့ကို ဘယ်တော့မှ မမီနိုင်လို့ပဲ။ ဘယ်လိုတုံးမျိုးပဲ ခုပါစေပေါ့။ ဘယ်အတောင်ပံတပ်တပ် ကျီးဟာကျီး။ ဒေါင်းတော့ ဘယ်တော့မှ ဖြစ်လာမှာ မဟုတ်။

ကိုယ်ပွင့်ခွင့်မရှိတဲ့ ဥယျာဉ်ကို မုန်းမိတာဟာ အဲဒီဥယျာဉ်မှာ အပြစ်ရှိလို့ မဟုတ်ပါဘူးကွယ်။

စိတ်နဲ့ကိုယ် မကပ်ပေမယ့် မှော်ဝင်နေတဲ့လက်ဟာ ပန်းချီကားတစ်ချပ်ကို မသိစိတ်နဲ့ အချောသပ်နေပါပြီ။





ဘောင်ခတ်ထားတဲ့ Heart တစ်ခုထဲမှာ သူကပြုံးနေတယ်။ မသိစိတ်ကတောင် သူ့ကို ပျော်ရွှင်စေချင်တယ်။ သေချာပါတယ်။ လူတစ်ယောက်ကို တကယ်ချစ်မိပြီဆိုရင် ကိုယ့်ကိုယ်ထက် သူ့ကို ပိုပြီပျော်စေချင်တယ်။

ခုလည်း သူ့အတွက် သူ့ကိုကျောခိုင်းလိုက်မှာပါလေ။ ချစ်တာလေးကို တစ်နည်းနည်းနဲ့ အသိပေးချင်တာလေးကလွဲလို့ပေါ့။

တကယ်တော့ အချစ်စစ်ဆိုကလေ အရမ်းကိုနူးညံ့ပါတယ်ကွယ်။

❖ ✧ ❖



www.burmeseclassic.com

www.burmeseclassic.com



“ကိုအာကာ”

“ဟုတ်ကဲ့… ပြောပါ မမလေး”

“ကျွန်မကို မျှော်လင့်မနေပါနဲ့။ ကျွန်မကို မေ့လိုက်ပါ။ နောက်လည်း ထပ်တွေ့ဖို့ မကြိုးစားပါနဲ့”

“ဘာဖြစ်လို့လဲ”

“မဖြစ်နိုင်တဲ့ ဇာတ်လမ်းကို ရှင် အီလေးဆွဲနေမှာစိုးလို့။ ဒီဇာတ်လမ်းမှာ မင်းသား မင်းသမီး မပေါင်းမှာ သေချာနေတယ်လေ။ မြန်မြန် ဇာတ်သိမ်းလိုက်တာ ပိုကောင်းပါတယ်”

“မင်း ဘာလို့ အဲလောက် ခါးခါးသီးသီး ငြင်းနေတာလဲ”

“ရှင့်ကို မချစ်နိုင်လို့ပေါ့”

“သေချာလား”

“သေချာတယ်”

သူ့မျက်လုံးတွေကို စိုက်ကြည့်ပြီး ပြောနိုင်ဖို့ အကြိမ်ကြိမ် လေ့ကျင့်ထားပြီးသား။ ဒါပေမဲ့ ဟန်ဆောင်တယ်ဆိုတာ





ဘယ်တော့မှ အစစ်မဟုတ်ဘူး။ သူ့မမျက်လုံးတွေက လိုတာထက်ပိုပြီး စူးရှတောက်ပနေခဲ့တယ်။

သူ ယုံကြည်သွားပုံပဲ။

“အဲဒီထက် ပိုသေချာတာ မရှိတော့ဘူး။ ဟုတ်တယ်။ မင်း ကိုယ့်ကို လုံးဝမချစ်ဘူးပဲ”

သူ့မအသည်းနှလုံးကို ဆယ်ပေါင်တူနဲ့ ထုလိုက်သလို ကြေကွဲနာကျင်သွားသည်။ ဒါပေမဲ့ ထိုနာကျင်မှုတွေက ကျင့်သားရနေပါပြီလေ။

“မိတ်ဆွေတွေလို နေလို့ရမလား ဝတ်မှုံ”

“ကိုယ့်ကို ချစ်နေတဲ့ ယောကျ်ားတစ်ယောက်နဲ့ မိတ်ဆွေမဖြစ်ချင်ဘူး။ ဒါ နောက်ဆုံးတွေ့ခြင်းလို့ သဘောထားပေးပါ ကိုအာကာ”

“အဲဒါမှ မင်းစိတ်ချမ်းသာမယ်ပေါ့”

“ဟုတ်တယ်”

“ကောင်းပြီ ဝတ်မှုံ။ မင်း စိတ်ချမ်းသာစေရမယ်။ ကိုယ် မင်းကို လုံးဝလာမရှာတော့ဘူး”

“ကျေးဇူးတင်ပါတယ်”

လည်ပတ်နေတဲ့ သွေးတွေအားလုံး ရပ်တန့်အေးခဲသွားသလိုလို။ ဒါပေမဲ့ ဝတ်မှုံဖြူ ဆိုတာ ပျော့ညံ့ညံ့မိန်းမတစ်ယောက်မှ မဟုတ်တာလေ။ တစ်ပွင့်လုံးပဲ့လို့ ဖွင့်ဖတ်ကလေးတစ်ဖတ်တည်း ကျန်မယ်ဆိုရင်တောင် အံကိုခဲထားဦးမယ့် မဗေဒါ။



www.burmeseclassic.com

www.burmeseclassic.com



"ဒါပမဲ့ မင်းလည်း ကိုယ့်ကို တစ်ခုလောက်တော့ လိုက်လျောရမယ်"

"ဘာလဲ"

"ကိုယ့်ဘဝမှာ မြတ်မြတ်နိုးနိုးနဲ့ တစ်သက်မှာ တစ်ခါပဲ ချစ်ဖူးတဲ့ မိန်းမတစ်ယောက်ကို နမ်းခွင့်ရချင်တယ်။ များများမဟုတ်ပါဘူး၊ နဖူးလေးကိုပဲ တစ်ခါလောက် နမ်းချင်တယ်။ သေရာပါ လက်ဆောင်ပေါ့။ ကိုယ်သေတဲ့အထိ အမှတ်ရနေချင်လို့ Please"

မချစ်လို့ ငြင်းပါတယ်ဆု နဖူးကို နမ်းချင်သတဲ့။ ဘယ်မိန်းမကများ လက်ခံမှာလဲရှင်။

"ဘယ်လိုလဲ ပေးမှာလား ကိုယ်တောင်းတဲ့ လက်ဆောင်ကို"

"ဟင့်အင်း"

သူ မျက်နှာတွေ ပျက်ယွင်းသွားသည်။ သူ သူမကို ငေးမောနေသည်။ နောက်မတွေ့ရတော့မယ့် မျက်နှာလေးကို ရှိသမျှ စက္ကန့်နဲ့အမျှ မက်မက်မောမော ငေးနေသည့် ပုံစံမျိုး။

"ရှင် ကျွန်မကို မနမ်းနဲ့။ ရှင် သိပ်ပြီး သိမ်းထားချင်ရင် မျက်စိမှိတ်"

သူမနှုတ်ထွက်စကားကို အမိန့်တစ်ခုလို သူ့မျက်ဝန်းတွေ အလိုလို ပိတ်သွားသည်။





သူ့နဖူးကို သူမ နှုတ်ခမ်းနွေးနွေးတွေ တစ်စက္ကန့်လောက် ဖျတ်ခနဲ။

သူ့မျက်လုံးတွေ မှိတ်ထားဆဲ။ သူမလည်း လှည့်ထွက်လာလိုက်သည်။ လှည့်မကြည့်ရဲဘူး ချစ်သူ။ ငါ ဆက်ပြီး ဟန်မဆောင်နိုင်တော့ဘူး။

သူ လိုက်မလာပါ။ လှမ်းမခေါ်ပါ။ သူဟာ သူမကို သိပ်နားလည်တဲ့သူပါ။ သူမ သူ့ကို ဘယ်တော့မှ လက်ခံမှာမဟုတ်ဘူးဆိုတာ သူ ကောင်းကောင်း သဘောပေါက်ပါသည်။ ထို့ကြောင့် ကျောခိုင်းသွားသော မြင်ကွင်းကိုလည်း မမြင်ရဲပါ။ အနမ်းတစ်ပွင့်နဲ့ပဲ အဆုံးသတ်လိုက်ပါသည်။

သူမလည်း ငိုမိပါသည်။ ဝဲနေတဲ့ မျက်ရည်တွေကို ဘယ်အရာနဲ့မှ မတားဆီးနိုင်တော့။ သူနဲ့ သူမမှာ သူမက ပိုချစ်ခဲ့သူပါ။ ထို့ကြောင့် နမ်းမယ်ဆိုရင် သူမကပဲ နမ်းခွင့်ရှိသည်။

သူမနှုတ်ခမ်းတွေကို ခပ်ဖွဖွ စမ်းမိသည်။ ထို့နောက် တစ်ရှူးတစ်ရွက်ထုတ်ကာ ခပ်ဖွဖွ သုတ်လိုက်သည်။

သေချာတာက ဒီတစ်ရှူးလေးမှာ သူ့အနမ်းတွေ စွန်းပေသွားပြီ။ ထိုတစ်ရှူးလေးကို ပလတ်စတစ်လောင်းပြီး သူမ ကိုယ်နဲ့မခွာ အမြဲထာဝရ ရှိနေတော့မှာ။

တစ်ရှူးလေးကို အကြိမ်ကြိမ် ရှိုက်နမ်းနေမိတာ သူမရဲ့ အလွမ်းဖြေမှုတစ်ခု သာသာရယ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



တစ်မိုးအောက် တစ်ကမ္ဘာ ဆိုပေမယ့် ကျောခိုင်းထားသူတွေ အဖို့တော့ ဘယ်တော့မှ ဆုံစည်းနိုင်စွမ်း မရှိတော့ပါ။

သူမဟာ ထိုနေ့ညမှာပဲ စင်ကာပူသွားမယ့် လေယာဉ်ကြီးပေါ်မှာ တိမ်တွေကိုငေးလို့ လွမ်းခဲ့သေး။ သူမ တိုက်ခန်းတွေကားတွေလည်း ရောင်းခဲ့ပြီ။

မေမေ့ကိုလည်း ကန်တော့ပြီး နှုတ်ဆက်ခဲ့ပြီ။

"သမီးကို တကယ်သနားရင် လိုက်မရှာပါနဲ့။ သမီး လာချင်ရင် လာခဲ့မယ်"

"သမီး ဘယ်သွားမှာလဲ"

"သမီး အဲဒီမေးခွန်းကိုတောင် မဖြေချင်တော့ဘူး"

❖ ✧ ❖





"သား... မေမေ ပြောစရာရှိလို့"

သူနဲ့မေမေ အပြင်မှာ နေ့လယ်စာစားရင်း စကားပြောကြသည်။ မေမေက ချိန်းတာပါ။

"အပြင်မှာတောင် တကူးတက ခေါ်ပြောတာ ဆိုတော့ ဘာဖြစ်လို့လဲ မေမေ"

"သားအိမ်ထောင်ရေးအတွက် တစ်ခုလောက် အကြံပေးချင်လို့ပါ သား"

"သားအိမ်ထောင်ရေး"

"ဟုတ်တယ် သား။ သား မေကို့ကို သဘောမကျဘူးလား။ ကလေးမလေးက 100% ပြည့်စုံတဲ့သူ။ ပြီးတော့ သားနဲ့ အင်မတန် လိုက်ဖက်တဲ့ သတို့သမီးလေးလို့ မေမေထင်တယ်။ မေမေ မြင်သလောက် ပြောရရင် သူလေးက သားကို သဘောကျပုံပဲ။ သူ့မိဘတွေလည်း ကြည်ကြည်ဖြူဖြူပဲ။ သားဘက်ကပဲ လိုတော့တာ

"မိန်းမ မယူလို့ မရဘူးလား မေမေ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ သား"

"သားချစ်တဲ့ မိန်းကလေးကိုပဲ ယူချင်တယ်။ တကယ်လို့ သားချစ်တဲ့ မိန်းကလေးနဲ့ လက်ထပ်ခွင့်မရရင် လူပျိုကြီး လုပ်ရင် ကောင်းမလားလို့"

"သား ယောက်ျားလေးတွေအတွက် အချစ်မရှားပါဘူးကွာ ပွဲတက်မယားကတော့ ဂုဏ်သရေရှိရှိ တင့်တင့်တယ်တယ် ဖြစ်ဖို့လိုတယ် သား"

"သား နားလည်ပါတယ် ဖေဖေ၊ ဒါပေမဲ့ သားက ပညာ တွေ၊ ငွေတွေကို မိဘမျိုးရိုးတွေကို ဂုဏ်သိက္ခာလို့ မသတ် မှတ်ဘူး။ လူတစ်ယောက်ရဲ့ ဂုဏ်သိက္ခာကို သူ့တစ်ကိုယ် စာ စာရိတ္တနဲ့၊ သူ့တစ်ကိုယ် စိတ်ဓာတ်ကလေးနဲ့ပဲ အတ ဖြတ်ချင်တာ"

"အများကြားထဲမှာနေရင် အများချမှတ်ထားတဲ့မူကို လိုက် နာမှ လိုက်လျောညီထွေဖြစ်တယ် သား"

"ခက်တယ် ဖေဖေ၊ သားကလည်း ချဉ်ချဉ်တူးတူး မူးရင် ပြီးရောဆိုပြီး မိုးခါးရေ မသောက်နိုင်ဘူး"

"သိတာပေါ့၊ ကိုယ်မွေးထားတဲ့ ကိုယ့်သားအကြောင်း။ သားဟာ ငယ်ငယ်ကတည်းက အများနဲ့မတူတဲ့ အယူအဆ တွေ ရှိနေခဲ့တာ။ ဒါပေမဲ့ ကျေးဇူးပြုပြီး ဒီတစ်ခါတော့ ဖေဖေ့စကားကို နားထောင်ပေးပါ သားရာ။ ဘဝတစ်သက်





တာလုံးမှာ ဒီတစ်ခုပဲ ဖေဖေ တောင်းဆိုပါရစေ သားရယ်။ လိုက်လျောပေးပါ။ မေကိုကိုနဲ့ လက်ထပ်ပါ။ ဒါ သားကို မိဘဆိုပြီး အတင်းအကျပ် စီစဉ်နေတာမျိုး မဟုတ်ပါဘူး သား။ ဖေဖေ တောင်းဆိုနေတာပါ"

"ခက်တယ် ဖေဖေ၊ သားက အချစ်မပါပဲ လက်မထပ်ချင် ဘူး။ အဓိက စိတ်ချမ်းသာဖို့ပဲ။ ချစ်သောသူနဲ့ ကွေကွင်း ရတာ သောကဆိုရင် မချစ်မနှစ်သက်သူနဲ့ ဆိုရင်လည်း ပျော်နိုင်မှာ မဟုတ်ဘူး ဖေဖေ။ ဒါပေမဲ့ သားချစ်တဲ့ ကောင်မလေးက သားကို လက်မခံဘူး။ ဒီတော့ သား ဒီတိုင်း တစ်ယောက်တည်းနေရုံပေါ့"

"သားရာ ဖေဖေ့တုန်းကလည်း ချစ်ရတဲ့သူ ရှိခဲ့တာပဲ။ မဖြစ်နိုင်တဲ့အခါ လက်ထပ်သင့်တဲ့ သူကိုပဲ ရွေးခဲ့တာပဲ။ အမှန်တိုင်းပြောရင် ဖေဖေ မင်းမေမေကို မချစ်ခဲ့ဘူး။ ဒါပေမဲ့ ဖေဖေတို့ အိမ်ထောင်ရေး သာယာတာပဲလေ"

"ဖေဖေလည်း ဖေဖေကြိုက်သလို ဆုံးဖြတ်ခဲ့တာပဲ။ သား လည်း သားစိတ်ကြိုက်ပဲ ဆုံးဖြတ်ခွင့်ပေးပါ ဖေဖေ။ သား သူကလွဲရင် လက်မထပ်နိုင်ဘူး"

"သူက သားကို ဘာလို့ငြင်းတာလဲ"

"ဟင်း ဟင်း… ရယ်စရာတော့ ကောင်းတယ် ဖေဖေ။ သားတို့အသိုင်းအဝိုင်းက လူတွေက ရွှေငွေပညာဂုဏ်တွေ



www.burmeseclassic.com

www.burmeseclassic.com



မက်မောနေကြချိန်မှာ သူက သားကို ချမ်းသာလို့ မကြိုက်တာတဲ့"

"ဟင်"

"သူက သူဌေးတွေကို မုန်းတယ်တဲ့"

"ဩော်"

ဦးထင်စိုးထည် စိတ်မကောင်း ဖြစ်သွားမိသည်။ ကလေးတွေခများ မြေဇာပင် ဖြစ်သွားခဲ့သည်ပဲ။

"ဖေဖေ ဘာပြောရမှန်းတောင် မသိတော့ပါဘူး သားရယ်"

ရင်ထဲမှာတော့ သားချစ်နိုင်တဲ့သူ နောက်တစ်ယောက် ထပ်တွေ့ပါစေဟု ကိုယ့်သားအတွက်ပဲ အတွကြီးစွာ ဆုတောင်းလိုက်မိလေသလား။

❖ ✧ ❖





"ခေါက်... ခေါက်"

"သားရေ"

"ဟုတ် မေမေ၊ ဝင်ခဲ့ပါ"

မိသားစုဆိုပေမယ့် အခန်းတံခါးလေးခေါက်၊ အသံလေးပြုပြီးမှ ဝင်တာ ယဥ်ကျေးမှုပါ။

သူ့အိပ်ခန်းထဲမှာ ဆိုဖာဆက်တီနဲ့ မှန်စားပွဲတွေရှိပြီးသား။ ထိုထိုင်ခုံတွေမှာ မေမေက ဝင်ထိုင်သည်။ မေမေ့လက်ထဲမှာ သောက်လက်စ ဝိုင်တစ်ခွက်နဲ့။

"သားလေး... အိမ်ထောင်ပြုဖို့ မစဥ်းစားသေးဘူးလား"

တိုက်ဆိုင်လိုက်တာများ နေ့လယ်ကတင် ဖေဖေက မေကို့ကို လက်ထပ်ဖို့ တိုက်တွန်းသည်။ အခုတစ်ခါ မေမေက အိမ်ထောင်ရေးအကြောင်း စကားစပြန်ပြီ။ ဖေဖေနဲ့ မေမေ တိုင်ပင်ထားကြလေသလား။

"မေကိုနဲ့ လက်ထပ်ခိုင်းမလို့လား မေမေ။ မနက်ကလည်း ဖေဖေ သားကို ပြောသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား"

"ဘိုးဘိုးက သားအိမ်ထောင်ရေးကို လွတ်လပ်စွာ ဆုံးဖြတ်ခွင့် ပေးထားတယ်။ ဖေဖေနဲ့ မေမေက ဘာလို့ သားကို ဖိအားပေးနေတာလဲ"

"ဟုတ်ပါတယ်၊ သားကို မေမေတို့ လွတ်လပ်ခွင့်ပေးထားပါတယ်။ ဒါပေမဲ့ သားက သာမန်အတိုင်း တွေးတတ်ခဲ့သူ မဟုတ်ဘူးဆိုတာကို မေမေတို့ မေ့သွားတယ်။ သားဟာ မေကိုကိုကျော်ပြီး သာမန်ပန်းချီဆရာမ တစ်ယောက်ဆီမှာ ကျဆုံးလိမ့်မယ်လို့ မထင်ခဲ့မိဘူး။ အဲဒီအတွက် သားကို အခွင့်အရေးပေးမိတာကို မေမေ နောင်တရမဆုံးဘူး"

"ဟုတ်ပါတယ်၊ သာမန်ပါပဲ။ ဒါပေမဲ့ သူ သားကိုလက်မခံပါဘူး မေမေ"

"သေချာတာပေါ့၊ သူ သားကို ဘယ်လက်ခံရဲမှာလဲ"

"မေမေ ဘာကို ဆိုလိုချင်တာလဲ"

"ထားလိုက်ပါ။ သားကို လက်မခံတဲ့အတွက် မေမေ သူ့ကို ကျေးဇူးတင်နေတာ"

"မေမေတို့ကြားမှာ တစ်ခုခုတော့ ရှိတယ် ထင်တယ်။ သူကလည်း သူဌေးတွေကို သိပ်မုန်းတာတဲ့"

"သူဌေး မုန်းတယ်။ ဟင်း ဟင်း... သား နားကြားများ မှားသလား သားရယ်။ သူတို့က သူဌေးမုန်းတဲ့ သူတွေ မဟုတ်ဘူး သားရဲ့။ သူဌေးမက်တဲ့သူတွေ။ ဟင်း ဟင်း ဟင်း။ ဒီပုံအတိုင်းဆို ငါ့သားပါ ပါတော့မယ်"





"သူက သားကို ငြင်းတာပါ မေမေ။ သားက ပါချင်ရင်တောင် သူက လက်မခံပါဘူး"

"ဒါက သူတို့ရဲ့မဟာဗျူဟာတွေလေ၊ သား၊ လျှော့လိုက် တင်းလိုက်နဲ့ မင်းကို အမိအရ မျှားတော့မှာ"

"မေမေ သူ့ကို သိနေတယ်ပေါ့"

"သူ့အမေက သူဌေးတစ်ယောက်ရဲ့ တိတ်တိတ်ပုန်းလေ သားရဲ့။ ပုန်းတာတောင် ကြာရှည်မပုန်းရမှာစိုးလို့ အဲဒီ သူဌေးနဲ့ ကလေးတစ်ယောက် မွေးထားသေးတာ"

"မေမေ စုံစမ်းထားတာလား"

မေမေ သူ့မေးခွန်းကို ပြန်မဖြေပါ။ သူမ ပြောချင်တာပဲ ဆက်ပြောသည်။

"အဲလိုမိန်းကလေးမျိုးနဲ့ သားကို မေမေ ဘယ်လိုသဘောတူရမလဲ။ ချွေးမအဖြစ် ဘယ်လိုပွဲထုတ်ရမလဲ။ သူတို့မှာ ဘာအကြံအစည်တွေရှိမှန်း မသိဘူးလေ။ အဲတော့ သားကို မေမေ စိတ်မချတော့ဘူး သား။ မေကိုကို့ကို လက်ထပ်ပါ။ ချစ်တာတွေ မေတ္တာတွေ မေမေ့ကို မပြောပါနဲ့ သားရယ်။ မေမေ တောင်းပန်ပါတယ်။ မေမေ့စကား နားထောင်ပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



"သူ့ သားကို လက်မခံပါဘူး မေမေရယ်။ စိတ်ချနေပါ။ သားကို မေကိုနဲ့ ယူဖို့လည်း မတိုက်တွန်းပါနဲ့ မေမေရယ်။ မချစ်မနှစ်သက်သောသူနဲ့ အတူနေရတာလည်း ဒုက္ခတစ်မျိုးပါပဲ"

"ဟုတ်တယ်။ မချစ်မနှစ်သက်သောသူ ဆိုတာလေ ရန်သူမျိုးငါးပါးထဲတောင် ပါသေးတာ။ မချစ်ဘဲ အောင့်နမ်းရတာလောက် ခါးတာမရှိဘူး။ ထားပါလေ။ သား သူ့ကို ဘယ်တော့မှ လက်မထပ်ပါဘူးဆိုတဲ့ ကတိ"

"သူ့ သားကို လက်မခံတာ သေချာပါတယ် မေမေ"

"မေမေက သားဆီက ကတိပဲ လိုချင်တာ"

"သား မပေးနိုင်ဘူး မေမေ။ သူသာ လက်ခံမယ်ဆိုရင်"

"မရဘူး။ သူ့ လက်ကိုမခံရဘူး။ no... no... no... မဖြစ်နိုင်ဘူး။ မေကိုကို,ကို လက်ထပ်ပါ သားရယ်။ မေမေ အဲဒါမှ စိတ်အေးရမှာ။ နောက်ဆုံး ကုန်ကုန်ပြောမယ်။ သူကလွဲရင် ဘယ်သူနဲ့ဖြစ်ဖြစ် သဘောတူတယ်။ သူနဲ့တော့ မဖြစ်နိုင်ဘူး သား"

မေမေက ဝိုင်ခွက်ကို မော့လိုက်ရင်း စိတ်ကို တည်ငြိမ်အောင် ထိန်းနေပုံပဲ။

"သား"

"ဗျာ"





"မင်းမှာ ညီမလေးတစ်ယောက် ရှိသေးတယ်။ ဒါပေမဲ့ မေမေမွေးထားတာတော့ မဟုတ်ဘူး"

"ဗျာ"

ထိုစကားလုံးတွေကို ခံစားချက်မရှိသော မျက်နှာပေးမျိုးနဲ့ မေမေ ပြောနေတာပါ။

"မေမေ မပြောချင်ပါဘူး။ နှစ်ပေါင်းများစွာ မျိုသိပ်ထားခဲ့တာပါ။ အဟင်း ဟင်း... သားရယ်။ အကြီးနဲ့ အငယ် ဘယ်လို ခမည်းခမက် တော်ရမလဲ။ မေမေ့ရင်ကို သားကပါ ထပ်မခွဲပါနဲ့ သားရယ်။ နာလွန်းလို့ပါ"

"ဗျာ"

"မင်းရဲ့ဖအေတူ မအေကွဲ ညီမဟာ သူ့ရဲ့ မအေတူ ဖအေကွဲညီမပဲ။ ဒီလောက်ဆို ငါ့သား ဘာလုပ်သင့်လဲ ဆိုတာ သဘောပေါက်ကောင်းပါရဲ့"

ကမ္ဘာကြီးတစ်ခုလုံး ချာချာလည်သွား၏။

❖ ✧ ❖



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပါတယ်။ သူ အရမ်းကို အံ့ဩသွားပါတယ်။ လုံးဝမထင်မှတ်ထားသော ရှုထောင့်တစ်ခု။ သို့သော် ထိုရှုထောင့်သည် သူ့ကို အလဲထိုး အနိုင်ယူသွားခဲ့ပြီ။ သူ့အဖေနဲ့ သူမအမေ။ ပြီးတော့ သူမညီမလေးဆိုတာ သူ့ညီမလေးပဲတဲ့။

ရိုက်ချက်က ပြင်းလွန်းလို့ အောင့်သွားသည်။ သူမ ငြင်းခဲ့တာပါ။ ဒါပေမဲ့ သူ့ရင်မှာ မျှော်လင့်မိတုန်း။ တစ်ခါတစ်ရံ သူမထံမှာ သံယောဇဉ်ရိပ်တွေ တွေ့မိလို့လေ။

ခုတော့ သံယောဇဉ်ရှိချင်ရင်တောင် ရှိခွင့်မရှိတော့။

ရက်စက်လိုက်တာ ကံကြမ္မာကြီးရယ်။ သူ့ကမ္ဘာကြီး အိုးထိန်းစက်ပမာ ချာချာလည်နေပါပြီ။

သူမ ဘာလို့ သူ့ငွေတွေကိုမုန်းသလဲ။ သူ ကောင်းကောင်း သဘောပေါက်ပါသည်။ ဒီအမေရဲ့သမီး ဆိုပေမယ့် သူမမှာ သူမမိခင်ရဲ့သွေး လုံးဝမပါ။ သူမဟာ အဖေတူသမီး။ ဂုဏ်သိက္ခာရှိသော မိန်းမတစ်ယောက်ပါ။ ခုတော့ မိဘတွေရဲ့ များယွင်းမှုကြီးက သူနဲ့ သူမကို စည်းခြားပြီ။





လောကကြီးရယ် ကျီစားရက်လေခြင်း။ ရင်ဘတ်ထုပြီး အော်ရမလား။ တကယ်ကို သူမကလေးက သိပ်ကိုသနားရော ကောင်းပါသည်။ သူ့စိတ်ထဲမှာ သူမမိခင်ကို ရိုးရိုးနောက်အိမ်ထောင်ပြုထားတယ် ထင်တာ။ ခုတော့ကွာ။ ပြီးတော့ ဒီကိစ္စတွေကို သူမ ကြိုသိခဲ့ပုံပဲ။ ထို့ကြောင့် သူ့ကို လက်မခံတာပါ။

သူ သူမတိုက်ခန်းကို အပြေးသွားမိတော့ သူမတိုက်ခန်းမှာ ပြန်ဝယ်ထားတဲ့သူတွေ နေနေပြီ။ သူသိသော သူမဖုန်းနံပါတ်တွေ စက်ပိတ်ထားပြီး သူမကားကိုလည်း ရောင်းလိုက်ပြီတဲ့။ သူမ သူ့ကို ခြေရာပါ ဖျောက်သွားပြီ။ သေချာတာက သူမ သူ့ဆီက ထွက်ပြေးသွားတာပါ။ ဒါဆို သူ့ကို မချစ်ဘူးဆိုတာ သူမရဲ့သဘောထားအမှန် ဖြစ်နိုင်ပါ့မလား။

ဆွေမရှိ မျိုးမရှိလေး။ အမေရှိရက်နဲ့ မိဘမဲ့နေသူလေး။ နေမကောင်းရင်တောင် အဖော်မရှိသူလေး။ ဘယ်ဆီမှာများ ဒုက္ခများနေမလဲ။ သူ့ရင်ထဲမှာ သူမအပေါ် ကရုဏာမိုးတွေ။

ဖေဖေ့ဆီမှာ မေးရင်လည်း ပြောမှာမဟုတ်။ သူမမိခင်ရဲ့ဖုန်းနံပါတ်ကို စုံစမ်းရတာ မခက်ပါ။ ဖေဖေနဲ့ ပတ်သက်နေတော့ စုံစမ်းရလွယ်သည်။

"ဟယ်လို"

"ကျွန်တော် အာကာစိုးထည်ပါ"

"ပြောပါကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဝတ်မှုံဖြူကို ဆက်သွယ်ချင်လို့ပါ"

"အန်တီတောင် သူနဲ့ ဘယ်လိုဆက်သွယ်ရမလဲ မသိပါဘူးကွယ်။ တကယ် ပြောတာပါ။ အန်တီ တောင်းပန်ပါတယ်။ အရာရာတိုင်း အတွက်ပေါ့"

သူ နားမထောင်ချင်၍ ဖုန်းချပစ်လိုက်သည်။ မင်းကို ဘယ်လိုက်ရှာရပါ့ကွာ။

❖ ✧ ❖





လုပ်ချင်တာနဲ့ လုပ်သင့်တာတဲ့။

အသက်မွေးဝမ်းကျောင်းပညာနဲ့ ဝါသနာတဲ့။ ဥာဏ်အရည်အသွေး မြင့်မားထက်မြက်လေ အမှန်တရားကို ပိုပြီးသိမြင်လေပဲလေ။

လုပ်သင့်တာကို သိဖို့မလိုသလို မလုပ်သင့်တာကို သိဖို့လည်း လိုအပ်တယ်။

စင်ကာပူမှာ ပန်းချီနဲ့ပတ်သက်တဲ့ ပညာရပ်တွေ ဆက်သင်ယူတယ်။ လေ့လာတယ်။ အချိန်ပိုင်း အလုပ်လည်းလုပ်တယ်။

ဘဝကို ပင်ပန်းခက်ခဲစွာ ရပ်တည်ခဲ့ရတယ်။ ရှိနေသေးတဲ့ အမေ့ရင်ခွင်ကို လုံးဝမတမ်းတမိပေမယ် ဖေဖေသာရှိရင်ဟု မကြာခဏ သတိရနေမိသည်။ သူဆိုတာက သတိမရကောင်းသောအရာ။ မေ့ဖို့ကြိုးစားလေ ပိုသတိရလေပဲ။ သူ့ကို သတိရလေ မေ့ပစ်ချင်လေ။ မေ့ပစ်ချင်လေ ပိုသတိရလေပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့ စိတ်ကို အနားမပေးဘဲ အလုပ်နဲ့ သင်ယူလေလာမှုထဲမှာ နှစ်မြှုပ်ထားလိုက်သည်။

ပန်းချီပညာနဲ့ပဲ အသက်မွေးဝမ်းကျောင်း ပြုချင်သူမို့ ဒီဇိုင်းပညာပါ ထပ်သင်။ ဒီဇိုင်းပညာရပ်နဲ့က အလုပ်ရှာရတာ လွယ်တယ်လေ။ စင်ကာပူမှာနေရင် အင်္ဂလိပ်စကားပြောလည်း ကျွမ်းကျင်မှ ရမှာမို့ လေ့လာသင်ယူနေရပြန်သည်။ တကယ်ပါလေ။ ရပ်တည်မှုဟာ နေ့ရက်တိုင်းမှာ ပင်ပန်းဆင်းရဲရပါသည်။

ဒါတောင် မေမေက ဦးထင်စိုးထည်နဲ့ ပတ်သက်ခဲ့တာ သူမအတွက်ဆိုပဲ။ သူကတော့ ရုတ်တရက် ပျောက်သွားတဲ့ သူမကို ဘယ်လိုများ လိုက်ရှာနေမလဲ။

ခြေရာပျောက်သွားမှန်း သိလောက်ရောပေါ့။

သူကတော့ သူမလို လူပင်ပန်းမှာ မဟုတ်ပါဘူး။ ဒါပေမဲ့ နှလုံးသားတွေ နာကျင်နေရှာရောပေါ့။

ဒါပေမဲ့ သူက ဘာတစ်ခုမှ မသိထားတော့ ခံစားရသက်သာမှာပါ။ သူမ မချစ်နိုင်လို့ ရှောင်သွားတယ်ဟုပဲ ထင်မှာပါ။

သူ့အဖေနဲ့ သူမအမေရဲ့ ပတ်သက်မှုဟာ သူ့ဘက်ကကြည့်ရင် ရွံရှာစရာ အထင်အမြင်သေးစရာပါ။ သူမဘက်ကတော့ သိမ်ငယ်ရက်ရွံ့မဆုံးပေါ့လေ။





ကိုယ်တိုင်မပြုသော အမှားအယွင်းတို့ရဲ့ ဒဏ်ကို ခံစားရတာကို ဝဋ်ကြွေးဟု ခေါ်သတဲ့။ ဒါဆို သူမဝဋ်ကြွေးတော်တော်ကြီးခဲ့ပုံပဲ။ ဘုရားရှိခိုးတိုင်း ဆုတောင်းမိပါရဲ့။ ဝဋ်ကြွေးရှိရင် ပြေပါစေလို့။

မွေးကတည်းက နဖူးမှာ စာမပါခဲ့လေသလား။ နှလုံးလမ်းကြောင်းပဲ ကျွန်းကြီးကြီး ခံနေခဲ့သလား။

အနုပညာသမား နှလုံးသားအခံကကို နနယ်သူမို့ ရင်ထဲမှာ တစ်စစီ ကြေကွဲရပြီလေ။

❖ ✧ ❖



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့ သူ မေကို့ကို လက်ထပ်ဖို့ ဆုံးဖြတ်ခဲ့ပါသည်။

သူ လက်မထပ်သေးသရွေ့ သူမ ပုန်းနေမှာကို သူ သိနေခဲ့လို့ပါ။

သူမစိတ်ကို နားလည်နေလို့ပါ။ သူမ ဘယ်လောက်တောင် စိတ်ပင်ပန်းနေရှာမလဲ။

သူ မေကိုကို့ကို လက်ထပ်ခွင့်တောင်းရင် ချက်ချင်း ခေါင်းညိတ်မယ်ဆိုတာ သေချာနေခဲ့ပါသည်။

ဒါပေမဲ့ ရင်ထဲတော့ မကောင်းပါ။ သူမ သူ့ကို ရိုးရိုးသားသား ငြင်းတယ်ဆိုရင်တောင် သူ လွတ်လွတ်လပ်လပ် အသည်းကွဲလို့ ရသေးသည်။ ခုက ထိုသို့မရိုးရှင်း။

အခြေအနေတွေက ရှုပ်ထွေးသွားပြီ။ သူ လက်ထပ်လိုက်မှ အားလုံး စိတ်သက်သာရတော့မည်။

“ကိုကိုပါလား... လာလေ”





မေကိုကို့ ရုံးခန်းမှာ ညနေ ရုံးဆင်းချိန်လောက် သွားတွေ့မိသည်။ လက်ထပ်ခွင့်တောင်းဖို့အတွက် အပြင်မှာချိန်းရမှာ၊ လာခိုင်းရမှာကို သူ အားနာသဖြင့် သူမရှိရာ သွားတွေ့ခြင်းပါ။

မေကိုကိုက သူ ရောက်လာတာကို အံ့ဩနေခဲ့သည်။

“မေကို ဒီညနေ အားလား”

“အားလား မေးရင်တော့ ဘယ်တော့မှကို မအားတာ ကိုကိုရေ။ သိတဲ့အတိုင်းပဲ။ ကိုယ့်ဘာသာ အားလိုက်မှပဲ။ အားတော့မှာ။ ဘာကိစ္စရှိလို့လဲ ကိုကို”

“ကိုကို ဒင်နာကျွေးချင်လို့”

“ထူးထူးဆန်းဆန်း ဘာအတွက်လဲ”

“မေကိုနဲ့ ဒင်နာ အတူစားချင်လို့ပေါ့”

“ဝါး... ထူးထူးဆန်းဆန်း ပင်လယ်ထဲမှာ ကြာပန်းလာ ပွင့်နေပါလား”

“ဟား ဟား... ကဲ... အားလား... ပြော”

“ဒီလိုဝါးတီးကို လက်လွှတ်ခံလို့ ဘယ်ဖြစ်မလဲ”

“ဒါဆို သွားစို့”

“ကားမမောင်းချင်လို့ ကိုကို့ကားနဲ့ လိုက်ခဲ့မယ်၊ ရမလား”

“ဒရိုင်ဘာရော”

“ခွင့်ယူသွားလို့”



www.burmeseclassic.com

www.burmeseclassic.com



"အိုကေ"

မချစ်မနှစ်သက်သောသူတဲ့။ မေကိုကို့ကို မချစ်တာ တော့မဟုတ်။ ညီမတစ်ယောက်လို သူငယ်ချင်းတစ်ယောက်လို တော့ ချစ်ခင်ပါသည်။ နှစ်လည်း နှစ်သက်ပါသည်။ ချစ်သူလို သာ မချစ်နိုင်တာပါလေ။ ထို့ကြောင့် သူမနဲ့ လက်ထပ်ခြင်းဟာ သိပ်တော့ စိတ်ပင်ပန်းမှာ မဟုတ်ပါဘူးလေ။

သူဟာ မေကိုကို့ကို ချီးမြှင့်သောအားဖြင့် သူ့ရဲ့ လက်ထပ်ခွင့်တောင်းဆိုပွဲအား ခမ်းနားစွာ ပြင်ဆင်ထားခဲ့ပါသည်။

သူမကို propose လုပ်ဖို့အတွက် ဟိုတယ်မှာ အခန်းကျယ်တစ်ခန်း ယူထားသည်။ တစ်ခန်းလုံးမှာ နှင်းဆီပန်း တွေ အရောင်စုံ အပြည့်ခင်းထားသည်။ တစ်ခန်းလုံး ပန်းနုရောင် နဲ့ အဖြူရောင် မိုးပျံပူဖောင်းတွေနဲ့ အလှဆင်ထားသည်။ အခန်း ထောင့်မှာ တယောနဲ့ချဲ့မယ့် တီးဝိုင်းကလည်း အဆင်သင့်။ ခန်းမ အလယ်တည့်တည့်က ဖြူလွှနေအောင် ပြင်ဆင်ထားတဲ့ စားပွဲပေါ်မှာ ပန်းနုရောင် အသည်းပုံအိတ်ကလေးရယ်၊ ပန်းစည်း တစ်စည်းရယ်၊ ဝိုင်နှစ်ခွက်ရယ်၊ candle light လေးရယ်။

သူမအတွက် စိန်ကို အသည်းပုံသွေးထားတဲ့ တန် ဖိုးကြီး အရည်အသွေးမြင့် စိန်လက်စွပ်တစ်ကွင်း။

အပိုင်ကွင်းတစ်ခုမှာ ကန်ဖို့ပြင်ဆင်ထားတာတွေပါ။ တစ်ခုပဲ သူမကို လက်ထပ်ခွင့် တောင်းတဲ့အခါ အချစ်တော့





ပါမှာ မဟုတ်။ ထို့အတွက်လည်း ဒူးထောက်တောင်းဆိုတာမျိုး တော့ လုပ်မှာမဟုတ်ပါ။

ဝတ်မှုံဖြူ ရှေ့မှာ ဒူးထောက်ချင်ပေမယ့် မေကိုကို ရှေ့မှာတော့ ဒူးထောက်မိမှာ မဟုတ်ပါ။ အဲဒါ သူ့ရဲ့အတ္တလို့ ခေါ်မှာလား။

သူတို့ အခန်းရှေ့ ရောက်တာနဲ့ အခန်းထဲက candle light တွေ လင်းလာမှာပါ။

တံခါးဖွင့်ပြီး ဝင်လိုက်တာနဲ့ သာယာငြိမ့်ညောင်း သော တီးလုံးသံ။ သူမရဲ့ဖိနပ်ဒေါက်ချွန်ချွန်တွေအောက်မှာ နှင်းဆီ ပွင့်ဖတ်လေးတွေ ပြားချပ်ကြွေမွ ဒဏ်ရာရသွားသည်။

အချစ်တေးသွား ငြိမ့်ငြိမ့်လေးအောက်မှာ ချောနေ တဲ့သူမ၊ သူမဖိနပ်အောက်က နှင်းဆီတွေကို မစာနာအားသေး။

"ကိုကို"

"မေကို့ကို ကိုကို လက်ထပ်ပါရစေ"

သူမ ခဏတုံ့သွားသည်။ ပြုံးနေတဲ့ မျက်နှာကလေး ယောင်ယောင်ကလေး တည်သွားသည်။ မသိမသာကလေးပါ။

"လက်ထပ်ပါရစေ"

သူမ ဘာကိုဆိုလိုချင်တယ် ဆိုတာ သိပေမယ့် မသိချင်ယောင်ဆောင်ကာ သူမလက်ကိုဆွဲပြီး စားပွဲဆီခေါ်လိုက် သည်။ စားပွဲမှာ ထိုင်ခိုင်းလိုက်သည်။ သူလည်းထိုင်ပြီး ပန်းစည်း



www.burmeseclassic.com

www.burmeseclassic.com



ထဲက လက်စွပ်ဘူးလေးကိုထုတ်ကာ ဘူးလေးဖွင့်ပြီး သူမကို ကမ်းပေးလိုက်သည်။

"ကိုကို"

တယောသံက ပိုပို၍ရွဲလာသည်။ အခြေအနေတွေက တွန်းပို့နေသည်။

သူမမျက်ရည်တွေ ဝဲနေသလား။ သေချာတာတော့ နှုတ်ခမ်းတွေကို လက်ချောင်းလေးတွေနဲ့အုပ်ပြီး အံ့အားတသင့် ဖြစ်နေတာမျိုးတော့ မရှိပါ။

ဒါကလည်း သူက ချစ်ခွင့်တောင်းတာ မဟုတ်ဘဲ လက်ထပ်ခွင့် ကျော်တောင်းနေလို့ ဖြစ်နိုင်ပါသည်။

"ကိုကို စီစဉ်ထားတာ ပြည့်စုံပါတယ် ကိုကို။ ဒါပေမဲ့ အဓိကတစ်ခု လိုနေသလို ခံစားရတယ်။ ကိုကို မေ့နေတာ တော့ မဟုတ်လောက်ပါဘူး"

မေကိုကိုပဲလေ။ ခပ်ထက်ထက် မိန်းမတွေဟာ follow လိုက်ရတာကို သိပ်မနှစ်သက်ကြ။

အာကာစိုးထည် အခက်တွေ့သွားသည်။ သူ သူမ ကို ချစ်တယ်လို့ မပြောချင်။ ဒါပေမဲ့ မပြောဘဲ ဘယ်မိန်းမက လက်ခံမှာလဲ။ မေကိုကိုက ခပ်ပွဲပွဲ မိန်းမမှ မဟုတ်တာ။ သူ ဘာ လုပ်ရမလဲ။ ခု အခြေအနေမှာ သူမကို မချစ်ဘူးလို့ တင်းခံနေ လိုက်ရင် သူမကို စော်ကားရာ ကျမှာပေါ့။ ဒီလောက် တခမ်း တနားကြီး ပြင်ဆင်ထားပြီးမှလေ။





"ကိုကို မေကို့ကို ချစ်တယ်"

ထိုစကားမှာ သူ့ကိုယ်သူ တော်တော်ရှုံသွားသည်။ သူဟာ သာမန်ယောကျ်ားတွေလိုပဲ အချစ်ကို သစ္စာဖောက်မိပြီ။ သူ ယောကျ်ားကောင်း ယောကျ်ားမြတ် မဟုတ်။ သူက အချစ်ကို လိမ်ညာတဲ့သူ။

မေကိုကိုက ပြုံးသွားသည်။ ပြီးတော့ သူမရဲ့လက် ချောင်းကလေးတွေကို ကမ်းပေးသည်။ အသည်းပုံ စိန်လက်စွပ် ကလေးကို ကိုင်ထားတဲ့ သူ့လက်တွေကို မတုန်အောင် မနည်း သတိထားနေရသည်။ အချစ်ကို သစ္စာဖောက်မိ၍ သူ တစ်သက်လုံး စိတ်ဆင်းရဲရတော့မယ်။

❖ ✧ ❖



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာပွဲအတွက် စီစဉ်ရတိုင်း သူ့ စိတ်ဆန္ဒင်းရဲလွန်းလှသည်။

မေကိုကိုကတော့ ပျော်နေလေရဲ့။ နှစ်ဖက်မိဘအသိုင်းအဝိုင်းကလည်း ကြည်နူးပီတိတွေ ဖြာဖြာလင်းလို့။

"မေမေ"

"ပြောလေ သား"

"ကျေးဇူးပြုပြီး မင်္ဂလာပွဲအတွက် လိုလေသေးမရှိ စီစဉ်ပေးပါ။ သား ဒါတွေလုပ်ရတာ ပင်ပန်းလွန်းလို့။ မေမေနဲ့ မေကို ညှိပြီး စီစဉ်လိုက်ပါနော်"

"အိုခေ သား။ သားလေး မေကိုလေးနဲ့ လက်ထပ်ပေးတာကိုပဲ မေမေ ကျေးဇူးတင်လှပြီ သားရယ်။ သား စိတ်ပင်ပန်းနေမယ်ဆိုတာ မေမေ သိပါတယ်။ ဘာမှ စိတ်မပူနဲ့ မေမေ အားလုံးကြည့်စီစဉ်လိုက်မယ် သား။ မေကိုလေး ကျေနပ်အောင် သူ့စိတ်ကြိုက် စီစဉ်ပေးလိုက်မယ်နော် သားလေး"





"ဟုတ်ကဲ့... ကျေးဇူးပါ မေမေ"

"မေမေက ကျေးဇူးတင်တာပါ သားရယ်"

ဂုဏ်ပကာသန ထည်ဝါသူတို့ ထုံးစံအတိုင်း စေ့စပ်ပွဲကစပြီး ပွဲတွေ လေး,ငါးပွဲ စီစဉ်ထားတာမို့ စီစဉ်စရာတွေများလွန်းလို့ wedding planner ကိုပဲ အပ်ထားပေမယ့် ကာယကံရှင်တွေလည်း အလုပ်တော့ ရှုပ်တာပဲလေ။

တစ်သက်တာမှာ တစ်မင်္ဂလာဆိုပြီး တတ်နိုင်ရင်တတ်နိုင်သလောက် ကြီးကြီးကျယ်ကျယ်ပေမယ့် အချစ်မှမပါရင် ဘယ်လောက်ပဲ ထည်ဝါခမ်းနားပါစေ။ ပျော်စရာမကောင်းတဲ့အပြင် စိတ်တောင် ညစ်ရပါသေးသည်။

မေကိုကတော့ ပျော်နေပုံပါပဲ။ သူကလွဲရင် အားလုံးပျော်နေကြတာပါလေ။ ဘိုးဘိုးဆို တစ်ချိန်လုံး ပြုံးလို့။ ဖေဖေကလည်း သူ့မင်္ဂလာပွဲအတွက် အားတက်သရော ဝိုင်းကူပေးနေသည်။ မေမေ ဆိုတာကတော့ မေကိုပြီးရင် အပျော်ဆုံးလူပဲပေါ့။

မေကိုတို့ဘက်ကလည်း ကျေနပ်ပီတိဖြာနေသည်။ နှစ်ဦးနှစ်ဖက် သဘောတူ ကြည်ဖြူပြီး ကျက်သရေမင်္ဂလာအပေါင်းနဲ့ ခညောင်းလှတဲ့ပွဲ။

သူ့ရင်ထဲမှာတော့ ထုံနေသည်။ ဘာခံစားချက်မှ မရှိ။ နှလုံးသားမဲ့နေသော စက်ရုပ်လူသား။ ခံစားချက်မရှိပေမယ့် လုပ်စရာရှိတာကိုတော့ ပုံမှန်လုပ်သည်။ လုပ်ချင်တာကို လုပ်သင့်



www.burmeseclassic.com

www.burmeseclassic.com



တာကို ခွဲခြားသိပြီး လုပ်သင့်တာကို လုပ်လိုက်ရတဲ့အချိန်မှာ လုပ်ချင်တာကိုတော့ ရင်ထဲမှာ အိပ်မက်ကလေးတစ်ခုအဖြစ်နဲ့သာ ထာဝရ သိမ်းဆည်းထားလိုက်တော့မှာပါ။

အဲဒီအတွက် သူငိုနေသလို သူ့အိပ်မက်တစ်ခြမ်း ဖြစ်တဲ့ သူမလည်း ငိုနေရှာမှာပဲ။ ပြီးရင် သူမ သူတို့မိသားစုကို ပိုမုန်းနေဦးမယ်။ သူ့ခြွေးတွေကို ပိုမုန်းနေဦးမှာ။ သူကတော့ သူမမုန်းတဲ့ ဥယျာဉ်ထဲမှာ သီးပွင့်ရဦးမယ်။

❖ ✧ ❖





စေ့စပ်ပွဲကို ခမ်းနားကြီးကျယ်စွာ ကျင်းပသည်။ သူငယ်ချင်း အပေါင်းအသင်းတွေကလည်း ပျော်ရွှင်အားကျနေကြသည်။ စိန်ရောင်တွေ တဖိတ်ဖိတ် တလက်လက် တောက်နေတဲ့ အပြုံးတွေကို ဒီတစ်ခါတော့ တော်တော်မွန်းကျပ်နေမိသည်။

မွန်းကျပ်လွန်းလို့ လူက မလန်းဆန်းချင်။

"မေကို ခဏလေးနော်၊ ကိုကို Toilet ခဏသွားချင်လို့"

"အွန်... ကိုကိုကတော့ လုပ်ပြီ။ စောစောစီးစီး ကိစ္စရှင်း မထားဘူး။ ခဏအောင့်ထား ကိုကိုရာ"

သက်ပြင်းပဲ ချလိုက်မိသည်။ ဒါပဲလေ။ တစ်စုံတစ်ယောက်နဲ့ ပတ်သက်မိပြီဆိုရင် ကိုယ့်ရဲ့လွတ်လပ်ခွင့်တွေလည်း တစ်စိတ်တစ်ပိုင်း ဆုံးရှုံးရတတ်တယ်။

ဟန်ဆောင်ပြုံးဖို့ မနည်းကြိုးစားထားရသည်။ ပွဲပြီးမှပဲ နည်းနည်း စိတ်သက်သာသွားသည်။

"ကိုကို ဒီနေ့ မေကို လှရဲ့လားဟင်"



www.burmeseclassic.com

www.burmeseclassic.com



ထိုင်းက အလှဖန်တီးရှင်ကိုတောင် တကူးတက ခေါ်လိမ်းထားတာ မလှဘဲနေပါ့မလား။ လှတာပေါ့။ ဒါပေမဲ့ သူကတော့ မိတ်ကပ်မလိမ်းထားတဲ့၊ မေကိုလောက် မလှတဲ့ မျက်နှာလေးကိုပဲ သတိတရ။

“ကိုကို... မေကို လှလားလို့”

“အင်း... လှပါတယ်”

“ကိုကိုလည်း အေးစက်စက်ကြီး”

“ကိုကိုက မေကို့အလှမှာ မျောသွားလို့ပါကွာ”

“ကျေနပ်တယ်”

သူ့လက်မောင်းကို မှီခိုဖက်တွယ်လာတဲ့ အပြုံးတစ်စကို ကြင်နာယုယဖို့ ကြိုးစားအားထုတ်ရတာ ပင်ပန်းလိုက်တာ။

နောက်တစ်နေ့မှာ သတင်းစာမှာ စေ့စပ်ကြောင်း လမ်းသတင်းတစ်ပုဒ် ကော်လံခပ်ကြီးကြီးနဲ့ ပါလာခဲ့သည်။

ထိုသတင်းစာဟာ နောက်တစ်နေ့မှာပဲ ဝတ်မှုံဖြူဆီ လေယာဉ်နဲ့ ရောက်ရှိသွားပါသည်။

ခမ်းနားမှုတွေ သရဖူဆောင်းထားတဲ့ ဗီဒီယိုမြင်ကွင်းတစ်ခုနဲ့အတူပေါ့။

သူတို့ရဲ့စေ့စပ်ပွဲကိုကြည့်ပြီး သူမ ထိုဥယျာဉ်ကို ပိုမုန်းမိပါသည်။ ပြုံးနေလိုက်ကြတာ။ ပျော်နေလိုက်ကြတာ။ ဦးထင်စိုးထည် မျက်နှာကြီးကလည်း ပါးစပ်နားရွက်တက်ချိတ်





နေသည်။ သူရော ဘာထူးလဲ ပြုံးနေတယ်လေ။ ဒါပေမဲ့ သူ့အပြုံးတွေ သိပ်မပီပြင်တာ သူမ သိပါသည်။ အေးပေါ့လေ။ ခတ္တတော့ အသည်းကွဲနေဦးမှာပေါ့။ နောက်တော့လည်း သူတို့ဥယျာဉ်ဟာ ရိုးရာမပျက် စိမ်းလန်းသွားမှာပါ။ သူမလို သစ်ရွက်ခြောက်ကတော့ လေနှင်ရာသို့သာလွင့်။

❖ ✧ ❖



www.burmeseclassic.com

www.burmeseclassic.com



သူ့မင်္ဂလာဆောင်ကို လက်ဖွဲ့ဖို့ ပါဆယ်ထုပ်ကို မြန်မာပြည်က ပန်းချီသင်ပေးတဲ့ တပည့်တစ်ယောက်ဆီမှာ ပေးခဲ့ပြီးသားပါ။

သူ့ပုံဆွဲထားတဲ့ ပန်းချီကားကိုမြင်ရင် သူ သဘောပေါက်မှာပါ။ ချစ်လွန်းလို့ နာကျင်မှုကိုလည်း အတူမျှဝေခံစားမှာပါ။

ဒါပေမဲ့ ထိုအတောအတွင်းမှာ အပြောင်းအလဲများ ဖြစ်ပေါ်ခဲ့ပါသည်။

သူမရဲ့တပည့်မလေး ဖုန်းဆက်လာသည်။

"ဆရာမ… ဆရာမအမေ ကားအက်ဆီးဒန့်ဖြစ်ပြီး ဆေးရုံတင်ထားရတယ်"

"ဟုတ်လား"

"ဟုတ်ကဲ့… အခြေအနေ သွားစုံစမ်းကြည့်တော့ ခြေထောက်ကျိုးသွားတယ်တဲ့"

"ဟင်"





ဒီမေမေလေ။ ကိုယ့်ကိုမွေးထားတဲ့ မိခင်ရင်း။ သူမ ဘယ်လိုစိတ်နဲ့ ဥပေက္ခာဆက်ပြုနိုင်မလဲ။

"မမဖြူ လာခဲ့ပါဦး မမဖြူရယ်။ ညီမလေးတစ်ယောက်တည်း ကြောက်တယ်"

"အေး… အေး… မမ လာခဲ့မယ်နော်၊ ဦးထင်ရော လာလား"

"ဖေဖေလည်း နေ့တိုင်းလာပါတယ်။ သူနာပြုလည်းငှားပေးထားတယ်။ ဒါပေမဲ့ ညီမလေး အားငယ်တယ်၊ မမဖြူ ပြန်လာနော်။ မေမေ့ ခြေထောက်က ဖြတ်ရမယ်တဲ့ အီးဟီး"

"အေးပါ မငိုနဲ့ မမ လာခဲ့ပါ့မယ်"

ဒီလိုနဲ့ အနည်ထိုင်နေတဲ့ ဘဝလေး ပြည်တော်ပြန်ဖို့ အကြောင်းဖန်လာတယ်။ သူမ ရန်ကုန်မြေကို ခြေချတဲ့နေ့က သူတို့မင်္ဂလာဆောင်ဖို့ နှစ်ရက်အလို။

သူမတပည့်လေးကို တိုက်ခန်းကြိုရှာထားခိုင်းခဲ့သည်။ သူမ တိုက်ခန်းရောင်းပြီး ထွက်သွားတာကိုး။ သူမမိခင်ရဲ့ အခန်းမှာတော့ ပထွေးဖြစ်သူရဲ့အရိပ်နဲ့ မကင်းတာမို့ လုံးဝသွားဖို့ စိတ်မကူးပါ။

တိုက်ခန်းမှာ အထုပ်အပိုးတွေ ဝင်ထားပြီး ဆေးရုံသွား။



www.burmeseclassic.com

www.burmeseclassic.com



"မမဖြူ"

"သမီးကြီး"

ခုတင်ပေါ်မှာ နွမ်းလျသော၊ စိတ်ဓာတ်ကျသော မျက်နှာနှင့် မေမေ။ သူမ ရောက်သွားချိန်မှာတော့ ဦးထင် ရှိမနေ တာလည်း မင်္ဂလာတစ်ပါးပါ။

"မေမေ"

"မေမေ့ မကောင်းမှုတွေက မေမေကို ဒဏ်ခတ်ပြီ သမီးကြီးရယ်

"မဆိုင်ပါဘူး မေမေရယ်"

"မေမေ့ခြေထောက်တွေ နှစ်ဖက်စလုံး ကြေသွားတယ်။ နှစ်ဖက်စလုံး ဖြတ်ရမယ်တဲ့"

"ခြေထောက်မရှိလည်း အသက်ရှင်နိုင်ပါတယ် မေမေရယ်"

"သမီးရယ်... မေမေသာ ခြေထောက်ဖြတ်လိုက်ရရင် ကိုထင်လည်း လာမှာမဟုတ်တော့ဘူး"

"သူ မလာလည်း ဘာဖြစ်လဲ မေမေ။ သမီး ရှိပါတယ်။ သမီး မေမေနဲ့ အတူနေပေးမှာပေါ့"

"သမီးကို မေမေ ဒုက္ခမပေးရက်ပါဘူး သမီးရယ်။ သမီး အပေါ် တစ်ချက်ကလေးမှ မကောင်းခဲ့တဲ့ မေမေက ခုချိန်ကျမှ သမီးကို ဒုက္ခပေးဦးမယ်ဆိုရင် မေမေ ဘယ်လိုလုပ် တရားပါ့မလဲလေ။ မေမေ့ဒဏ် မေမေခံရတာပါ။ ဖေဖေချစ်





တစ်ယောက် သူ့သားမင်္ဂလာပွဲအတွက် ဂုဏ်ယူမော်ကြွားနေချိန် မေမေ့မှာတော့ အမှောင်ထဲမှာ ထပ်ရှုံးပြန်ပြီ သမီးကြီးရယ်။ မေမေ မကောင်းဘူး။ မေမေ မကောင်းတာ။ မေမေကြောင့် သမီးကြီး စိတ်ဆင်းရဲရ။ မေမေ့ကြောင့် သမီးကြီးဖေဖေ သူတော်ကောင်းကြီး စိတ်ဆင်းရဲရ။ အဲဒီ ဒဏ်တွေကို အခု မေမေ ခံနေရပါပြီ သမီးရယ်၊ မေမေ ခံနေရပါပြီ"

"ပြီးသွားတာတွေ ပြောမနေပါနဲ့တော့ မေမေရယ်။ အခု မေမေ နေကောင်းအောင်ပဲနေပါ မေမေရယ်... နော်"

"ငါ့သမီးလေး လိမ္မာလိုက်တာ။ မေမေ့လို တာဝန်မကျေတဲ့ အမေဆီ ပြန်လာသေးတယ်။ မေမေ စိတ်မကောင်းပါဘူး သမီးရယ်။ ဟင်း... ဟိုကောင်လေးက သူဌေးသမီးနဲ့ ယူတော့မှာ သမီးရဲ့"

"အဲဒါတွေလည်း မတွေးပါနဲ့တော့ မေမေ။ ကိုယ့်အချိန်နဲ့ကိုယ်။ ကိုယ့်စိတ်နဲ့ကိုယ် စိတ်ကူးယဉ်တာတောင် စိတ်ဆင်းရဲစရာတွေ မတွေးဘဲ စိတ်ချမ်းသာစရာတွေ တွေးတာ ကောင်းပါတယ် မေမေ။ စိတ်ဆင်းရဲစရာတွေ လုံးဝ မစဉ်းစားဘဲ စိတ်ချမ်းသာစရာပဲ တွေးပါ"

"ဟင်း ဟင်း... မေမေ အဲဒီလိုပဲ တစ်သက်လုံးတွေးလာတာပါ သမီး။ ဘယ်သူသေသေ ငတေမာရင်ပြီးရောဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



ထုံး နှလုံးမူပြီး မေမေ့တစ်သက်လုံး စိတ်ချမ်းသာအောင် နေခဲ့တာ။ ခုတော့…”

“ခုလည်း အဲသလိုပဲ ဆက်တွေးလိုက်ပါ မေမေ”

“အခုတော့ မေမေ နားလည်ပါပြီ သမီးရယ်။ ဘယ်သူ သေသေ ငတေမာရင် ပြီးရောဆိုတဲ့စိတ်ထက် ဘယ်သူမှ မသေဘဲ ငတေမာတာကမှ တကယ်ကောင်းမွန်တဲ့ ဘဝ နေထိုင်မှုဆိုတာ မေမေ ကောင်းကောင်း သဘောပေါက် ပါပြီ။ မေမေ့မကောင်းမှုတွေကို သမီးတို့သားအဖက အပြစ် မယူပေမယ့် ကံကြမ္မာကတော့ ကောင်းကောင်းကြီးကို ဒဏ်ခတ်လိုက်ပြီ သမီးရဲ့… ဟီး ဟီး”

❖ ✧ ❖





ဦးထင်စိုးထည် ရောက်လာချိန်မှာ မေမေက အိပ် ပျော်နေသည်။ မနက်ဖြန် သူ့သားမင်္ဂလာဆောင်တော့မှာ။ ဒါပေမဲ့ ရောက်လာပေးသည်။ ဝမ်းသာသင့်သလား။ ဒေါ်ဖေဖေချစ် ဘက်က တွေးရင်တော့ မတရားဘူး ထင်ပါရဲ့။

“သမီး… ခဏလောက် စကားပြောရအောင်”

ဦးထင်စိုးထည်က သူမကို အမြဲ သမီးဟုပဲ ခေါ်ခဲ့ ပါသည်။ သူမအတွက်တော့ ပထွေးက ပထွေးပါပဲ။ ပထွေးက ဘယ်တော့မှ အဖေ ဖြစ်လာမှာ မဟုတ်။

“သမီး… သမီးမေမေ အခြေအနေ မကောင်းဘူး”

“ရှင်”

“အတွင်းကြေ သဘောမျိုးလည်း ဒဏ်ထိထားသေးတယ်”

“ရှင်”

“သမီးငယ်လေးကိုတော့ မပြောထားဘူး”

သူမရင်ထဲ ဘယ်လိုကြီး ဖြစ်သွားမှန်း မသိ။ သူမ က ခြေထောက်ကျိုးရုံပဲ ထင်ထားတာ။



www.burmeseclassic.com

www.burmeseclassic.com



"ဦးထင်လည်း တော်တော်လေး စိတ်မကောင်း ဖြစ်မိပါ
တယ် သမီး။ တစ်ဖက်မှာလည်း သားမင်္ဂလာဆောင်
သားနဲ့ပတ်သက်ပြီးတော့လည်း သမီးကို အားနာ…"

"ရပါတယ်။ အဲဒီကိစ္စကို စိတ်ထဲမထားပါနဲ့။ အခုအရေး
ကြီးတာ မေမေပဲ"

"ဟုတ်တယ် သမီး။ သမီးမေမေ အခြေအနေမကောင်း
ဘူး။ ဒါပေမဲ့ သားမင်္ဂလာပွဲမှာ ဦးထင် မရှိလို့ မဖြစ်ဘူး"

"ကျွန်မ နားလည်ပါတယ်"

"ဦးထင် မင်္ဂလာပွဲကိစ္စတွေရှိလို့ မနက်ဖြန် နေ့လယ်ဘက်
ပွဲရယ် ညဘက် ညစာစားပွဲရယ်ပြီးမှ လာနိုင်မယ် သမီး
ရယ်"

"ရပါတယ် ဦးထင်။ ကျွန်မ နားလည်ပါတယ်"

"အစစအရာရာအတွက် အားနာပါတယ် သမီးရယ်"

"ရပါတယ်"

ဦးထင်စိုးထည် ပြန်သွားတော့ မေမေ့နား ပြေး
သည်။ မေမေ အိပ်ပျော်နေခဲ့သည်။ အထူးကုဆေးရုံကို တင်
မယ့် ရန်ကုန်ဆေးရုံကြီးကိုပဲ ပြန်လွှဲခဲ့တာ မေမေ့အခြေအနေ
တော်တော်မကောင်းလို့လေ။

မြန်မာပြည်မှာ လက်ရှိအခြေအနေများတော့ ဘယ်
အထူးကုဆေးရုံ ဘယ်လောက်ပဲသန့်သန့်၊ ဘယ်လောက်ပဲ ခေ





ကြီးကြီး ကုသမှုပိုင်းမှာတော့ ရန်ကုန်ဆေးရုံကြီးကို မမီပါ။
အထူးကုဆေးရုံတွေက မနိုင်တဲ့အခါ ရန်ကုန်ဆေးရုံကြီးကိုပဲ
ပြန်လွှဲတာပါပဲ။

မေမေမက်တဲ့ ငွေတွေ ဂုဏ်တွေကလည်း မေမေ့ကို
မကယ်နိုင်တော့ဘူးလေ။

သူမ မေမေ့ကိုကြည့်ပြီး သံဝေဂတွေ ရနေမိသည်။
ငွေတွေ ဂုဏ်တွေကိုလည်း ကြောက်ရွံ့သလို ခံစားရသည်။ သူမ
တကယ် ကြောက်မိပါသည်။

❖ ✧ ❖



www.burmeseclassic.com

www.burmeseclassic.com



မနက်စောစော မေမေ အမောတွေ ဖောက်လာသည်။ တာဝန်ကျ ဆရာဝန်တွေကို ပြေးခေါ်တော့ မေမေ့ကို အောက်ဆီဂျင် လာချိတ်ပေးသည်။ ပြီးတော့ ဆေးတွေထိုးသည်။ လက်ကလည်း ဆေးတွေချိတ်သည်။ ဒါပေမဲ့ မေမေ မသက်သာပါ။

"သမီးကြီး"

"ပြောလေ မေမေ"

"ကိုထင်... ကိုထင့်ကို ခေါ်..."

"ဟုတ် မိမေ၊ ခေါ်ထားပါတယ်၊ ဦးထင် လာလိမ့်မယ်နော်"

"သမီးကြီး... သမီးငယ်ကို ဂရုစိုက်"

"စိတ်ချပါ မေမေရယ်။ မေမေသာ သက်သာအောင်နေနော်"

"ဟင်း... အား... ကျွတ် ကျွတ်... သမီး... ကိုထင် မလာသေးဘူးလား၊ အမေ မောလိုက်တာ သမီးရယ်၊ မောတယ်"





တညည်းညည်းတညူညူနဲ့ ဝေဒနာ ခံစားနေရသည်။

အမေ့ကိုကြည့်ပြီး ညီအစ်မနှစ်ယောက် မျက်ရည်တွေ ကျရှဲသည်။

"ကိုထင်... ကိုထင်... အား... ကျွတ်... ကျွတ်"

အမေမေဟာ သူ သိပ်အားကိုးတဲ့ ယောကျ်ားကို တနေသည်။ ဦးထင်ကတော့ သူ့သားရဲ့ ကြီးကျယ်ခမ်းနားလှတဲ့ မင်္ဂလာပွဲကြီးကို ရောက်နေရောပေါ့။

ထိုစဉ်မှာပဲ သူမဖုန်း ထမြည်လာသည်။

"ဆရာမ"

"ဟုတ်... ပြောလေ"

"လက်ဖွဲ့ပို့ပြီးပြီနော်"

"ကျေးဇူးပါပဲ ဒါလီရေ"

"ရပါတယ် ဆရာမရယ်"

သူမရင်ထဲမှာ တဆစ်ဆစ် နာကျင်ရသည်။ အမေက ဆေးရုံပေါ်မှာ နေ့လား ညလား စောင့်နေရချိန် အရှုံးစ်ရဆုံးသူက မင်္ဂလာပွဲကြီး ကျင်းပနေသည်။ သူမရင်ထဲမှာ မနာကျင်နိုင်တော့လောက်အောင် ထုံတုံတုံကြီး ဖြစ်နေသည်။ ညီမလေးကလည်း သူမလက်ကို အားကိုးတကြီး ဆုပ်ကိုင်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



အမေ့ခမျာ ဝေဒနာကို မချိမဆံ့ ခံစားနေရသည်။ ညီမလေးကလည်း ငိုနေသည်။ အမေ့အဖြစ်တွေကို ညီမလေး မမြင်စေချင်သဖြင့် ညီမလေးကို အခန်းအပြင် ခေါ်ထုတ်လာလိုက်သည်။

ဖေဖေ သေတုန်းက မေမေ့လောက် မခံစားရ။ မကောင်းမှုရဲ့ အပြစ်ဒဏ်ကို မသေခင်တောင် ဒီလောက်ခံစားရသတဲ့ ဘုရားကွယ်။

"ညီမလေး အပြင်မှာနေခဲ့နော်။ မမကြီး အမေ့နားသွားလိုက်ဦးမယ်"

"မမကြီး… မေမေ သက်သာသွားမှာပါနော်"

သူမ မျက်ရည်ဝဲသွားသလား မသိ။

"သက်သာသွားမှာပါ ညီမလေးရယ်… နော်။ မေမေ သက်သာမှာပါ"

ထိုစဉ်မှာပဲ…

သူနာပြုဆရာမတစ်ယောက် ထွက်လာကာ…

"ဒေါ်ချိုချို ဆုံးသွားပါပြီ"

"ရှင်"

ယောင်ယမ်းပြီး နာရီကြည့်မိလိုက်တော့ ဆယ်နာရီ။ ဒီအချိန်ဟာ နိမိတ်ကောင်း ယူချင်သူတွေအတွက် အချိန်ကောင်း အခါကောင်း အခါတော်ပေးချိန်များလား။





ကိုယ့်ကိုယ်ကိုယ် သတိမထားမိချိန်မှာ မျက်ရည်တွေ ကျနေသလား။ ညီမလေးကို ကြည့်လိုက်တော့ သူမကို ကြည့်နေသည်။ မျက်ရည်ပေါက်ကြီးတွေနဲ့။

"မမကြီး ညီမလေး ဘယ်သူနဲ့ နေရမှာလဲဟင်"

"မမကြီးနဲ့ နေရမှာပေါ့ ညီမလေးရယ်။ မမကြီး ညီမလေးကို ခေါ်ထားမှာပေါ့ ညီမလေးရယ်"

အဝတ်ဖြူ လွှမ်းထားတဲ့ မေမေ့ရုပ်အလောင်းကို လှပ်မကြည့်ချင်တော့။ မေမေ ကောင်းရာမွန်ရာ ရောက်ပါစေ၊ မေမေ ငြိမ်းချမ်းပါစေဟု ဆုတောင်းနေမိသည်။

သူမက ကျိတ်ရှိုက်သည်။ ညီမလေးက အော်ငိုသည်။

"အီး… ဟီး… မမကြီးရေ… သမီး ဘယ်သူနဲ့ နေရမှာလဲ မမကြီးရဲ့"

ငိုပါ ညီမလေးရယ်။ ဘဝဆိုရာ ရယ်ခြင်းနဲ့ ငိုခြင်း နှစ်ခုတည်းနဲ့ပဲ တည်ဆောက်ထားတာလေ။

❖ ✧ ❖



www.burmeseclassic.com

www.burmeseclassic.com



သူမက ထိုနေ့က မေမေ့ကို ချက်ချင်း သင်္ဂြိုဟ်ဖို့ စီစဉ်တော့ ညီမလေးက လက်မခံ။ ညီမလေးက သူမဖခင်ကို အကြောင်းကြားဖို့ လုပ်တော့လည်း သူမ လက်မခံ။

"တို့ညီအစ်မ မေမေ့ကို ဒီနေ့ပဲ သင်္ဂြိုဟ်လိုက်ရအောင်နော်"

"ဟင့်အင်း… ဒီနေ့ မသင်္ဂြိုဟ်နိုင်ဘူး မမ။ ဖေဖေမပါဘဲ မသင်္ဂြိုဟ်နိုင်ဘူး။ ဖေဖေက မမအတွက် သူစိမ်းပေမယ့် ဖေဖေက မေမေ့ယောကျ်ား၊ ညီမလေးရဲ့ ဖေဖေပါ မမရယ်၊ မရက်စက်ပါနဲ့"

"မေမေ့ကို ညီမလေးတို့ သားအဖတွေ ပိုင်ခဲ့တာ ကြာပြီ။ ဒီနေ့တော့ မမအလှည့်ပဲ။ မေမေ ရှင်သန်နေစဉ်တုန်းက ညီမလေးတို့ စိတ်ကြိုက် ချစ်ခဲ့ပြီးပြီ။ အခု မေမေသေပြီ။ မေမေ့ကို မမစိတ်ကြိုက် သင်္ဂြိုဟ်ခွင့်ပေး"

"မလုပ်ပါနဲ့ မမရယ်၊ မေမေ့နောက်ဆုံးခရီးကို ဖေဖေနဲ့ အတူ သင်္ဂြိုဟ်ခွင့်ပေးပါ မမရယ်။ ဖေဖေ လိုက်မပို့တဲ့





ခရီး မေမေလည်း သွားရတာ ဖြောင့်မှာမဟုတ်ပါဘူးလေ မမရဲ့။ ညီမလေးကို သနားပါ မမရယ်။ ညီမလေး ဖေဖေ့ဆီ ဖုန်းဆက်လိုက်မယ်နော်"

"မဆက်နဲ့၊ သူများတွေ မင်္ဂလာယူနေတယ်လေ။ မေမေသေတာထက် တရားဝင်သားရဲ့မင်္ဂလာပွဲက ပိုအရေးကြီးတယ်နော်။ သွားမဆက်နဲ့"

"အီး ဟီး ဟီး"

"စိတ်မကောင်း ဖြစ်သွားလား ညီမလေး။ ဆောရီးပဲ။ မမရင်ထဲကို ဝင်ခံစားကြည့်ပါဦး။ ငွေကြောင့် မမ မိသားစုပြိုကွဲခဲ့ရတယ်။ ငွေကြောင့် အမေ့ကို ဆုံးရှုံးရတယ်။ အဲဒီနောက်ဆက်တွဲကြောင့် ချစ်သူကိုပါ ဆုံးရှုံးရတယ်။ မုန်းတယ်။ ဦးထင်ကိုလည်း မုန်းတယ်။ ချမ်းသာကြွယ်ဝသူတိုင်းကိုလည်း မုန်းတယ်။ နောက်ဆုံး ငါ့ချစ်သူကိုပါ ငါ မုန်းတယ်။ ငါ ဘာရခဲ့လဲ။ ငါ ဘာတွေ ပိုင်ဆိုင်ခဲ့လဲ။ ဟင်… ညီမလေး။ ငါ့ကို တစ်ခါလောက်လေး စိတ်တိုင်းကျခွင့်ပေးစမ်းပါ"

"ဒါဆို ညီမလေးကရော။ ညီမလေးကရော ပျော်နေတယ်လို့ မမ ထင်လို့လား"

"ဟင်"

"အဖေကို အဖေလို့ ရဲရဲတင်းတင်း သွေးသားတော်စပ်ခွင့်မရတဲ့ တိတ်တိတ်ပုန်းသမီးတစ်ယောက် ဘဝက ပျော်



www.burmeseclassic.com

www.burmeseclassic.com



စရာကောင်းလောက်အောင် ပြီးပြည့်စုံတယ် ထင်လို့လား မမ… ဟင်၊ ပြီးတော့… မေမေ။ မေမေကရော ပျော်နေတယ် ထင်လို့လား။ ဒါပေမဲ့ မေမေက သူရွေးတဲ့လမ်းကို သူ လျှောက်တာ။ ညီမလေးက ကိုယ်မရွေးခဲ့တဲ့လမ်းကို ကံကြမ္မာအရ လျှောက်ခဲ့ရတာ။ ချိုတယ် ထင်လို့လား မမရယ်။ ညီမလေးရော ဘာတွေများ ရခဲ့လို့လဲ။ ဒါပေမဲ့ ညီမလေး ဖေဖေ့ကို မမုန်းပါဘူး။ မေမေ့ကိုလည်း မမုန်းပါဘူး။ ဒါဟာ ညီမလေးရဲ့အတိတ်က ဝဋ်ကြွေးကြောင့်လို့ပဲ သတ်မှတ်တယ် မမ။ မမရော ညီမလေးပါ ဝဋ်ကြွေးတွေ ပါခဲ့လို့ပါ မမရယ်။ မုန်းပါ မမ။ မမ မုန်းချင်သလိုမုန်းလို့ရတယ်။ ဒါပေမဲ့ ဝဋ်ကြွေးတွေတော့ ထပ်မယူပါနဲ့တော့ မမရယ်။ မေမေ့ကို ဖေဖေလာမှ သင်္ဂြိုဟ်ရအောင်နော်"

"ဟား… နင် ဘာလို အဲဒီလောက် သိတတ်လိမ္မာနေရတာလဲ"

"ဝဋ်ကြွေးတွေကို ကြောက်လို့ပါ မမရယ်။ အတိတ်က အပြစ်တွေကို ဒီဘဝမှာပဲ ကျေအောင်ဆပ်ပြီး နောက်ဘဝတော့ အေးအေးချမ်းချမ်း နေချင်လို့ပါ"

"အီး ဟီး ဟီး"

ခုမှ သူမ အော်ငိုရတဲ့ အလှည့်ပါ။





ထိုနေ့က မေမေ့ကို သူမတို့ မသင်္ဂြိုဟ်ဖြစ်ပါ။ ဦးထင်ကိုလည်း ဖုန်းမဆက်ဖြစ်ပါ။ သို့သော်လည်း ဦးထင်ကတော့ ညဆယ့်တစ်နာရီခန့်မှာ ဖုန်းဆက်လာပါသည်။

"သမီး မေမေ့အခြေအနေ ဘယ်လိုလဲ"

"မေမေ မနက်ကပဲ ဆုံးသွားပါပြီ"

"ဟာ"

ဦးထင် တိတ်ဆိတ်သွားသဖြင့် သူမလည်း ဖုန်းချလိုက်သည်။ ဖုန်းကိုပါ ပိတ်ပစ်လိုက်သည်။ ညီမလေးဖုန်းကို အစောကြီးတည်းက ပိတ်ထားသည်။ ညီမလေးကို အိပ်ဆေးတိုက်ပြီး သိပ်ထားပေမယ့် သူမကတော့ အိပ်မပျော်ပါ။ ဒီနေ့ မေမေဆုံးတယ်။ ဒီအချိန် အချစ်ဦးရဲ့မင်္ဂလာဦးည။

❖ ✧ ❖



www.burmeseclassic.com

www.burmeseclassic.com



မနက်ကျတော့ ဖုန်းဖွင့်ဖွင့်ချင်း Message ဝင်လာသည်။

ဦးထင်ဆီကပါ။ သူ့ဆီ ဖုန်းဆက်ခိုင်းတာ။ ဦးထင်ကို ဖုန်းဆက်ပြီး ရေဝေးကို ချိန်းလိုက်သည်။ ညှော်ပရိသတ်မဖိတ်ထားသော မေမေ့နောက်ဆုံးခရီးစဉ်ကို မေမေနှင့် အမိကသာဆိုင်သူ သုံးယောက်ပဲ လိုက်ပို့မှာပါ။

ဦးထင်ရယ်။ သူမရယ်။ ညီမလေးရယ်။

ဦးထင်က သူမကို အပြစ်တင်ချင်ပုံ။

"ဘာလို့ ဖြစ်သလိုကြီး စီစဉ်လိုက်တာလဲ ဝတ်မှုံဖြူ။ ဦးထင်လာမှ စီစဉ်ပေးမှာပေါ့"

"မလိုပါဘူး ဦးထင်။ အမိက မေမေ့ကို သရဏဂုံတင်ပေးဖို့ပါပဲ"

ဦးထင် ဘာမှဆက်မပြောတော့။ မေမေ့ကို မီးသင်္ဂြိုဟ်စက်ထဲသွင်းတော့ ညီမလေးက အော်ငိုသည်။ သူမက အသံမထွက်ဘဲ ကျိတ်ငိုသည်။ ဦးထင်က...





"သွားပြီပေါ့ ချို။ ချိုရေ... ချို ကိုယ့်အပေါ် ကောင်းခဲ့ပါတယ်။ ကိုယ်က ချို့နောက်ဆုံးအချိန်တောင် အနားမှာ မရှိခဲ့ဘူး။ ကိုယ့်ကို ခွင့်မလွှတ်ပါနဲ့ ချိုရေ။ ချိုရေ... ချို့ကို ကိုယ် ချစ်ပါတယ်။ ချို ကြားနိုင်ရင် နားထောင်ပါဦး မိန်းမရေ။ ချို ကောင်းရာမွန်ရာ ရောက်ပါစေလို့ ကိုယ် ဆုတောင်းပေးပါ့မယ် ချို။ ချို့သမီးနှစ်ယောက်ကိုလည်း ကိုယ် စောင့်ရှောက်ပါ့မယ် ချို"

ဦးထင် မျက်ရည်ဝဲနေရင်း တတွတ်တွတ် ပြောနေသည်။

သူမတို့ မေမေ့ကို ကန်တော့ပြီးချိန်မှာတော့ မေမေ့ကို မီးသင်္ဂြိုဟ်စက်ထဲ ထည့်လိုက်ကြပြီ။ ဘယ်အပေါင်းအသင်း မိတ်ဆွေကိုမှ မဖိတ်ထားတဲ့ နာရေးသတင်းစာထဲလည်း ပါမှာမဟုတ်ပါ။

ဒီလိုနဲ့ပဲ ဒေါ်ချိုချိုဟာ ကမ္ဘာမြေပေါ်ကနေ မထင်မရှား ပျောက်ကွယ်သွားပြီ။

"သမီးတို့နှစ်ယောက်အတွက် ဒယ်ဒီ တာဝန်ယူတယ်နော်။ သမီးတို့ နာမည်တွေနဲ့ Bank account တစ်ခုစီ ဖွင့်ပေးထားမယ်။ လစဉ် အသုံးစရိတ်လည်း ပေးမယ်။ သမီးတို့ လိုအပ်တာလည်း ပြောနော်။ ဒယ်ဒီ အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးမယ်။ သမီးကြီးဝတ်မှုံ ညီမလေးနဲ့ အတူနေပေးနော်"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါ ဦးထင်။ ညီမလေးကို ကျွန်မ တာဝန်ယူပါတယ်။ ဒါပေမဲ့ ဦးထင်ဆီက အထောက်အပံ့တော့ မယူပါဘူး။ ကျွန်မ နိုင်ငံခြားကို ပြန်မယ်။ ညီမလေးကလည်း ကျွန်မနဲ့ လိုက်မယ်တဲ့"

"သမီးငယ် ကျောင်းတစ်ပိုင်းတစ်စနဲ့ဆိုတော့ မဖြစ်သေးဘူးလေ။ သမီးငယ်က နောက်နှစ်ဆို ဆယ်တန်း။ ဆယ်တန်းအောင်ပြီးမှပဲ စင်ကာပူကို try ပေးလို့ ရမှာ"

"ဒါဆိုရင်လည်း ဒီနှစ်နှစ်ကို သူ့ကို ဘော်ဒါအပ်ထားလိုက်ပါ။ ညီမလေးကျောင်းပြီးရင် ကျွန်မ လာခေါ်မယ်"

"သမီးကြီးရော အဆင်ပြေရဲ့လား"

"ပြေပါတယ်၊ ကျွန်မနဲ့ လောကဓံက သူငယ်ချင်းတွေလေ ဟင်း ဟင်း..."

"ရှိုက သမီးကြီးကို မပူပင်မကြောင့်ကြရအောင် ထားပေးချင်ခဲ့တာ။ သမီးကို အဖေ တစ်ယောက်လို အစစအရာရာ ဖြည့်ဆည်းပေးချင်တယ်။ ရှို့ဆန္ဒကို ဖြည့်ပေးချင်တာရယ်။ သမီးကိုလည်း တကယ့်သားသမီးတစ်ယောက်လို သဘောထားလို့ပါ"

"ကျေးဇူးတင်ပါတယ် ဦးထင်။ ကျွန်မက ဦးထင်ကို အဖေမတော်ချင်ဘူး။ ပထွေးလည်း မတော်ချင်ဘူး။ ဟင်း ဟင်း... ကျွန်မက ဦးထင်ကို ယောက္ခမတော်ချင်တာ... ဟင်း ဟင်း... ဟား ဟား"





"သမီးရယ်"

သူမရဲ့ စင်ကာပူ အပြန်ခရီးက ရင်ဗလာနဲ့ပါ။ သူမ ညီမလေးကို ပြန်ခေါ်တဲ့ တစ်ခေါက်ကလွဲရင် မြန်မာပြည်ကို ပြန်ဖြစ်ပါ့မလားတောင် မသိ။

ထိုတစ်ခေါက်တောင် သူမ ပြန်ချင်စိတ် မရှိရင် ညီမလေးကို စင်ကာပူလေဆိပ်ကပဲ စောင့်နေဖြစ်မယ် ထင်ပါသည်။

မိဘ၊ ချစ်သူ၊ ဥစ္စာပစ္စည်း ပိုင်ဆိုင်မှု စသဖြင့် မြန်မာပြည်မှာ သူမနဲ့ သက်ဆိုင်သောအရာ ဘာမှမရှိ ဗလာနတ္ထိ။

❖ ✧ ❖



www.burmeseclassic.com

www.burmeseclassic.com



မေကိုက လက်ဖွဲ့ပစ္စည်းတွေ ဖောက်ရအောင်ဆိုလို့သာ ထိုင်ဖောက်နေရတာ စိတ်မပါ။

“ဟယ်... ကိုကို့ပုံတူ ပန်းချီကားလေးတော့”

“ဟင်”

ရင်တွေ ဒိန်းခနဲ ခုန်သွားသည်။

“ဘယ်သူ လက်ဖွဲ့တာလဲ မသိဘူး။ နာမည်လည်း မပါဘူး။ ပန်းချီကားက လက်မှတ်လည်း မပါဘူးနော်”

သူ ပန်းချီကားကို ငေးသွားသည်။ သူရယ်မောနေပုံက အသက်ဝင်လိုက်တာ။ သေချာတာက ဒီပုံကို ဓာတ်ပုံရိုက်ပြီး ဆွဲခဲ့တာ မဟုတ်။ အလွတ်ဆွဲထားတာ။ သူ ရယ်နေတဲ့ပုံ ကို အလွတ်ရခဲ့တယ် ဆိုတော့...။

သူ ရင်ကွဲသွားသည်။

“ကိုကို... မဟုတ်မှလွဲရော ကိုကို့ကောင်မလေးများ လက်ဖွဲ့လေသလား”

“မေကိုရယ်... ကိုကို့မှာ အဲလောက်ချစ်ရတဲ့သူရှိရင် မေကို့ကိုတောင် လက်မထပ်ဘူး”





ညာလိုက်ရတာ ရင်ထပ်နာသည်။

“ဒါဆို ဘယ်သူပေးတာလဲ မသိဘူးနော်”

“ကိုကို့ကို Supprise လုပ်ချင်တဲ့ အသိတစ်ယောက်ယောက် လက်ဖွဲ့တာ ဖြစ်မှာပေါ့”

“ပုံလေးက တကယ်အသက်ဝင်တယ်နော် ကိုကို။ ဘယ်သူက ဘယ်လိုရည်ရွယ်ချက်နဲ့ပဲပေးပေး ပုံလေးကို သဘောကျလို့ မေကို့ရုံးခန်းမှာ ချိတ်ထားမယ်နော် ကိုကို။ ဒါမှ ရုံးမှာ မောရင် ဒီပုံတူလေးကြည့်ပြီး အမောဖြေမလို့”

သူ ဘယ်လိုငြင်းနိုင်စွမ်း ရှိပါ့မလဲ။ သူ့နဖူးကို နမ်းသွားကတည်းက သံသယဝင်ခဲ့တာ ခုတော့ သေချာသွားခဲ့ပြီ။ သူမသည်လည်း သူ့ကို သိပ်ချစ်ခဲ့ပုံပဲ။

ဒါနဲ့များကွာ။

မင်း,သာ ချစ်မှန်း သိခဲ့ရင် ကိုယ် မင်းကိုရအောင် လက်ထပ်ပြီး အားလုံးနဲ့ ဝေးရာကို ထွက်ပြေးမိမှာ။ ခုတော့ကွာ။

ကြေကွဲပြီ။ သူ ကြေကွဲရပါပြီ။ သူ အသည်းတွေ ထပ်ကာကွဲရပြန်ပြီ။

အနမ်းတစ်ပွင့်ရယ်။

**ပန်းချီကားတစ်ချပ်ရယ်။**

နန်းမထိုက်တဲ့ ပန်းကလေးက ချန်ထားခဲ့ပြီ။ ဟုတ်တယ်။ သူမဟာ နန်းမထိုက်တဲ့ အပယ်ခံပန်းကလေး။ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



သူမဟာ သူတို့ မိသားစုကို သိပ်မုန်းတဲ့ ပန်းကလေး။ သူကတော့ သူမမုန်းတဲ့ ဥယျာဉ်ကြီးထဲမှာ သက်မဲ့ကျောက်ရုပ်ကြီး တစ်ရုပ်လို ဘဝကို အဓိပ္ပာယ်မဲ့စွာ ဖြတ်သန်းရင်း ကိုယ့်ကိုယ်ကိုယ် ခတ်ထားတဲ့ဒဏ် ကို ခါးသီးစွာ ခံစားရင်း... ...။

ဘယ်ပန်းမဆို အင်အားရှိသလောက် အစွမ်းကုန် ပွင့်ချင်တာပဲ။ ဒါပေမဲ့ တချို့မြက်ပန်းလေးတွေ ဥယျာဉ်ထဲမှာ ရှင်သန်ခွင့် မရသလို၊ တချို့တောပန်းလေးတွေကျတော့ ဥယျာဉ် ထဲမှာ မရှင်သန်နိုင်ဘူး။ တချို့ပန်းတွေကို ဥယျာဉ်ကမုန်းပြီး တချို့ပန်းတွေက ဥယျာဉ်ကို မုန်းသတဲ့လေ။

BURMESE CLASSIC

P.S ။ ။ ချစ်ပရိသတ်ကြီးရှင့်။
"ပန်းမုန်းတဲ့ဥယျာဉ်"ရဲ့ ကံနဲ့ ဝဋ်ကြွေး
အကျိုးအပြစ်ကို ခံစားကျေနပ်နိုင်ပါစေလို့
ဆန္ဒပြုရင်း....

မွေးမြေလန်းဆန်း ဘဝပန်းကို
ထာဝရ ပန်ဆင်နိုင်ပါစေ

ရွှန်းရမီမိုး
7th Dec' 15
(Monay)

www.burmeseclassic.com